# ကြေးမုံ The Mirror Daily

၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။ Established in 1957

၁၃၈၅ ခုနှစ်၊ ပြာသိုလဆန်း ၅ ရက်၊ တနင်္လာနေ့။ Monday, 15 January 2024 ၁၁၃၄၁


**သွားလေရာအရပ်၌**
**အပူဇော်ခံရ**

သဒ္ဓါတရားလည်းရှိ၊ သီလနှင့်လည်းပြည့်စုံ၊ အခြံအရံလည်းများ၊ စည်းစိမ်ဥစ္စာလည်း ရှိသောသူသည် သွားလေရာအရပ်၌ အပူဇော်ခံရ၏။

ပကိဏ္ဏကဝဂ် (ဓမ္မပဒ - ၃၀၃)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ်(၅)ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံးတည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျုံးဝင်သော စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအားမြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျန မှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# တိုင်းရင်းသားစည်းလုံးညီညွတ်ရေးစိတ်ဓာတ်နှင့် ပြည်ထောင်စုစိတ်ဓာတ်အခြေခံကောင်းများ ပွားများဖြစ်ထွန်းအောင် ကြိုးပမ်း

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ**
**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်**
**ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်ထံမှ**
**(၇၂)နှစ်မြောက် ကယားပြည်နယ်နေ့အခမ်းအနားသို့ ပေးပို့သည့် သဝဏ်လွှာ**

(၂၀၂၄ ခုနှစ်၊ ဇန်နဝါရီလ ၁၅ ရက်)

ချစ်ခင်လေးစားအပ်ပါသော ကယားပြည်နယ်အတွင်းရှိ တိုင်းရင်းသားပြည်သူညီအစ်ကိုမောင်နှမများ ခင်ဗျား-

ယနေ့ဇန်နဝါရီလ(၁၅)ရက်နေ့သည် ကယားပြည်နယ်အတွင်းရှိ တိုင်းရင်းသား ညီအစ်ကိုမောင်နှမများနှင့် ကယားတိုင်းရင်းသားများအတွက် မင်္ဂလာအပေါင်းနှင့်ပြည့်စုံသော ကယားပြည်နယ်နေ့ဖြစ်ပါသည်။

စာမျက်နှာ ၃ ကော်လံ ၁ သို့ ☆

## ယနေ့ ဖတ်စရာ

**မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား ဖူးမြော်ကြည်ညိုရတဲ့အချိန်မှာ နိုင်ငံတော်အကြီးအကဲရဲ့ သာသနာအပေါ်ထားတဲ့ စိတ်ဓာတ်ကို ရှေးသာသနာပြုမင်းတွေကဲ့သို့ အလေးအနက်ထားမှု၊ ကြည်ညိုသဒ္ဓါပွားမှုကို တွေ့မြင်ရပါတယ်။**

တွေ့ဆုံမေးမြန်း စာမျက်နှာ » ၈



**နိုင်ငံများအကြား ပထဝီနိုင်ငံရေးအရ အားပြိုင်မှုများ၊ တင်းမာမှုများ ကြီးကြီးမားမား ဖြစ်ပေါ်နေသည်ဖြစ်ရာ အဆိုပါအချက်များက ကုလသမဂ္ဂအဖွဲ့ကြီး၏ ရှေ့ခရီးအတွက် ရတက်မအေးစရာဖြစ်**

ဆောင်းပါး စာမျက်နှာ » ၁၀

**ဒီဇင်ဘာ ၃၀ ရက်မှ ဇန်နဝါရီ ၅ ရက်အထိ ပြည်ပပို့ကုန်တင်ပို့မှု အမေရိကန်ဒေါ်လာ ၂၃၄ သန်းကျော်ရရှိ**

စာမျက်နှာ » ၁၂

**အီသီယိုးပီးယားနိုင်ငံ စက်မှုဥယျာဉ်များ၌ ရင်းနှီးမြှုပ်နှံရန် သဘောတူလက်မှတ်ရေးထိုး**

စာမျက်နှာ » ၁၃



## ရွှေစက်တော်ဘုရား တည်းကျောင်း၊ ဈေးဆိုင်များဆောက်လုပ်ခြင်းနှင့် အဆင့်မြှင့်တင်ခြင်းလုပ်ငန်းများ အချိန်မီပြီးစီးနိုင်ရေး ဆောင်ရွက်လျက်ရှိ

မင်းဘူး ဇန်နဝါရီ ၁၄

မကွေးတိုင်းဒေသကြီး မင်းဘူး(စကု) မြို့နယ်ရှိ သမိုင်းဝင် ရွှေစက်တော်ဘုရားကြီး တည်းကျောင်းများနှင့် ဈေးဆိုင်တန်းများဆောက်လုပ်ရန် မြေနေရာသတ်မှတ်ခြင်းနှင့် အဆင့်မြှင့်တင်ခြင်းလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

စာမျက်နှာ ၅ ကော်လံ ၁ သို့ ❐

**နိုင်ငံ့စီးပွားရေးတွင် ဒစ်ဂျစ်တယ်စီးပွားရေး (Digital Economy) သည် အဓိကကျသည့်မဏ္ဍိုင်တစ်ခုဖြစ်သည်။ ဒစ်ဂျစ်တယ်ကုန်သွယ်ရေး (Digital Trade) နှင့် အီလက်ထရွန်နစ်စီးပွားရေးကို အောင်မြင်စွာ အကောင်အထည်ဖော်သွားနိုင်ရန် မလိုလားအပ်သည့်ဖြစ်ရပ်များကို တားဆီးနိုင်ရန်အတွက် ဥပဒေ၊ စည်းမျဉ်းများနှင့် ထိန်းကျောင်းသွားရန်လိုအပ်**

ဆောင်းပါး စာမျက်နှာ » ၆

ကြေးမုံ

# တန်ဖိုးမဲ့မှတန်ဖိုးရှိအောင် လက်တွေ့အသုံးချ

လောကတွင် တန်ဖိုးမရှိသောအရာတို့ကို အလေးမထား ပစ်ပယ်လေ့ရှိရာမှ ထိုတန်ဖိုးမရှိသောအရာကို အလေးထားအသုံးချသောအခါ တန်ဖိုးရှိသောအရာ ဖြစ်လာသည်ကို လက်တွေ့သိရှိလာကြပေသည်။ ကမ္ဘာပေါ်၌ တန်ဖိုးမရှိဆုံးအရာမှာ အမှိုက်ဟုဆိုကြပြီး လူတို့မလိုအပ်သော စွန့်ပစ်အမှိုက်သရိုက်ပစ္စည်း အားလုံးပါဝင်သည်။ အထူးသဖြင့် မီးဖိုချောင်သုံးအမှိုက်သရိုက်ပစ္စည်းများကို လူတို့နေ့စဉ်စွန့်ပစ်ကြပြီး နေ့စဉ်ထွက်ရှိသောအမှိုက်များဖြင့် ပတ်ဝန်းကျင်ညစ်ညမ်းမှုကိုဖြစ်ပေါ်လျက်ရှိသည်။

တန်ဖိုးမရှိသော အမှိုက်သရိုက်များကို သုတေသနပြု၍ တီထွင်ဆန်းသစ်မှုပြုသောအခါ လူသားတို့အတွက် တန်ဖိုးရှိသောအရာများ ပြန်လည်ဖြစ်ပေါ်လာပြီး ပတ်ဝန်းကျင်ညစ်ညမ်းမှုကို ထိရောက်စွာတားဆီးဆောင်ရွက်လာနိုင်သည်။ ကမ္ဘာပေါ်ရှိ ဖွံ့ဖြိုးတိုးတက်သည့်နိုင်ငံများ၌ စွန့်ပစ်အမှိုက်များမှ လောင်စာစွမ်းအင်နှင့် လူသုံးကုန်များ ပြန်လည်ထုတ်လုပ်လာကြသည်ကို တွေ့ရသည်။ မြန်မာနိုင်ငံအနေဖြင့် စွန့်ပစ်အမှိုက်များကို ဖြေရှင်းဆောင်ရွက်ရာ၌ အလေ့အကျင့်ကောင်းများမရှိခြင်း၊ သယ်ယူပို့ဆောင်မှုနှင့် ကုန်ကျစရိတ်များပြားခြင်း၊ တီထွင်ဆန်းသစ်မှုမရှိခြင်း စသည်တို့ကြောင့် တန်ဖိုးမဲ့သောအရာများ တန်ဖိုးရှိအောင် အသုံးချနိုင်မှုအားနည်းနေသည်ကိုတွေ့ရသည်။

မြို့ပြဒေသများမှ လူတို့နေ့စဉ်စွန့်ပစ်သောအမှိုက်သရိုက်များအနက် ဥပမာအားဖြင့် စက္ကူ၊ ပလတ်စတစ်ပစ္စည်း၊ ဖန်၊ သတ္တုစသည့်ပစ္စည်းများကိုသာ အမှိုက်ကောက်သူတို့နှင့် စွန့်ပစ်အဟောင်း ပြန်လည်ဝယ်သူတို့မှတစ်ဆင့် အမှိုက်အားလုံး၏ ၁၀ ရာခိုင်နှုန်းကိုသာ ပြန်လည်အသုံးချမှုများရှိပြီး ကျန်အမှိုက် ၉၀ ရာခိုင်နှုန်းကို စည်ပင်သာယာအဖွဲ့များက နေ့စဉ်သိမ်းဆည်းပြီး မြို့ပြင်အမှိုက်ပုံကြီးများတွင် စုပုံထားရသည်။ ယခုအခါ စည်ပင်သာယာအဖွဲ့နှင့် လုပ်ငန်းကုမ္ပဏီများပူးပေါင်း၍ စွန့်ပစ်အမှိုက်များကိုအသုံးပြုပြီး လောင်စာစွမ်းအင်ထုတ်လုပ်သော လုပ်ငန်းများ ဆောင်ရွက်နေပြီဟုသိရသည်။

မြို့ပြများတွင် လူဦးရေတစ်နေ့တခြား တိုးပွားလာသည်နှင့်အတူ စွန့်ပစ်အမှိုက် ပြဿနာများမှာလည်း ကြီးမားလာသည်။ အကျိုးဆက်မှာ ပြည်သူများ ကျန်းမာရေးနှင့် မြေထု၊ ရေထုညစ်ညမ်းမှုအန္တရာယ်များနှင့်ကြုံတွေ့လာသည်။ ကမ္ဘာ့ဘဏ်၏ အစီရင်ခံစာအရ မြန်မာနိုင်ငံတွင် နှစ်စဉ်အမှိုက်တန်ချိန်ပေါင်း ၁၀ ဒသမ ၅ သန်းထွက်ရှိပြီး အမှိုက်အများစုမှာ ရန်ကုန်၊ မန္တလေးကဲ့သို့ မြို့ကြီးများမှ ထွက်ရှိသောအမှိုက်များဖြစ်သည်။ ရန်ကုန်တိုင်းဒေသကြီးတွင် ထိန်ပင်၊ ထားဝယ်ချောင်၊ ရွှေပြည်သာ၊ မင်္ဂလာဒုံ၊ ဒလနှင့် ဆိပ်ကြီးခနောင်တိုဟူ၍ အဓိကအမှိုက်စွန့်ပစ်ရာနေရာခြောက်ခုရှိခဲ့ပြီး အဆိုပါအမှိုက်စုပုံရာနေရာများသည်ပင် အမှိုက်များ တစ်နေ့တခြားများပြားလာသည့်အတွက် စိန်ခေါ်မှုများရှိနေသည်။

စွန့်ပစ်အမှိုက်များအား ပြန်လည်အသုံးချရေးဆောင်ရွက်ရာ၌ အဓိကစိန်ခေါ်မှုမှာ ပြည်သူများအနေဖြင့် အမှိုက်စို၊ အမှိုက်ခြောက် ခွဲခြားစွန့်ပစ်ရေးအလေ့အထအားနည်းနေခြင်းဖြစ်သည်။ ရောသမမွှေသည့်အမှိုက်များကို ပြန်လည်အသုံးချရာ၌ အခက်အခဲများစွာရှိသည်။ လျင်မြန်စွာကြီးထွားနေသည့် အမှိုက်ပြဿနာကို ဖြေရှင်းရာ၌ ကုန်ကျစရိတ်များပြားမှု၊ အများပြည်သူ အသိစိတ်ဓာတ်နှင့်ပါဝင်ဆောင်ရွက်မှု၊ အနည်းဆုံးလျှော့ချနိုင်မည့် နည်းပညာနှင့် စွန့်ပစ်နည်းစနစ်အားနည်းချက်များကို ဖြေရှင်းဆောင်ရွက်ပြီး အမှိုက်မှ လောင်စာစွမ်းအင်ထုတ်လုပ်မှုကို ထိရောက်စွာဆောင်ရွက်နိုင်မည်ဆိုပါက ပြည်သူများအတွက် များစွာအကျိုးရှိမည်ဖြစ်သည်။

မည်သို့ပင်ဖြစ်စေ နိုင်ငံတော်အစိုးရက စွန့်ပစ်အမှိုက်မှ လျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးစီမံကိန်းများကို ကြိုးပမ်းအကောင်အထည်ဖော်နေသည်။ လှိုင်သာယာမြို့နယ်တွင် ထိန်ပင်အမှိုက်ပုံရှိ အမှိုက်များမှ အပူနှင့်လျှပ်စစ်စွမ်းအင်ထုတ်လုပ်ခြင်း၊ CNG ထုတ်လုပ်ခြင်းနှင့် စွမ်းအားဖြည့်လောင်စာတောင့်ထုတ်လုပ်ခြင်းတို့ကို အကောင်အထည်ဖော်လျက်ရှိသည်။ ထိန်ပင်အမှိုက်ပုံကို ၂၀၀၀-၂၀၀၁ ခုနှစ်တွင် စတင်အသုံးပြုခဲ့ပြီး ဧက ၂၄၀ ခန့်အကျယ်ရှိသည်။ ဧက ၁၄၀ ကျော်တွင် အမှိုက်များ စုပုံခဲ့ပြီး ဧက ၁၀၀ နီးပါး၌ အမှိုက်များနေ့စဉ်စုပုံလျက်ရှိရာ နောင်ကာလများတွင် အမှိုက်စုပုံပြည့်လာမည်ဖြစ်ရာ စွန့်ပစ်အမှိုက်များမှ လောင်စာစွမ်းအင်ထုတ်လုပ်မှုစီမံကိန်း အမြန်ဆုံးအကောင်အထည်ပေါ်အောင် ကြိုးပမ်းဆောင်ရွက်ရမည်ဖြစ်သည်။

၂၀၁၂ ခုနှစ်အကုန်က နောက်ဆုံးစွန့်ပစ်အမှိုက်ပုံကြီးနှစ်ခုဖြစ်သော ထိန်ပင်နှင့်ထားဝယ်ချောင်စွန့်ပစ်အမှိုက်ပုံမှ စွန့်ပစ်အမှိုက်မှ စွမ်းအင်ထုတ်လုပ်ခြင်းနည်းစဉ်ဖြစ်သည့် အမှိုက်မီးရှို့ခြင်းနှင့်အမှိုက်တစ်လွှာ၊ မြေကြီးတစ်လွှာဖုံးအုပ်သည့်စနစ်အကောင်အထည်ဖော်ရန် တင်ဒါခေါ်ယူခဲ့ရာ အောင်မြင်ခြင်းမရှိခဲ့ပေ။ ၂၀၁၆ ခုနှစ်တွင် ဂျပန်နိုင်ငံအစိုးရနှင့်ပူးပေါင်းကာ အမှိုက်မှစွမ်းအင်ထုတ်လုပ်သည့် စက်ရုံတစ်ရုံကို ရွှေပြည်သာ မဟုတ် လှော်ကားတွင် တည်ဆောက်ခဲ့သည်။ ရန်ကုန်မြို့မှထွက်ရှိသည့် အမှိုက်တန်ချိန် ၆၀ ကို စက်ရုံတွင်မီးရှို့၍ လျှပ်စစ်ဓာတ်အား ကီလိုဝပ် ၇၀၀ ထုတ်လုပ်နိုင်ပြီး ၃၀၀ ကီလိုဝပ်ကို စက်ရုံအတွက်၊ ၄၀၀ ကီလိုဝပ်ကို ရောင်းချရန်ဆောင်ရွက်ခဲ့သည်။

သို့ဖြစ်ရာ နေ့စဉ်မြင့်မားနေသည့်အမှိုက်ပြဿနာကို ဖြေရှင်းနိုင်ရန်၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်လူမှုဘဝအထောက်အကူပြုရေးအတွက် အသုံးမဝင်သည့် စွန့်ပစ်အမှိုက်များကို အသုံးဝင်အကျိုးရှိလာအောင် ဝိုင်းဝန်းပူးပေါင်းလက်တွဲ ကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း။ ။

# တိုက်ကြီးမြို့နယ်၌ ရှေးဦးပြုစုခြင်း (အခြေခံ)သင်တန်း ဖွင့်လှစ်




**တိုက်ကြီး ဇန်နဝါရီ ၁၄**

ရန်ကုန်တိုင်းဒေသကြီး တိုက်ကြီးမြို့နယ်တွင် မြို့နယ်ကြက်ခြေနီအသင်းခွဲနှင့် အရန်မီးသတ်တပ်ဖွဲ့တို့ ပူးပေါင်း၍ ရှေးဦးပြုစုခြင်း (အခြေခံ)(၁/၂၀၂၄) သင်တန်းဖွင့်ပွဲကို အိုးတန်းရပ်ကွက်ရှိ ရွှေဂျိုးဖြူခန်းမ၌ ဇန်နဝါရီ ၁၂ ရက်က ကျင်းပသည်။

ဦးစွာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအောင်ကျော်စိုးက အဖွင့်အမှာစကားပြောကြားပြီး သင်တန်းအတွက် ထောက်ပံ့ငွေများ ပေးအပ်သည်။ ဆက်လက်၍ မြို့နယ်ကြက်ခြေနီအသင်းခွဲဥက္ကဋ္ဌ ဦးငွေဝင်းက အမှာစကားပြောကြား၍ မြို့နယ်ကြက်ခြေနီတပ်ဖွဲ့မှူး ဦးဇော်ထွန်းက သင်တန်းဖွင့်လှစ်ရခြင်း ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားသည်။

အဆိုပါ ရှေးဦးပြုစုခြင်း (အခြေခံ) သင်တန်းတွင် သင်တန်းသား ၃၀ တက်ရောက်ကြကာ ကြက်ခြေနီအကြောင်း သိကောင်းစရာများ၊ ရှေးဦးပြုစုခြင်း အခြေခံသဘောတရား၊ အခြေခံ အသက်ကယ် အထောက်အကူပြုစုနည်း စသည့်ဘာသာရပ်များကို သုံးရက်ကြာ ဆွေးနွေးပို့ချသွားမည်ဖြစ်ကြောင်း သိရသည်။

မြင့်ဦး

# သမဝါယမလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကွင်းဆင်းဆောင်ရွက်




**တောင်ကြီး ဇန်နဝါရီ ၁၄**

ရှမ်းပြည်နယ် သမဝါယမလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပြည်နယ်ဦးစီးမှူး ညွှန်ကြားရေးမှူး ဦးကျော်မိုးတင့်က ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဆီဆိုင်မြို့နယ်ရှိ သမဝါယမဦးစီးဌာန ဝန်ထမ်းများနှင့် မြို့နယ်သမဝါယမ အသင်းစု အမှုဆောင်များအား ကွင်းဆင်း တွေ့ဆုံခြင်းကို ဆီဆိုင်မြို့နယ်သမဝါယမ ဦးစီးဌာနရုံးခန်းမ၌ ပြုလုပ်ပြီး သမဝါယမ အသင်းဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံး/လုပ်နည်း၊ ညွှန်ကြားချက်များ လိုက်နာဆောင်ရွက်ရန်နှင့် မိုးစပါး၊ နွေစပါးများ စိုက်ပျိုးမှုများအား လျာထားချက် ပြည့်မီအောင် ဆောင်ရွက်နိုင်ရေးအတွက် မှာကြားခဲ့သည်။

ဆက်လက်၍ ဆီဆိုင်မြို့နယ် သမဝါယမ အသင်းစုပိုင်ခြိနှင့် ဘန်းယဉ်ကျေးရွာရှိ လွယ်မောတောင်လယ်ယာနှင့် အထွေထွေစီးပွားရေး သမဝါယမအသင်းနှင့် နောင်မွန်ကျေးရွာရှိ ရွှေပဒေသာ လယ်ယာနှင့် အထွေထွေစီးပွားရေး သမဝါယမအသင်းတို့မှ ပိုင်ဆိုင်သော အသင်းပိုင် အဆောက်အအုံများကို အသင်းဆိုင်ဖွင့်လှစ်နိုင်ရေး အသင်းအမှုဆောင်များအား မှာကြားခဲ့ကြောင်း သိရသည်။

သတင်းစဉ်

# ချောင်းဆုံမြို့နယ်၌ သဘာဝဘေးဒဏ်ခံနိုင်သော ရပ်ရွာအသိုက်အဝန်းဖြစ်ပေါ်စေရေး ပြုပြင်ရေးလုပ်ငန်းများနှင့် အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်

**ချောင်းဆုံ ဇန်နဝါရီ ၁၄**



မွန်ပြည်နယ်ချောင်းဆုံမြို့နယ်တွင် သဘာဝဘေးကျရောက်လျှင် ကြံ့ခိုင်မှုမရှိသော နေအိမ်များအား မိုးကြိုကာလ လေဘေးကြိုတင်ကာကွယ်ရေး အားဖြည့်ပြင်ဆင်ခြင်းလုပ်ငန်းများကို ပြည်နယ်ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာနမှ ဦးဆောင်မှုဖြင့် မြို့နယ်ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာန ဝန်ထမ်းများက ဇန်နဝါရီ ၉ ရက်မှ စတင်ဆောင်ရွက်လျက်ရှိရာ ဇန်နဝါရီ ၁၄ ရက်တွင် ခရိုက်နီးဟုကျေးရွာတွင် နေအိမ်ပြုပြင်ရေးလုပ်ငန်းများနှင့် အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

အဆိုပါ ကွင်းဆင်းဆောင်ရွက်သည့်လုပ်ငန်းများကို မြို့နယ်အတွင်းရှိ ဘေးသင့်နိုင်သည့် ပင်လယ်ကမ်းစပ်ကျေးရွာများဖြစ်သည့် ဆယ်ပလာ၊ ဇီးကုန်း၊ ခရိုက်နီးဟုနတ်မော်နှင့် ချောင်းဆုံအနောက်ရပ်ကွက်တို့ရှိ ဆင်းရဲနွမ်းပါးပြီး ကြံ့ခိုင်မှုမရှိသောနေအိမ်များကို ကျေးရွာတစ်ရွာလျှင် အိမ်ခြေ ၁၀၀ နှုန်းဖြင့် စုစုပေါင်း အိမ်ခြေ ၅၀၀ ကို ဆောင်ရွက်လျက်ရှိကြောင်း၊ မြို့နယ်(ဘေး/စီမံ)အဖွဲ့မှ ဝန်ထမ်းများ၊ ကျေးရွာအုပ်ချုပ်ရေးမှူးများ၊ မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့ဝင်များ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ရပ်မိ/ရပ်ဖများနှင့် ဒေသခံပြည်သူများ ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **ချောင်းဆုံ(ပြန်/ဆက်)**

ကြေးမုံ

| | | | | | |
|---|---|---|---|---|---|
| **စာတည်းမှူးချုပ်** | - | ဦးစိုးစိုးနိုင် | **အကြီးတန်း** | - | ဦးစိုးအောင်၊ ဒေါ်စန်းယဉ်ဦး၊ |
| **စာတည်းမှူး** | - | ဦးဝင်းနိုင် | **သတင်းထောက်များ** | | ဒေါ်နေဇာဇာထွန်း၊ ဒေါ်ခင်မို့မို့အောင်၊ |
| **စာတည်းများ** | - | ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ | | | ဒေါ်ခင်မျိုးနိုင်၊ ဒေါ်မာမာစိုး |
| | | ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ | **အငယ်တန်း** | - | ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ |
| | | ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး | **သတင်းထောက်များ** | | ဦးသန်းတင်အောင် |
| | | | **သုတေသန** | - | ဒေါ်ဇင်မာဝင့် |
| **ဘာသာပြန်** | - | ဦးနိုင်လင်းကြည်၊ | **စာပြင်** | - | ဒေါ်မြသီတာနှင့်အဖွဲ့ |
| **စာတည်းများ** | | ဦးအောင်ကျော်ကျော်၊ ဦးစိုးသူရ | **စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း** | - | ဒေါ်မျိုးမျိုးဝင်းနှင့်အဖွဲ့ |
| | | | **အီးမေးလ်နှင့် အွန်လိုင်း** | - | ဦးစိုးချစ်ဦးနှင့်အဖွဲ့ |

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

☆ ရှေ့ဖုံးမှ

ယခုကဲ့သို့ နှစ်သစ်ကူးအခါသမယတွင် ကျရောက်သည့် ကယားပြည်နယ်နေ့၌ ကယား တိုင်းရင်းသားများနှင့် ပြည်ထောင်စုဖွား တိုင်းရင်းသားများအားလုံး ကိုယ်၏ကျန်းမာခြင်း စိတ်၏ ချမ်းသာခြင်းနှင့် ပြည့်စုံကြပါစေကြောင်း ဆုမွန်ကောင်းတောင်းလျက် နှုတ်ခွန်းဆက်သအပ်ပါသည်။

၁၉၄၇ ခုနှစ်၊ ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေအရ ကရင်နီပြည်နယ်သည် ပြည်ထောင်စုမြန်မာနိုင်ငံတော်၏ ပြည်နယ်တစ်ခုအဖြစ် ပါဝင်ခဲ့ပြီး ၁၉၅၁ ခုနှစ်၊ ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေပြင်ဆင်ချက် အက်ဥပဒေအရ လူထုဆန္ဒဖြင့် ၁၉၅၂ ခုနှစ်၊ ဇန်နဝါရီလ ၁၅ ရက်နေ့မှစ၍ ကရင်နီပြည်နယ်မှ ကယားပြည်နယ်အဖြစ် တရားဝင်ပြောင်းလဲခေါ်ဝေါ်ခဲ့ပါသည်။ ထိုသို့ ကယားပြည်နယ်ဟု ပြောင်းလဲခေါ်ဝေါ်ခဲ့သည့်နေ့ရက်ကို **"ကယားပြည်နယ်နေ့"** အဖြစ် သတ်မှတ်ခဲ့ခြင်းဖြစ်ပါသည်။

ကယားပြည်နယ်သည် မြန်မာနိုင်ငံ၏ အရှေ့ပိုင်းတောင်တန်းဒေသဖြစ်ပြီး တောတောင်ရေမြေသဘာဝအလှတရားများ၊ မြေပေါ် မြေအောက်သယံဇာတများပေါကြွယ်ဝကာ ရိုးရာယဉ်ကျေးမှုအလှတရားများဖြင့် သာယာလှပသော ပြည်နယ်ဖြစ်ပါသည်။ ရာသီဥတုမျှတပြီး ဒေသခံတိုင်းရင်းသားများ၏ ရင်းနှီးဖော်ရွေမှု၊ ရိုးသားမှုတို့သည် ပြည်နယ်၏ နှစ်သက်စွဲလမ်းဖွယ်ရာ ဂုဏ်အင်္ဂါများပင်ဖြစ်ပါသည်။ သာယာလှပသည့်ရှုခင်း၊ သန့်ရှင်းသပ်ရပ်သည့် အခင်းအကျင်း၊ တိုင်းရင်းသားတို့၏ ပွင့်လင်းရိုးသားမှု၊ ဒေသခံသားချင်းများက ပြည်နယ်အကျိုးကို ဝိုင်းဝန်းဆောင်ရွက်မှုတို့ကြောင့် ဖွံ့ဖြိုးတိုးတက်ပြီး ခိုင်ခိုင်မာမာရပ်တည်နိုင်ခဲ့သည့် ပြည်နယ်တစ်ခုလည်းဖြစ်ပါသည်။

ထိုသို့ရှိပြီး အခြေခံကောင်းများကို အမိအရဆုပ်ကိုင်၍ ကယားပြည်နယ် တည်ငြိမ်အေးချမ်းဖွံ့ဖြိုးတိုးတက်ရေးအတွက် ပြည်နယ်အတွင်းရှိ တိုင်းရင်းသားပြည်သူများက နိုင်ငံတော်အစိုးရနှင့်အတူ ကြိုးပမ်းဆောင်ရွက်သွားကြရန်နှင့် ထာဝရငြိမ်းချမ်းရေးကို သားစဉ်မြေးဆက် ခံစားနိုင်အောင် တည်ဆောက်သွားကြရန် အထူးလိုအပ်နေချိန်ဖြစ်ပါသည်။

မိမိတို့မြန်မာနိုင်ငံသည် တိုင်းရင်းသားအားလုံး စည်းလုံးညီညွတ်ကြပြီး ကမ္ဘာ့အလယ်တွင် ထည်ထည်ဝါဝါ သိက္ခာရှိရှိ နှစ်ပေါင်းထောင်ချီ လွတ်လပ်စွာ ရပ်တည်နေထိုင်ခဲ့ကြပါသည်။ သို့သော်လည်း နယ်ချဲ့တို့မှ မတရားကျူးကျော်စစ်သုံးကြိမ်ဖြင့် မြန်မာတစ်နိုင်ငံလုံးကို ကိုလိုနီနိုင်ငံအဖြစ် သွတ်သွင်းပြီး ကုပ်သွေးစုပ်ခြယ်လှယ်အုပ်ချုပ်ခဲ့ကြသည်မှာ အားလုံးအသိပင်ဖြစ်ပါသည်။

ထိုသို့ မတရားဖိနှိပ်အုပ်ချုပ်မှုအောက်မှ တိုင်းရင်းသားအားလုံးက မျိုးချစ်စိတ်အပြည့်အဝဖြင့် အသက်သွေးချွေးမြောက်မြားစွာ ပေးဆပ်ကာ လွတ်လပ်ရေးအတွက် တိုက်ပွဲဝင်ကြိုးပမ်းခဲ့ကြပါသည်။ လွတ်လပ်ရေးရချိန်တွင် လွတ်လပ်ရေးနှင့်အတူ နယ်ချဲ့တို့၏ သွေးခွဲအုပ်ချုပ်သည့် အမွေဆိုးကြောင့် ပြည်ထောင်စုကြီးအတွင်း တိုင်းရင်းသားစည်းလုံးညီညွတ်မှုပြိုကွဲကာ ပြည်တွင်းရေးပဋိပက္ခများ ဖြစ်ပေါ်လာခဲ့ပါသည်။ ယခုကာလတွင်လည်း ကယားပြည်နယ်အပါအဝင် အထူးသဖြင့် တိုင်းရင်းသားများ နေထိုင်ရာဒေသများတွင် လက်နက်ကိုင်တိုက်ပွဲများ ဖော်ဆောင်နေခြင်း၊ ဆူပူအကြမ်းဖက်၊ ဖျက်ဆီးနှောင့်ယှက်မှုများကြောင့် ဒေသခံတိုင်းရင်းသားပြည်သူများ ဒုက္ခများစွာခံစားနေကြရပြီး နိုင်ငံအတွက် အန္တရာယ်များလာနိုင်သဖြင့် သက်ဆိုင်သူအားလုံးနှင့် တိုင်းရင်းသားပြည်သူအားလုံးအနေဖြင့် တည်ငြိမ်အေးချမ်းရေးနှင့် ထာဝရငြိမ်းချမ်းရေးအတွက် အလေးထားစဉ်းစားဆောင်ရွက်သင့်ပြီဖြစ်ကြောင်း အသိပေးပြောကြားလိုပါသည်။

ကယားပြည်နယ်တွင်လည်း အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် ဒေသတွင်းတည်ငြိမ်နေမှုများ ပျက်ပြားအောင်ဆောင်ရွက်ခြင်း၊ မြို့ရွာများကို တိုက်ခိုက်ခြင်း၊ လမ်းပန်းဆက်သွယ်ရေးကုန်စည်စီးဆင်းမှုပြတ်တောက်အောင် လမ်း၊ တံတားများကို မိုင်းထောင်ဖောက်ခွဲ ဖျက်ဆီးခြင်းစသည်တို့အပြင် အများပြည်သူပိုင် မော်တော်ယာဉ်များ၊ အဆောက်အအုံများ၊ ဈေးများဖျက်ဆီးခြင်း၊ ဘုန်းကြီးကျောင်းများ၊ ကလေးသူငယ်များ ပညာသင်ကြားနေသော စာသင်ကျောင်းများ၊ ခရစ်ယာန်ဘာသာရေးကျောင်းများ၊ ရုံးအဆောက်အဦများ အစရှိသည်တို့ကို ဖျက်ဆီးခဲ့ခြင်းများသည် လွန်စွာမှ အကျည်းတန်ရုပ်ဆိုးလှပြီး ပြည်သူလူထု အတိဒုက္ခရောက်စေခြင်းကို ဖြစ်ပေါ်စေခဲ့ပါသည်။

ထိုအခြေအနေများ၏ အကျိုးဆက်သည် ကယားပြည်နယ်နှင့် ဒေသခံတိုင်းရင်းသားတို့၏ ကောင်းကျိုးကို ဖော်ဆောင်နိုင်မည်မဟုတ်သကဲ့သို့ နိုင်ငံတော်နှင့် ပြည်သူအားလုံးအတွက် အန္တရာယ်ဖြစ်စေကြောင်း သတိထားဆင်ခြင်နိုင်ကြရန် လိုအပ်ပါသည်။

မိမိတို့ပြည်ထောင်စုဖွား တိုင်းရင်းသားများအနေဖြင့် မတူညီသောမိမိတို့ဆန္ဒများကို ရှေ့တန်းတင်ဆောင်ရွက်နေမည်ဆိုပါက အချင်းချင်းအကြားမပြေလည်မှုများ၊ ပဋိပက္ခများဖြင့် တည်ငြိမ်အေးချမ်းမှုကင်းမဲ့ကာ ဆင်းရဲဒုက္ခများကို ဆက်လက်ရင်ဆိုင်နေကြရမည်သာ ဖြစ်ပါသည်။ ထို့ကြောင့် နိုင်ငံတော်အတွင်း ဖြစ်ပေါ်နေသောအခြေအနေများကို မှန်မှန်ကန်ကန်ရှုမြင်ပြီး ကောင်းကျိုးများဖြစ်ထွန်းလာအောင် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်သွားကြရမည်ဖြစ်ပါသည်။

**ချစ်ခင်လေးစားအပ်ပါသော တိုင်းရင်းသားပြည်သူ ညီအစ်ကိုမောင်နှမများ ခင်ဗျား–**

တိုင်းရင်းသားပြည်သူအားလုံး၏ ဆန္ဒအမှန်မှာ အေးချမ်းသာယာဝပြောရေး၊ တရားဥပဒေစိုးမိုးရေး၊ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးနှင့် စားဝတ်နေမှုဖူလုံရေးပင်ဖြစ်ပါသည်။ နိုင်ငံတော်တည်ငြိမ်အေးချမ်းပြီး တရားဥပဒေစိုးမိုးမှုရှိမှသာ တိုင်းရင်းသားပြည်သူများ အေးချမ်းစွာဖြင့် အသက်မွေးဝမ်းကျောင်းပြုနိုင်ကြမည်ဖြစ်ကာ လူမှုစီးပွားဘဝတိုးတက်လာနိုင်မည်ဖြစ်ပါသည်။ လက်ရှိနိုင်ငံအတွင်း ကြုံတွေ့နေရသော အခက်အခဲများနှင့် ကြမ်းတမ်းခက်ထန်မှုများအတွက် အဓိကကျသောအဖြေမှာ အမျိုးသားရင်ကြားစေ့ရေး၊ စည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးပင်ဖြစ်ပါသည်။ ထို့ကြောင့် ပြည်ထောင်စုအရေး၊ နိုင်ငံရေးနှင့် တိုင်းရင်းသားပြည်သူအားလုံး၏ အရေးကို အလေးပေးကာ တည်ငြိမ်အေးချမ်းရေးနှင့် ထာဝရငြိမ်းချမ်းရေးအတွက် နိုင်ငံတော်အစိုးရ၊ တပ်မတော်နှင့် တိုင်းရင်းသားပြည်သူအားလုံးတို့က လက်တွဲညီစွာဖြင့် ဝိုင်းဝန်းဆောင်ရွက်သွားကြရန် တိုက်တွန်းလိုပါသည်။

နိုင်ငံတော်အစိုးရအနေဖြင့် တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့ကို အမျိုးသားရေးရည်မှန်းချက်အဖြစ် ချမှတ်ဆောင်ရွက်လျက်ရှိပါသည်။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျုံးဝင်သော စိုက်ပျိုးရေးနှင့် မွေးမြူရေးတို့ကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်လာအောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်လာစေရန် အားပေးမြှင့်တင်ဆောင်ရွက်လျက်ရှိပါသည်။ တိုးတက်ကောင်းမွန်လာသော စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ အသေးစား၊ အငယ်စား၊ အလတ်စား စီးပွားရေးလုပ်ငန်း(MSME)များကို အားပေးမြှင့်တင်ပေးလျက်ရှိပါသည်။ တိုင်းရင်းသားပြည်သူအားလုံးက အမျိုးသားရေးရည်မှန်းချက်များ အောင်မြင်ရေး ကျရာကဏ္ဍမှ ပါဝင်ဆောင်ရွက်သွားကြရမည်ဖြစ်ပါသည်။

နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအား အဓိက စွမ်းအားစုအဖြစ်ပါဝင်လာနိုင်ရေး မြှင့်တင်ဆောင်ရွက်ပေးကြရမည်ဖြစ်ပါသည်။ ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးအတွက် လူငယ်လူရွယ်များအပါအဝင် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးသည် အသိပညာ၊ အတတ်ပညာများ၊ စဉ်းစားတွေးခေါ်နိုင်သည့် စွမ်းရည်များပြည့်စုံကြရန်လိုအပ်ပါသည်။ နိုင်ငံတော်အစိုးရအနေဖြင့် ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော် တည်ဆောက်ရေးအတွက် လိုအပ်သည့် လူ့စွမ်းအားအရင်းအမြစ်များ မွေးထုတ်ပေးနိုင်သည့် ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါသည်။

ပညာရေးသည် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးတွင် အခြေခံအုတ်မြစ်ဖြစ်ပါသည်။ ထို့ကြောင့်လည်း လူတိုင်းလက်လှမ်းမီသည့် ဘက်စုံ ပညာရေးစနစ်ကို အကောင်အထည်ဖော်ရေး လူမှုရေးဦးတည်ချက် ချမှတ်ဆောင်ရွက်လျက်ရှိပါသည်။ ကျောင်းနေအရွယ် ကလေးအားလုံး ပညာသင်ယူခွင့်ရရှိရေး၊ အနည်းဆုံး အလယ်တန်းအဆင့်(KG+9) ပြီးမြောက်သည်အထိ ပညာသင်ယူနိုင်ရေး၊ စက်မှုစိုက်ပျိုးရေးနှင့် မွေးမြူရေး အသက်မွေးဝမ်းကျောင်းပညာကို အထက်တန်းအဆင့်တွင် သင်ယူနိုင်ရေးတို့ကို အကောင်အထည်ဖော်လျက်ရှိပါသည်။

လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးရေး၊ ပညာရည်မြင့်မားရေး၊ တိုင်းရင်းသား ညီအစ်ကိုအားလုံး စည်းလုံးညီညွတ်ရေးတို့သည် အမျိုးသားရေးကိစ္စ၊ အမျိုးသားရေး အကျိုးစီးပွားပင်ဖြစ်ပါသည်။ လူငယ်များကို အတတ်ပညာနှင့်အတူ နိုင်ငံချစ်စိတ်၊ မျိုးချစ်စိတ်တို့ ရှင်သန်ကိန်းအောင်းလာပြီး အမှန်နှင့်အမှား၊ အကောင်းနှင့်အဆိုးကို စဉ်းစားဝေဖန်ပိုင်းခြားနိုင်စွမ်းရှိသော ဥပဒေနှင့်စည်းကမ်းများကို လေးစားလိုက်နာပြီး စွမ်းဆောင်ရည်မြင့်မားသည့် နိုင်ငံ့သားကောင်းများဖြစ်လာစေရန် ပြုစုပျိုးထောင်ပေးကြရပါမည်။ သို့မှသာ ဗလငါးတန်နှင့်ပြည့်စုံပြီး စွမ်းဆောင်ရည်မြင့်မားသည့် မျိုးဆက်သစ်များအဖြစ် အနာဂတ်နိုင်ငံတော်ကို ကာကွယ်စောင့်ရှောက်နိုင်ကြမည်ဖြစ်ပါသည်။

**ချစ်ခင်လေးစားအပ်ပါသော တိုင်းရင်းသားပြည်သူ ညီအစ်ကိုမောင်နှမများ ခင်ဗျား–**

ပြည်ထောင်စုကြီး အစွန့်ရှည်တည်တံ့ခိုင်မြဲရေးအတွက် အမျိုးသားရေးတာဝန်ဖြစ်သည့် ဒို့တာဝန်အရေးသုံးပါးကို ဦးထိပ်ထားပြီး တိုင်းရင်းသား ပြည်သူများအကြား တိုင်းရင်းသားစည်းလုံးညီညွတ်ရေးစိတ်ဓာတ်နှင့် ပြည်ထောင်စုစိတ်ဓာတ် အခြေခံကောင်းများ ပွားများဖြစ်ထွန်းအောင် ကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်ပါသည်။

မိမိတို့ ပြည်ထောင်စုဖွားတိုင်းရင်းသား ညီအစ်ကိုမောင်နှမများအကြား အပြန်အလှန်လေးစားမှု၊ နားလည်မှု၊ ယုံကြည်မှုများဖြင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကြီး တည်ဆောက်ကြရာတွင် ကယားပြည်နယ်ရှိ တိုင်းရင်းသားများကလည်း အတွေးအခေါ်အယူအဆ မှန်ကန်စွာဖြင့် စည်းလုံးညီညွတ်စွာဖြင့် ဝိုင်းဝန်းပူးပေါင်းပါဝင်ဆောင်ရွက်သွားကြရန် အလေးအနက်တိုက်တွန်းလျက် သဝဏ်လွှာ ပေးပို့အပ်ပါသည်။

> ❖ **တိုင်းရင်းသားပြည်သူအားလုံး၏ ဆန္ဒအမှန်မှာ အေးချမ်းသာယာဝပြောရေး၊ တရားဥပဒေစိုးမိုးရေး၊ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးနှင့် စားဝတ်နေမှုဖူလုံရေးပင်ဖြစ်၊ နိုင်ငံတော်တည်ငြိမ်အေးချမ်းပြီး တရားဥပဒေစိုးမိုးမှုရှိမှသာ တိုင်းရင်းသားပြည်သူများ အေးချမ်းစွာဖြင့် အသက်မွေးဝမ်းကျောင်း ပြုနိုင်ကြမည်ဖြစ်ကာ လူမှုစီးပွားဘဝတိုးတက်လာနိုင်မည်**
>
> ❖ **လက်ရှိနိုင်ငံအတွင်း ကြုံတွေ့နေရသော အခက်အခဲများနှင့် ကြမ်းတမ်းခက်ထန်မှုများအတွက် အဓိကကျသောအဖြေမှာ အမျိုးသားရင်ကြားစေ့ရေး၊ စည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးပင်ဖြစ်၊ ပြည်ထောင်စုအရေး၊ နိုင်ငံရေးနှင့် တိုင်းရင်းသားပြည်သူအားလုံး၏အရေးကို အလေးပေးကာ တည်ငြိမ်အေးချမ်းရေးနှင့် ထာဝရငြိမ်းချမ်းရေးအတွက် နိုင်ငံတော်အစိုးရ၊ တပ်မတော်နှင့် တိုင်းရင်းသားပြည်သူအားလုံးတို့က လက်တွဲညီစွာဖြင့် ဝိုင်းဝန်းဆောင်ရွက်**

> ❖ **လူ့စွမ်းအား အရင်းအမြစ်ဖွံ့ဖြိုးရေး၊ ပညာရည်မြင့်မားရေး၊ တိုင်းရင်းသား ညီအစ်ကိုအားလုံး စည်းလုံးညီညွတ်ရေးတို့သည် အမျိုးသားရေးကိစ္စ၊ အမျိုးသားရေး အကျိုးစီးပွားပင်ဖြစ်**
>
> ❖ **လူငယ်များကို အတတ်ပညာနှင့်အတူ နိုင်ငံချစ်စိတ်၊ မျိုးချစ်စိတ်တို့ ရှင်သန်ကိန်းအောင်းလာပြီး အမှန်နှင့်အမှား၊ အကောင်းနှင့်အဆိုးကို စဉ်းစားဝေဖန် ပိုင်းခြားနိုင်စွမ်းရှိသော ဥပဒေနှင့်စည်းကမ်းများကို လေးစားလိုက်နာပြီး စွမ်းဆောင်ရည်မြင့်မားသည့် နိုင်ငံ့သားကောင်းများဖြစ်လာစေရန် ပြုစု ပျိုးထောင်ပေး**
>
> ❖ **သို့မှသာ ဗလငါးတန်နှင့်ပြည့်စုံပြီး စွမ်းဆောင်ရည်မြင့်မားသည့် မျိုးဆက်သစ်များအဖြစ် အနာဂတ်နိုင်ငံတော်ကို ကာကွယ်စောင့်ရှောက်နိုင်ကြမည်**

**ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ**
**သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်**
**နိုင်ငံတော်ဝန်ကြီးချုပ်**
**ဥက္ကဋ္ဌ၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

# ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင် ရွှေတိဂုံစေတီတော်မြတ်ကြီးအား ဖူးမြော်ကြည်ညို၍ ရွှေတိဂုံစေတီတော်ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့နှင့်တွေ့ဆုံ

ရန်ကုန် ဇန်နဝါရီ ၁၄

သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင်သည် သာသနာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်နှင့်အတူ ယနေ့မွန်းလွဲပိုင်းတွင် ရွှေတိဂုံစေတီတော်မြတ်ကြီးသို့ ရောက်ရှိပြီး ရွှေတိဂုံစေတီတော်တောင်ဘက်မုခ် ဗောဓိညောင်ပင်ရှိ ဗုဒ္ဓရုပ်ပွားတော်အား ပန်း၊ ရေချမ်း၊ ဆီမီး ဆက်ကပ်လှူဒါန်းသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် ရွှေတိဂုံစေတီတော် ဘဏ္ဍာတော်ထိန်းဂေါပက အဖွဲ့ရုံးအစည်းအဝေးခန်းမ၌ စေတီတော်ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့နှင့် တွေ့ဆုံ၍ ရွှေတိဂုံစေတီတော်မြတ်ကြီး၏ ရေရှည်တည်တံ့ရေးလုပ်ငန်းစဉ်များကို စဉ်ဆက်မပြတ် ဆောင်ရွက်သွားစေလိုကြောင်း၊ ဆက်လက်ဆောင်ရွက်မည့် ရှေ့လုပ်ငန်းစဉ်များကို စီမံချက်ရေးဆွဲ၍ ဆောင်ရွက်ရန် လိုအပ်ကြောင်းနှင့် ဘုရားဖူးပြည်သူများ စိတ်အေးချမ်းသာစွာဖြင့် ဘေးအန္တရာယ်ကင်းစွာ ဖူးမြော်ကြည်ညိုနိုင်ရေး အလေးထား ဆောင်ရွက်သွားစေလိုကြောင်း မှာကြားသည်။



ဆက်လက်၍ အလှည့်ကျသဘာပတိ ဦးမင်းလွင်က နောင်တော်ကြီးစေတီတော်လုံးတော်ပြည့် ရွှေသင်္ကန်းကပ်လှူပူဇော်နိုင်ရေး ပြင်ဆင်ဆောင်ရွက်ထားရှိမှု၊ ဂေါပကအဖွဲ့ဝင် ဦးလှမြင့်က နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်မှာကြားချက်နှင့်အညီ Pagoda Digital Directory စနစ်တွင် ရွှေတိဂုံစေတီတော်၏ ရှေးယခင်ပုံရိပ်များနှင့် ခေတ်အဆက်ဆက် တိုးတက်ပြောင်းလဲလာမှုပုံရိပ်များကို ထည့်သွင်းဆောင်ရွက်ထားရှိမှုနှင့် ဝန်ထမ်းရေးရာကိစ္စရပ်များကို ဂေါပကအဖွဲ့ဝင်များက ရှင်းလင်းတင်ပြရာ ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များ ဖြည့်စွက်ဆွေးနွေး မှာကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ရွှေတိဂုံစေတီတော် အထက်ပစ္စယံရှိ ပတ္တမြားမျက်ရှင် ဗုဒ္ဓရုပ်ပွားတော်အား ဖူးမြော်ကြည်ညို၍ ရင်ပြင်တော်နေပူခံကျောက်ပြား အရောင်တင်ခြင်းလုပ်ငန်း ဆီမီးခုံပတ်လည်ဧရိယာ ၄၉၃ ကျင်းကို ရာနှုန်းပြည့်ဆောင်ရွက်ပြီးစီးမှု၊ ဇရပ်တန်ဆောင်းများရှေ့ဧရိယာ ၉၇၅ ကျင်းနှင့် ဇရပ်၊ တန်ဆောင်းများနောက်ဘက်ဧရိယာ ၁၀၂၈ ကျင်းကို ဆက်လက်ဆောင်ရွက်သွားမည့်အခြေအနေတို့ကို လိုက်လံကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် နောင်တော်ကြီးစေတီတော်နှင့် အရံစေတီတော်များကို လုံးတော်ပြည့်ရွှေသင်္ကန်းတော် ဆက်ကပ်လှူဒါန်းပူဇော်မှုလုပ်ငန်းများ ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေး၍ ဂေါပကအဖွဲ့နှင့်တာဝန်ရှိသူများအား လိုအပ်သည်များ ဖြည့်စွက်မှာကြားခဲ့ကြောင်း သိရသည်။

သတင်းစဉ်

# အမျိုးသားစာပေတစ်သက်တာဆု၊ ဂုဏ်ထူးဆောင်ဘွဲ့နှင့် တံဆိပ်ရရှိသူများအား ထပ်ဆင့်ဂုဏ်ပြုပွဲကျင်းပ

ရန်ကုန် ဇန်နဝါရီ ၁၄

စာတတ်မြောက်ရေးနှင့် ဒေသဖွံ့ဖြိုးမှုကူညီရေးအဖွဲ့က ကြီးမှူးကျင်းပသည့် နိုင်ငံတော်ကချီးမြှင့်သော အမျိုးသားစာပေတစ်သက်တာဆု၊ ဂုဏ်ထူးဆောင်ဘွဲ့နှင့် တံဆိပ်ရရှိသူများအား ထပ်ဆင့်ဂုဏ်ပြုပွဲ အခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် ရန်ကုန်မြို့ ဇီဝိတဒါန သံဃာ့ဆေးရုံကြီး မင်္ဂလာခန်းမ၌ ကျင်းပသည်။




အခမ်းအနားတွင် စာတတ်မြောက်ရေးနှင့် ဒေသဖွံ့ဖြိုးမှုကူညီရေးအဖွဲ့ဥက္ကဋ္ဌ ဦးမျိုးသန့်က အဖွင့် နှုတ်ခွန်းဆက်စကား ပြောကြားသည်။

ထို့နောက် ဆရာမကြီး ဒေါ်ရွှေကူနန်းနွဲ့နွဲ့က မင်္ဂလာတေးထပ်ဖြင့် ဂုဏ်ပြုသီဆိုပြီး စာတတ်မြောက်ရေးနှင့် ဒေသဖွံ့ဖြိုးမှုကူညီရေးအဖွဲ့ ဒုတိယဥက္ကဋ္ဌ ဆရာကြီး ဦးအောင်ကြည်၊ မြန်မာနိုင်ငံစာရေးဆရာအသင်းအတွင်းရေးမှူး မောင်ငြိမ်းသူ (ကြို့ပင်ကောက်) တို့က နိုင်ငံတော်က ချီးမြှင့်သော ဆုရရှိသူပုဂ္ဂိုလ်များ၏ အတ္ထုပ္ပတ္တိအကျဉ်းကို ဖတ်ကြားကြသည်။

ယင်းနောက် ရန်ကုန်တိုင်းဒေသကြီး သယံဇာတရေးရာဝန်ကြီး ဦးဇော်ဝင်း၊ စာတတ်မြောက်ရေးနှင့် ဒေသဖွံ့ဖြိုးမှုကူညီရေးအဖွဲ့ဥက္ကဋ္ဌ ဦးမျိုးသန့်နှင့် တာဝန်ရှိသူများက ဂုဏ်ပြုခံဆရာကြီး ဆရာမကြီးများအား အမှတ်တရ ဂုဏ်ပြုလက်ဆောင်များ ပေးအပ်ကြသည်။

ဆက်လက်၍ ဂုဏ်ပြုခံဆရာမကြီးများ ဖြစ်ကြသည့် ဆရာမကြီး ဒေါ်ပို၊ဆရာမကြီး ဒေါ်မြမြဝင်းတို့က ဩဝါဒစကား ပြောကြားကြသည်။ ယနေ့ အခမ်းအနားတွင် စာတတ်မြောက်ရေးနှင့် ဒေသဖွံ့ဖြိုးမှုကူညီရေးအဖွဲ့က (၇၆)နှစ်မြောက် လွတ်လပ်ရေးနေ့တွင် နိုင်ငံတော်မှ သိပ္ပကျော်စွာဘွဲ့ ချီးမြှင့်ခြင်းခံရသော အသုံးလုံးဖခင်ကြီး ဦးသံဇျင်၊ ဝဏ္ဏကျော်ထင်ဘွဲ့ ချီးမြှင့်ခြင်းခံရသော နာယကကြီး ဒေါက်တာ ဦးသန်းဦး(၂၀၂၂ ခုနှစ်အမျိုးသားစာပေတစ်သက်တာဆုရှင်)၊ လူမှုထူးချွန်ဆု (ပထမဆင့်) ရရှိကြသော နာယက ပါမောက္ခဆရာမကြီး ဒေါက်တာဒေါ်ပို၊ ပါမောက္ခဆရာမကြီး ဒေါ်မြမြဝင်း၊ ဒုတိယဥက္ကဋ္ဌဒေါက်တာမြင့်သိန်း၊ ပထမဆုံး အသုံးလုံး လုပ်အားပေးကျောင်းသားဟောင်း ဆရာကြီး ဦးသန့်ရှိန်တို့အား ဂုဏ်ပြုချီးမြှင့်ခဲ့ကြကြောင်း သိရသည်။

ကိုကိုဇော်(သတင်းစဉ်)

# ဘင်္ဂလား ပင်လယ်အော် အခြေအနေ

နေပြည်တော် ဇန်နဝါရီ ၁၄

ဘင်္ဂလား ပင်လယ်အော်မြောက်ပိုင်းတွင် အများအားဖြင့် သာယာနေပြီး ကပ္ပလီပင်လယ်ပြင်မြောက်ပိုင်းနှင့် ဘင်္ဂလား ပင်လယ်အော် အလယ်ပိုင်းတို့တွင် တိမ်အနည်းငယ် ဖြစ်ထွန်းကာ ကပ္ပလီပင်လယ်ပြင်တောင်ပိုင်းနှင့် ဘင်္ဂလားပင်လယ်အော် တောင်ပိုင်းတို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းနေသည်။

မိုး/ဇလ

# နေပြည်တော် ပြည်ထောင်စုနယ်မြေ အခြေခံစာတတ်မြောက်ရေးလုပ်ငန်း စာသင်ဝိုင်းများတွင် သင်ကြားနေမှုများ လိုက်လံကြည့်ရှုအားပေး

နေပြည်တော် ဇန်နဝါရီ ၁၄

အခြေခံစာတတ်မြောက်ရေးလုပ်ငန်းနှင့် စဉ်ဆက်ပညာရေးလုပ်ငန်းကြီးကြပ်မှု ဗဟိုကော်မတီအတွင်းရေးမှူး ပညာရေးဝန်ကြီးဌာန ကျောင်းပြင်ပနှင့် တစ်သက်တာပညာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်ဝင်းသည် ဒုတိယညွှန်ကြားရေးမှူးချုပ်(ပညာ) ဒေါက်တာ ဝင်းဖေ၊ ခရိုင်၊မြို့နယ်ပညာရေးမှူးများ၊ အထွေထွေအုပ်ချုပ်ရေးမှူးများ၊ တာဝန်ရှိသူများနှင့်အတူ ယမန်နေ့မွန်းလွဲပိုင်းတွင် ကျေးလက်ဒေသနေ ပြည်သူများနှင့် တိုင်းရင်းသားပြည်သူများ စာတတ်မြောက်ရေး ကဏ္ဍတစ်ခုဖြစ်သည့် အခြေခံစာတတ်မြောက်ရေးလုပ်ငန်းဆောင်ရွက်လျက်ရှိသော ပြည်ထောင်စုနယ်မြေ စာသင်ဝိုင်းများတွင် စာသင်သားများသင်ကြားနေမှုများကို သွားရောက်ကြည့်ရှုအားပေးသည်။

ဦးစွာ ညွှန်ကြားရေးမှူးချုပ်နှင့်တာဝန်ရှိသူများသည် ဒက္ခိဏသီရိမြို့နယ် ရန်အောင်မြင် ဘုန်းတော်ကြီးကျောင်းရှိ စာသင်ဝိုင်းသို့သွားရောက်၍ အဆိုပါ စာသင်ဝိုင်းများတွင် သင်ကြားသင်ယူနေမှုများနှင့် စာသင်သားများ၏ စာတတ်မြောက်မှုအခြေအနေများကို ကြည့်ရှုအားပေးသည်။ ထို့နောက် စာသင်ဝိုင်းအတွက် စာရေးကိရိယာများ ပေးအပ်၍ လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ထိုမှတစ်ဆင့် လယ်ဝေးမြို့နယ်ရှိ အခြေခံပညာအထက်တန်းကျောင်းခွဲ(စည်ပိုင်း) စာသင်ဝိုင်းနှင့် အေလာရွာမဘုန်းတော်ကြီးကျောင်းရှိ စာသင်ဝိုင်းသို့ သွားရောက်၍ အဆိုပါ စာသင်ဝိုင်း၌ စာတတ်မြောက်ရေး သင်ကြားသင်ယူလျက်ရှိသည့် စေတနာရှင်လုပ်အားပေးနည်းပြ၊ ကြီးကြပ်များနှင့်စာသင်သားများကို ရင်းရင်းနှီးနှီး တွေ့ဆုံအားပေးစကားပြောကြားပြီး စာသင်ဝိုင်းများအတွက် စာရေးကိရိယာများ ပေးအပ်ကြသည်။



ပညာရေးဝန်ကြီးဌာနက နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့များနှင့် ပူးပေါင်းကာ ၂၀၂၃ ခုနှစ် ဒီဇင်ဘာလမှစ၍ အခြေခံစာတတ်မြောက်ရေးလုပ်ငန်းနှင့် စဉ်ဆက်ပညာရေးလုပ်ငန်းတို့ကို ၁ ရက်လျှင် ပျမ်းမျှ ၃ နာရီနှုန်းဖြင့် သတ်မှတ်နာရီများချမှတ်၍ ရက်ပေါင်း ၄၀ နှင့် ရက်ပေါင်း ၉၀ ကြာ သင်ကြားခြင်းအစီအစဉ်များကို ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ သတင်းစဉ်

# မော်လမြိုင်မြို့၌ ဗုဒ္ဓဘာသာကလျာဏယုဝအသင်း-YMBA (ဗဟို)မှ ဆက်ကပ်လှူဒါန်းသော ဘွဲ့တံဆိပ်တော်များ၊ ဂုဏ်ရည်ဘွဲ့များ ဆက်ကပ်ချီးမြှင့်ခြင်းမင်္ဂလာအခမ်းအနား ကျင်းပ

နေပြည်တော် ဇန်နဝါရီ ၁၄



ဗုဒ္ဓဘာသာကလျာဏယုဝအသင်း-YMBA(ဗဟို)မှ ဆက်ကပ်လှူဒါန်းသော ဘွဲ့တံဆိပ်တော်များ၊ ဂုဏ်ရည်ဘွဲ့များ ဆက်ကပ်ချီးမြှင့်ခြင်း မင်္ဂလာအခမ်းအနားကို ယနေ့မွန်းလွဲပိုင်းတွင် မော်လမြိုင်မြို့ လှိုင်ရပ်ကွက် ပရိယတ္တိဓမ္မာဗိမာန်တော်ကြီး၌ ကျင်းပရာ မွန်ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ကြည်သိန်း၊ ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်၊ ပြည်နယ်ဝန်ကြီးများ၊ ဗုဒ္ဓဘာသာကလျာဏယုဝအသင်း -YMBA (ဗဟို) ဥက္ကဋ္ဌ ဦးရဲထွန်းနှင့် အသင်းဝင်များ၊ ဘွဲ့တံဆိပ်ချီးမြှင့်ခြင်းခံရသည့် လူပုဂ္ဂိုလ်များ၊ အလှူရှင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်သည်။

**ငါးပါးသီလခံယူဆောက်တည်**

ဦးစွာ အခမ်းအနားကို နမောတဿ သုံးကြိမ်ရွတ်ဆို ဘုရားကန်တော့၍ ဖွင့်လှစ်ပြီး မော်လမြိုင်မြို့ မြစေတီစာသင်တိုက်ကြီး၏ ဦးစီးပဓာန နာယကဆရာတော် အဂ္ဂမဟာ ပဏ္ဍိတ ဘဒ္ဒန္တဝိမလဗုဒ္ဓိထံမှ ငါးပါးသီလခံယူဆောက်တည်ကြသည်။

ထို့နောက်ဗုဒ္ဓဘာသာကလျာဏယုဝအသင်း- YMBA(ဗဟို) ဥက္ကဋ္ဌ (ကိုယ်စား) ဗဟိုတွဲဖက်အတွင်းရေးမှူးက ဘွဲ့တံဆိပ်တော်များ ဆက်ကပ်ပူဇော် လှူဒါန်းချီးမြှင့်ရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းလျှောက်ထားကာ ပြည်နယ်ဝန်ကြီးချုပ်က မြစေတီစာသင်တိုက်ကြီး၏ ဦးစီးပဓာန နာယကဆရာတော်အား ဗုဒ္ဓ ဘာသာကလျာဏယုဝအသင်း - YMBA (ဗဟို)မှ လှူဒါန်းပူဇော်သော အဘိဓဇ အဂ္ဂမဟာမင်္ဂလဓမ္မဇောတိကဓဇ ဘွဲ့တံဆိပ်တော်နှင့် လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းပူဇော်သည်။

ယင်းနောက် ဗုဒ္ဓဘာသာကလျာဏယုဝအသင်း - YMBA (ဗဟို)ဥက္ကဋ္ဌ၊ ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်နှင့် ပြည်နယ်ဝန်ကြီးများက ဗုဒ္ဓဘာသာကလျာဏယုဝအသင်း - YMBA (ဗဟို)မှ ဆက်ကပ်လှူဒါန်း ပူဇော်သော အဂ္ဂမဟာမင်္ဂလဓမ္မဇောတိကဓဇ၊ မဟာမင်္ဂလ ဓမ္မဇောတိကဓဇနှင့် မင်္ဂလဓမ္မဇောတိကဓဇ ဘွဲ့တံဆိပ်တော်နှင့် လှူဖွယ်ဝတ္ထု ပစ္စည်းများကို ဆရာတော်ကြီး ၁၅ ပါးတို့အား ဆက်ကပ်လှူဒါန်းပူဇော်သည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက မင်္ဂလဓမ္မဇောတိကဓဇ၊ မင်္ဂလဓမ္မမဏိဇောတဓရ ဘွဲ့တံဆိပ်တော် ရရှိသည့် လူပုဂ္ဂိုလ် ၁၀ ဦးနှင့် အမျိုး ဘာသာသာသနာ ပညာအကျိုးအတွက် စစ်မှန်သောစေတနာဖြင့် ကိုယ်ကျိုးမဖက် အနစ်နာခံ၍ မိမိအသက်ကို ပဓာနမထားဘဲ တာဝန် ထမ်းဆောင်ခဲ့သည့် လူပုဂ္ဂိုလ် ၁၁ ဦးအား YMBA ဂုဏ်ရည်ဘွဲ့တံဆိပ်များ ချီးမြှင့်အပ်နှင်းခဲ့ကြသည်။

ထို့နောက် မော်လမြိုင်မြို့ မြစေတီ စာသင်တိုက်ကြီး၏ ဦးစီးပဓာန နာယက ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တဝိမလဗုဒ္ဓိ၊ ဒုတိယမြိုင်ကြီးငူ ဆရာတော်ကြီး ဘဒ္ဒန္တဉာဏိတနှင့် ကျိုက်ထီးဆောင်း ဒုတိယဒီပဆရာတော် ဒေါက်တာဘဒ္ဒန္တနာဂ ဒီပဆရာတော်ကြီးများထံမှ သြဝါဒတရားနာယူကာ လှူဒါန်းမှုအစုစုအတွက် ရေစက်သွန်းချ အမျှပေးဝေပြီး အခမ်းအနားကို ဗုဒ္ဓသာသနံ စိရံ တိဋ္ဌတု သုံးကြိမ်ရွတ်ဆို၍ ရုပ်သိမ်းခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

## ❒ ရွှေစက်တော်ဘုရားမှ



မြေထိန်းနံရံများတည်ဆောက်နေမှုကို တာဝန်ရှိသူများ ကြည့်ရှုစစ်ဆေးစဉ်။

ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးထွန်းထွန်းဝင်၊ အဖွဲ့ဝင်(၁) ဒုတိယဗိုလ်မှူးကြီး တင့်ကျော်နှင့် တာဝန်ရှိသူများသည် ယမန်နေ့ နံနက်ပိုင်းက သုံးမိုင်အဝင်လမ်း မြေထိန်းနံရံများတွင် ကျောက်ကွက်အလှဖော်ခြင်း၊ ပန်းအိုးနှင့် ပန်းအလှပင်များ စိုက်ပျိုးခြင်း၊ အထက်စက်တော်ရာ အတက်မုခ်ဦးရှိ လှေကားထစ်များ ပြုပြင်တည်ဆောက်ခြင်းနှင့် မိုးတွင်းကာလ မန်းချောင်းရေ တိုက်စားခြင်းမှကာကွယ်ရန် မြေထိန်းနံရံများ၏ အောက်ခြေရှိ ကျောက်တုံးများ၊ Bedrock များကို သံခြင်းများဖြင့် ပြုပြင်တည်ဆောက်ခြင်း၊ အောက်စက်တော်ရာ နဂါးရေအိုင် ပြုပြင်ခြင်း၊ ဘုံခုနစ်ဆင့် ရွှေချခြင်းနှင့် နံရံနှင့်မျက်နှာကြက်များကို ယွန်းအတတ်ပညာရှင်များ၏ လက်ရာဖြင့် ရုပ်လုံး၊ ရုပ်ကြွပေါ်လွင်အောင် ထုဆစ်စေခြင်း၊ တည်းကျောင်းများနှင့် ဈေးဆိုင်တန်း မြေနေရာသတ်မှတ်၍ စနစ်တကျတည်ဆောက်နေမှုများကို ကြည့်ရှုစစ်ဆေးကာ လုပ်ငန်းများအားလုံး အချိန်မီပြီးစီးနိုင်ရေး ရွှေစက်တော် ဂေါပကဥက္ကဋ္ဌနှင့် တာဝန်ရှိသူများအား ဆွေးနွေးမှာကြားခဲ့ကြောင်း သိရသည်။

ယခုနှစ် ရွှေစက်တော် ဘုရားပွဲတော်ကို တပို့တွဲလဆန်း ၅ ရက် (ဖေဖော်ဝါရီ ၁၄ ရက်)တွင် စတင်ဖွင့်လှစ်သွားမည်ဖြစ်ပြီး တည်းခိုဆောင် အလုံးပေါင်း ၈၅၀ ခန့်နှင့် ဈေးဆိုင်ခန်းပေါင်း ၄၅၀ ခန့် ဆောက်လုပ်ကာ ဘုရားဖူးများ အဆင်ပြေပြေ ဖူးမြော်နိုင်ရန် ညအိပ်တည်းခိုခွင့် ပြုသွားမည်ဖြစ်ကြောင်း ရွှေစက်တော်ဂေါပက ဒုတိယဥက္ကဋ္ဌ ဦးသိန်းလှိုင်ထံမှ သိရသည်။

**ဇေယျာထက်(မင်းဘူး)**

**ပြည်ထောင်စုသားများ စည်းလုံးညီရှေ့သို့လှမ်းချီ ပန်းတိုင်ဆီ။**

# သထုံမြို့ မြသပိတ်စေတီတော်မြတ်ကြီး လုံးတော်ပြည့်ရွှေသင်္ကန်းကပ်လှူရေး အလှူငွေပေးအပ်ပွဲ ကျင်းပ

သထုံ ဇန်နဝါရီ ၁၄

မွန်ပြည်နယ် သထုံမြို့ သိင်္ဂနိတ်တောင်ထိပ်ပေါ်ရှိ မြသပိတ်ဆံတော်ရှင်စေတီတော်မြတ်ကြီးအား လုံးတော်ပြည့်ရွှေသင်္ကန်းတော်ကပ်လှူပူဇော်နိုင်ရေး အလှူတော်ငွေများ စုပေါင်းပေးအပ်ပွဲ အခမ်းအနားကို ယနေ့နံနက်ပိုင်းက နန်းခဲရပ်ကွက် သဒ္ဓမ္မဇောတိကာရာမကျောင်းတိုက်ဓမ္မာရုံ၌ ကျင်းပသည်။

ဦးစွာ ဆရာတော်၊ သံဃာတော်များနှင့် တက်ရောက်လာကြသူများက အခမ်းအနားအား နမောတဿသုံးကြိမ်ရွတ်ဆို ဖွင့်လှစ်ပေးခဲ့ကြပြီး သထုံမြို့ ဘုရားငါးဆူဝေဘူကမ္မဋ္ဌာန်းကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တစန္ဒိမာထံမှ ဩဝါဒ ပရိသတ်အပေါင်းတို့က သီလခံယူဆောက်တည်ကြကာ သံဃာတော်များ ရွတ်ပွားချီးမြှင့်ပေးတော်မူသော ပရိတ်တရားတော်များ နာယူကြသည်။

ယင်းနောက် စေတီတော်မြတ်ကြီး လုံးတော်ပြည့်ရွှေသင်္ကန်းတော်ကပ်လှူပူဇော်နိုင်ရေးအတွက် အလှူရှင်များ စုပေါင်းလှူဒါန်းထားသည့် စုစုပေါင်းအလှူငွေကျပ် သိန်း ၁၀၀၀ အား သထုံခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ ခေတ္တဥက္ကဋ္ဌ ဦးမင်းစိုးနှင့် ခရိုင်ရဲတပ်ဖွဲ့မှူးဒုတိယရဲမှူးကြီး စိုးပိုင်တို့က ပေးအပ်လှူဒါန်းရာ စေတီတော်ဘဏ္ဍာတော်ထိန်း ဂေါပကအဖွဲ့ဥက္ကဋ္ဌ ဦးစိုးမြင့်က လက်ခံရယူခဲ့ပြီး အမှတ်(၆၀၆) အမြောက်စစ်ဆင်ရေးကွပ်ကဲမှုဌာနချုပ် တပ်မမှူး ဗိုလ်မှူးချုပ်ကိုဦး၊ သထုံတပ်နယ်မှူး ဗိုလ်မှူးကြီး အောင်အောင်ဟိန်း၊ သထုံခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ခေတ္တဥက္ကဋ္ဌ ဦးမင်းစိုးနှင့် တာဝန်ရှိသူများက အလှူရှင်များထံ ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်သည်။

ဆက်လက်၍ အမှတ်(၆၀၆)အမြောက်စစ်ဆင်ရေးကွပ်ကဲမှုဌာနချုပ် တပ်မမှူး၊ သထုံတပ်နယ်မှူး၊ သထုံခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ ခေတ္တဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ တာဝန်ရှိသူများက သံဃာတော်များထံ လှူဖွယ်များ ဆက်ကပ်လှူဒါန်းကာ လှူဒါန်းမှုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေခဲ့ကြောင်း သိရသည်။ **ခရိုင်(ပြန်/ဆက်)**




# သပိတ်ကျင်းမြို့၌ ၂၀၂၃-၂၀၂၄ ပညာသင်နှစ် မြို့နယ်အဆင့် ပညာရေးစုံညီပွဲတော်အခမ်းအနား ကျင်းပ

သပိတ်ကျင်း ဇန်နဝါရီ ၁၄

မန္တလေးတိုင်းဒေသကြီး သပိတ်ကျင်းမြို့၌ ၂၀၂၃-၂၀၂၄ ပညာသင်နှစ် မြို့နယ်အဆင့် ပညာရေးစုံညီပွဲတော်အခမ်းအနားကို ယနေ့နံနက်ပိုင်းက သပိတ်ကျင်းမြို့ အခြေခံပညာအထက်တန်းကျောင်း ခန်းမ၌ ကျင်းပသည်။

ဦးစွာ သပိတ်ကျင်းခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးရဲမြတ်တင့်က အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်ပညာရေးမှူး ဦးဝင်းမောင်က ပညာရေးစုံညီပွဲတော် ကျင်းပရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် ၂၀၂၃-၂၀၂၄ ပညာသင်နှစ် တိုင်းဒေသကြီး/ခရိုင် စာပေနှင့်အားကစားထူးချွန်ဆုရရှိသည့် ကျောင်းသား ကျောင်းသူများအား ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင်များ၊ ခရိုင်ပညာရေးမှူး ဦးကျော်ကျော်မွန်၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးသန်းထိုက်အောင်နှင့်အဖွဲ့ဝင်များ၊ မြို့နယ်ပညာရေးမှူး ဦးဝင်းမောင်နှင့် တာဝန်ရှိသူများက ဂုဏ်ပြုမှတ်တမ်းလွှာနှင့်ဂုဏ်ပြုဆုငွေများ ချီးမြှင့်ပေးအပ်ခဲ့ ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**



# အွန်လိုင်းဒစ်ဂျစ်တယ်စီးပွားရေးနှင့် ယနေ့ကမ္ဘာ

**မျိုးမြတ်မိုး (MANA)**

ကမ္ဘာ့နေရာအနှံ့ဖြစ်ပွားနေသော ကိုဗစ်ကပ်ရောဂါကြောင့် အများပြည်သူတို့အကြား စိတ်ပိုင်းဆိုင်ရာအခြေအနေများ အပါအဝင် အခြားသော လူမှုရေး၊ စီးပွားရေး၊ ကျန်းမာရေးပြဿနာတို့နှင့် ရင်ဆိုင်နေရချိန်ဖြစ်သည်။ တစ်ဦးနှင့်တစ်ဦး ခပ်ဝေးဝေးနေထိုင်ကြရသည့် ဖြစ်စဉ်များကြောင့် အီလက်ထရွန်နစ်ကုန်သွယ်ရေး (e-commerce) လုပ်ငန်းများ၊ အွန်လိုင်းဈေးဝယ်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာသည်မှာ အဆိုးထဲမှ အကောင်းဟု မှတ်ယူရမည်ဖြစ်သည်။ အီလက်ထရွန်နစ်ကုန်သွယ်ရေးဆိုသည်မှာ အွန်လိုင်းဝန်ဆောင်မှုများ သို့မဟုတ် အင်တာနက်ပေါ်မှ ကုန်ပစ္စည်းများကို အီလက်ထရွန်နစ်နည်းဖြင့် ဝယ်ခြင်း သို့မဟုတ် ရောင်းချခြင်းဖြစ်သည်။ ကပ်ရောဂါကာလ၏ e-commerce ရောင်းအားလည်း လက်လီရောင်းချမှုအားလုံးတွင် သိသိသာသာမြင့်တက်ခဲ့သည်။ ကိုဗစ်ကာလ အကျပ်အတည်းသည် ဒစ်ဂျစ်တယ်ဆန်းသစ်တီထွင်မှုကိုလည်း အရှိန်မြှင့်တင်ပေးခဲ့သည်။ စားသုံးသူများ၏ဘဝကို နေ့ချင်း ညချင်းပြောင်းလဲသွားစေပြီး လက်လီရောင်းချမှုတွင် အွန်လိုင်းလက်လီဈေးကွက်က ထဲထဲဝင်ဝင် နေရာယူခဲ့သည်။

**ဖွံ့ဖြိုးပြီးနိုင်ငံရှိ လူဦးရေ၏ ၈၀ ရာခိုင်နှုန်းကျော် အသုံးပြုနေ**

UNCTAD အဆိုအရ ကမ္ဘာလုံးဆိုင်ရာ e-commerce သည် ကိုဗစ်ကပ်ရောဂါကြောင့် အမေရိကန်ဒေါ်လာ ၂၆ ဒသမ ၇ ထရီလီယံသို့ ခုန်တက်ခဲ့သည်။ ၂၀၂၀ ပြည့်နှစ်အတွင်း ကမ္ဘာ့ထိပ်တန်းကုမ္ပဏီ ၁၃ ခု အတွက် အွန်လိုင်းစီးပွားရေးမှ စားသုံးသူထံ ရောင်းအားသည် ဒေါ်လာ သုံးထရီလီယံ နီးပါးရှိသည်ဟု ဆိုထားသည်။ ကမ္ဘာကြီး၏အရွေ့သည် စတုတ္ထမြောက်စက်မှုတော်လှန်ရေး (Industry Revolution 4.0) သို့ သွားနေပြီဖြစ်ရာ နိုင်ငံအများအပြားသည် ခေတ်နှင့်လျော်ညီသည့် နည်းပညာများဖြင့် လိုက်ပါပြောင်းလဲနေကြရပြီဖြစ်သည်။ ၂၀၁၈ ခုနှစ် ဒီဇင်ဘာလအတွင်း ပထမဦးဆုံးအကြိမ် ထုတ်ပြန်ခဲ့သော နိုင်ငံတကာဆက်သွယ်ရေးလုပ်ငန်းသမဂ္ဂ (ITU) ၏ အစီရင်ခံစာတွင် ကမ္ဘာ့လူဦးရေ၏ ထက်ဝက်ကျော်ဖြစ်သော ၃ ဒသမ ၉ ဘီလီယံသည် အင်တာနက်၊ အွန်လိုင်းတွင် ရှိနေကြောင်း၊ ဖွံ့ဖြိုးပြီးနိုင်ငံရှိ လူဦးရေ၏ ၈၀ ရာခိုင်နှုန်းကျော် အသုံးပြုနေပြီး ဖွံ့ဖြိုးဆဲနိုင်ငံများတွင်လည်း အင်တာနက်သုံးစွဲမှု တဖြည်းဖြည်း တိုးလာနေကြောင်း၊ အင်တာနက်ကို အသုံးပြုရာတွင် လူအများစုမှာ မိုဘိုင်းဖုန်းများမှတစ်ဆင့် အသုံးပြုလျက်ရှိကြောင်း ဖော်ပြထားသည်။

မြန်မာနိုင်ငံသည်လည်း မိုဘိုင်းဖုန်းအသုံးပြုသူများပြားလာမှုနှင့်အတူ အစားအသောက်၊ ဆေးဝါး၊ အလှကုန်နှင့် လူသုံးကုန်ပစ္စည်းမျိုးစုံကို အွန်လိုင်းမှတစ်ဆင့် ရောင်းဝယ်ဖောက်ကားမှုများ တွင်ကျယ်လျက်ရှိသည်။ အွန်လိုင်းပေါ်၌ ကြော်ငြာရောင်းချနေကြသည့် ပစ္စည်းအများစုမှာ သက်ဆိုင်ရာဌာန၏ ခွင့်ပြုချက်၊ ထောက်ခံချက်ရှိကြသကဲ့သို့ တရားဝင်ရောင်းချခွင့်ပြုထားသည့် အထောက်အထား အမှတ်အသားများ မပါရှိကြသူများလည်းရှိသည်။ ထို့ပြင် အချို့မှာရောင်းချသည့် ကုန်ပစ္စည်းနှင့် ပတ်သက်သည့် သတင်းအချက်အလက်များကို ထည့်သွင်းဖော်ပြခြင်းမရှိသည့်အပြင်၊ ရောင်းချသည့်ပစ္စည်း၏ ထုတ်လုပ်ရာနေရပ်လိပ်စာနှင့် ဖုန်းနံပါတ်များကိုလည်း ပြည့်စုံစွာ ဖော်ပြထားခြင်းမရှိပေ။ ဝယ်ယူသုံးစွဲသူများဘက်က နစ်နာမှုတစ်စုံတစ်ရာပေါ်ပေါက်လာပါက အရေးယူဆောင်ရွက်နိုင်ရန်အတွက် အခက်ကြုံကြရသည်။ အွန်လိုင်းလက်လီဈေးကွက်တွင် ဖြစ်ပွားလေ့ရှိသည့် ရောင်းသူနှင့် ဝယ်သူကြား အငြင်းပွားမှုများ၊ စားသုံးသူအခွင့်အရေးကာကွယ်မှုများအတွက် ကြားဝင်ဖြေရှင်းပေးနိုင်မည့် ပလက်ဖောင်းတစ်ခု လိုအပ်နေသည်။

**ဒစ်ဂျစ်တယ်စီးပွားရေးလုပ်ငန်းများ ပို၍အရေးပါလာ**

မျက်မှောက်ကာလတွင် နည်းပညာကို အခြေခံသည့် ပစ္စည်းများ၊ ဆန်းသစ်သော စိတ်ကူးများအပေါ်တွင် အခြေခံသည့် ဒစ်ဂျစ်တယ်စီးပွားရေးလုပ်ငန်းများ ပို၍အရေးပါလာသည်။ မြန်မာနိုင်ငံတွင် မိုဘိုင်းဖုန်းသုံးစွဲသူအားလုံး၏ ၈၀ ရာခိုင်နှုန်းအထက်သည် Smart Phone များ သုံးစွဲနေကြသဖြင့် အဆိုပါနှုန်းထားသည် အရှေ့တောင်အာရှနှင့် အိမ်နီးချင်းနိုင်ငံများအကြား မြင့်မားသည့်နှုန်းတစ်ခု ဖြစ်သည်။ မြန်မာနိုင်ငံတွင် ဒစ်ဂျစ်တယ်ကဏ္ဍ ဖွံ့ဖြိုးတိုးတက်မှုအတွက် ရေခံမြေခံကောင်းတစ်ခုဖြစ်သည်။ အထူးသဖြင့် ကာလကြာရှည်ဖြစ်ပွားနေသော ကိုဗစ်ကပ်ရောဂါကာလအတွင်း ဒစ်ဂျစ်တယ်စီးပွားရေးကို အွန်လိုင်းပေါ် မှတစ်ဆင့် လက်တွေ့ကျကျ အသုံးပြုလာကြသည်ကို တွေ့မြင်နေရသည်။ အွန်လိုင်းမှတစ်ဆင့် အစားအသောက်များ မှာယူသုံးစွဲမှုမှအစ လူသုံးကုန်ပစ္စည်းများ၊ ရုံးသုံး၊ အိမ်သုံးပစ္စည်းများအထိ ဝယ်ယူသုံးစွဲလာကြသည်။ အဆင်ပြေမှုများရှိသကဲ့သို့ မတော်တဆ မှားယွင်းမှု၊ ရည်ရွယ်ချက်ရှိရှိဖြင့် မလိမ့်တပတ် အလုပ်ခံရမှုများလည်း ရှိလာသည်။

စားသုံးသူကာကွယ်ရေးဥပဒေအရ ကုန်စည် သို့မဟုတ် ဝန်ဆောင်မှုကို အသုံးပြုခြင်းကြောင့် နစ်နာဆုံးရှုံးမှုများ ဖြစ်ပေါ်လာပါက ကုန်စည်ရောင်းချသူ သို့မဟုတ် ဝန်ဆောင်မှုပေးသည့် စီးပွားရေးလုပ်ငန်းရှင်၊ ကုန်စည်ထုတ်လုပ်သူ၊ ကုန်စည်ပေါ်တွင် လူပုဂ္ဂိုလ်အမည်၊ ကုန်အမှတ်တံဆိပ် သို့မဟုတ် အခြားထင်ရှားသော အမှတ်အသားများကို အသုံးပြုခွင့်ရှိသူ၊ ပြည်ပမှ ကုန်စည်များတင်သွင်းလာပြီး ပြည်တွင်းရှိ စားသုံးသူများအား ပြန်လည်ရောင်းချဖြန့်ဖြူးသူ၊ တစ်ဆင့်ပြန်လည်ရောင်းချဖြန့်ဖြူးသူ၊ ပြည်တွင်း၌ဖြစ်စေ၊ ပြည်ပနိုင်ငံတစ်ခုခု၌ဖြစ်စေ ဝန်ဆောင်မှုကို ပြည်တွင်းစားသုံးသူများအတွက် ကြားခံဝန်ဆောင်မှုပေးသည့် လုပ်ငန်းလုပ်ကိုင်သူပုဂ္ဂိုလ်များတွင် တာဝန်ရှိကြောင်း ပြဋ္ဌာန်းထားသည်။ နစ်နာဆုံးရှုံးမှု တစ်ရပ်ရပ်ရှိပါက သက်ဆိုင်ရာဦးစီးမှူးရုံးသို့ တိုင်ကြားနိုင်ပြီး ဖောက်ဖျက်ကျူးလွန်ကြောင်း တွေ့ရှိရပါက ဖြစ်စဉ်၏ အတိမ်အနက်ကိုလိုက်၍ စီမံခန့်ခွဲရေးနည်းလမ်း သို့မဟုတ် ငွေဒဏ်၊ ထောင်ဒဏ် ချမှတ်သည့် နည်းလမ်းများဖြင့် အရေးယူခံရနိုင်သည်။

ကမ္ဘာကြီးတွင် ဒစ်ဂျစ်တယ်နည်းပညာဖြင့် လွှမ်းခြုံလည်ပတ်နေသည်။ သိပ္ပံနှင့် နည်းပညာတိုးတက်မြင့်မားလာသည်နှင့်အမျှ နယ်ပယ်ကဏ္ဍတိုင်း၌ ဒစ်ဂျစ်တယ်နည်းပညာကိုအသုံးချ၍ အခွင့်အလမ်းများရယူနေကြသည်။ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ စစ်ရေးမျက်နှာစာများတွင် ဒစ်ဂျစ်တယ်နည်းပညာကို ထိရောက်စွာအသုံးချနိုင်သော နိုင်ငံများသည် တိုးတက်အောင်မြင်မှု၌ တစ်ပန်းသာနေသည်။ ကမ္ဘာနှင့် ရင်ပေါင်တန်းတိုးတက်နေသောကာလ၌ မြန်မာနိုင်ငံအနေဖြင့် နောက်ကျမကျန်ရစ်စေရန်အတွက် ဒစ်ဂျစ်တယ်လူမှုဘဝ၊ ဒစ်ဂျစ်တယ်စီးပွားရေးဘဝများ ထူထောင်နိုင်ရန် ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။ ဒစ်ဂျစ်တယ်ဟူသည် ကွန်ပျူတာနှင့် အီလက်ထရွန်နစ်တို့နှင့် သက်ဆိုင်သော နည်းပညာများတွင် အသုံးပြုသောနည်းစဉ်ဖြစ်သည်။ ကိန်းဂဏန်း၊ အချက်အလက်များကို အခြေခံ၍ ဒစ်ဂျစ်တယ်အသံလှိုင်း၊ ရုပ်သံလှိုင်း ဆက်စပ်အကြောင်းအရာများကို ရရှိလာသည်။ မျက်မှောက်ကာလတွင် ဒစ်ဂျစ်တယ်နည်းပညာဖြင့် အရာရာ ဖန်တီးနိုင်နေပြီကို သတိပြုမိဖို့လိုပြီး နောက်ကျမကျန်ရစ်စေရန် ဒစ်ဂျစ်တယ်တွင် ပါဝင်ဖို့လိုသည်။

**သတင်းအချက်အလက်နှင့် မီဒီယာမက်ဆေ့ချ်များ**

ဒစ်ဂျစ်တယ်စနစ်ဖြင့် အပြန်အလှန် မှီခိုနေရသော ကမ္ဘာကြီးတွင် မီဒီယာနှင့် သတင်းအချက်အလက်သိနားလည်မှုသည် သတင်းအချက်အလက်များစွာကို ရယူသုံးစွဲနိုင်သူများနှင့် မရရှိသူများအကြား ကွာဟချက်ကို ကျဉ်းမြောင်းစေသည်။ မီဒီယာ၊ အခြားသတင်းရင်းမြစ်များနှင့် ထိတွေ့ဆက်ဆံရာ၌ လိုအပ်သော ကျွမ်းကျင်မှုနှင့် စွမ်းဆောင်ရည်ကို မြှင့်တင်ပေးသည်။ သတင်းအချက်အလက်နှင့် မီဒီယာမက်ဆေ့ချ်များကို ကျွမ်းကျင်စွာလုပ်ဆောင်နိုင်သူများဖြစ်လာစေရန် ကူညီပေးသည်။ မီဒီယာနှင့် သတင်းအချက်အလက် သိနားလည်မှုသည် အရွယ်သုံးပါးစလုံးအတွက် လိုအပ်ချက်တစ်ခုဖြစ်လာသည်။ ဒစ်ဂျစ်တယ်တတ်မြောက်မှုသည် ကွန်ပျူတာ၊ ဆိုရှယ်မီဒီယာနှင့် အင်တာနက် အသုံးပြုနိုင်စွမ်းတို့နှင့် ဆက်စပ်နေသည်။ ကျောင်းသားဘဝတွင် မီဒီယာနှင့်သတင်းအချက်အလက် လေ့လာနိုင်သည်။ ပူးပေါင်းလုပ်ဆောင်မှုဆိုင်ရာ သင်ခန်းစာများအတွက်လည်း များစွာအကျိုးပြုသည်။

**❛ မြန်မာနိုင်ငံတွင် မိုဘိုင်းစနစ်သုံးအင်တာနက်သည် နိုင်ငံလူဦးရေ၏ ၉၀ ရာခိုင်နှုန်းအထိ လွှမ်းခြုံနိုင်သော်လည်း Fixed Broadband ကြိုးဖြင့် အင်တာနက်သုံးစွဲသူ ၁ ဒသမ ၆ သန်းခန့်သာ ရှိနေသေးသည့်အတွက် မြန်နှုန်းမြင့်ဖိုက်ဘာအင်တာနက်ကို မြို့ကြီးများသာမက ကျေးလက်ဒေသများအထိ လက်လှမ်းမီ အသုံးပြုနိုင်အောင် ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။ ပြည်သူများ လိုအပ်သည့် ကျွမ်းကျင်မှုနှင့် နည်းပညာအသစ်များရရှိစေရန်နှင့် အင်တာနက်ကို လူမှုကွန်ရက်နှင့် ဖျော်ဖြေရေးအဆင့်များထက်ကျော်လွန်ပြီး စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေး၊ ပို့ဆောင်ရေးကဏ္ဍများတွင် တွင်ကျယ်စွာအသုံးပြုနိုင်ရန် ကြိုးပမ်းဆောင်ရွက်ကြရမည် ❜**

အသံလွှင့်ထုတ်ခြင်း၊ ပုံနှိပ်ခြင်းနှင့် ဒစ်ဂျစ်တယ်အချက်အလက် အရင်းအမြစ်များအားလုံးကို အသုံးပြုနိုင်ခြင်းတို့သည် မီဒီယာနှင့် သတင်းအချက်အလက်တတ်မြောက်မှုတွင် ပါဝင်သည်။ စစ်တမ်းများအရ ၂၀၂၃ ခုနှစ် ဇူလိုင်လအထိ ကမ္ဘာတစ်ဝန်း အင်တာနက်အသုံးပြုသူ ၅ ဒသမ ၁၉ ဘီလီယံရှိသဖြင့် ယင်းပမာဏမှာ ကမ္ဘာ့လူဦးရေ၏ ၆၄ ဒသမ ၆ ရာခိုင်နှုန်းဖြစ်သည်။ လူမှုကွန်ရက်ပလက်ဖောင်းများသည် ၂၀၁၀ ပြည့်နှစ်တွင် သန်း ၉၇၀ မှ ၂၀၂၃ ခုနှစ် ဇူလိုင်လအထိ သုံးစွဲသူ ၄ ဒသမ ၄၈ ဘီလီယံအထိ ရောက်ရှိလာခဲ့သည်။ ဆိုရှယ်မီဒီယာပလက်ဖောင်းများကို အသုံးပြုသည့် ကမ္ဘာလုံးဆိုင်ရာ ပျမ်းမျှအချိန်သည် တစ်ရက်လျှင် ၁၄၂ မိနစ်ဖြစ်သည်။ ယနေ့ ကမ္ဘာတစ်ဝန်းတွင် Digital Transformation ဟုခေါ်ဆိုသည့် ဒစ်ဂျစ်တယ်အသွင်ကူးပြောင်းရေးလုပ်ငန်းစဉ်များကို ဦးစားပေးပြီး အရှိန်အဟုန်ဖြင့် ဆောင်ရွက်နေကြသည်။ မြန်မာနိုင်ငံတွင် အင်တာနက်နှင့် အွန်လိုင်းနည်းပညာကိုအသုံးပြုနေကြသော်လည်း ဒစ်ဂျစ်တယ်အသွင်ကူးပြောင်းရေးဖြစ်စဉ်များတွင် ပါဝင်မှုနှေးကွေးနေသည်ကို တွေ့ရမည်ဖြစ်သည်။ အဓိကအချက်မှာ ပြည်သူများအနေဖြင့် ဒစ်ဂျစ်တယ်နည်းပညာဗဟုသုတများ အားနည်းခြင်းနှင့် အစဉ်အလာဟောင်းကို မစွန့်လိုကြခြင်းကြောင့်ဖြစ်သည်ကို မြင်တွေ့ရသည်။ ဥပမာအားဖြင့် ခရီးသွားပြည်သူများ လွယ်ကူအဆင်ပြေစွာ အသုံးပြုနိုင်မည့် YPS ငွေပေးကတ်ကို အသုံးပြုမှုနည်းသည့်နမူနာကို တွေ့ရသည်။

မြန်မာနိုင်ငံတွင် မိုဘိုင်းစနစ်သုံးအင်တာနက်သည် နိုင်ငံလူဦးရေ၏ ၉၀ ရာခိုင်နှုန်းအထိ လွှမ်းခြုံနိုင်သော်လည်း Fixed Broadband ကြိုးဖြင့် အင်တာနက်သုံးစွဲသူ ၁ ဒသမ ၆ သန်းခန့်သာ ရှိနေသေးသည့်အတွက် မြန်နှုန်းမြင့်ဖိုက်ဘာအင်တာနက်ကို မြို့ကြီးများသာမက ကျေးလက်ဒေသများအထိ လက်လှမ်းမီ အသုံးပြုနိုင်အောင် ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။ ပြည်သူများလိုအပ်သည့် ကျွမ်းကျင်မှုနှင့် နည်းပညာအသစ်များရရှိစေရန်နှင့် အင်တာနက်ကို လူမှုကွန်ရက်နှင့် ဖျော်ဖြေရေးအဆင့်များထက် ကျော်လွန်ပြီး စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေး၊ ပို့ဆောင်ရေးကဏ္ဍများတွင် တွင်ကျယ်စွာ အသုံးပြုနိုင်ရန် ကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်သည်။ စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာစေရန် MSME လုပ်ငန်းများတွင် အင်တာနက်ကို အကျိုးရှိရှိအသုံးပြုပြီး မိမိတို့၏ ဝန်ဆောင်မှု၊ ကုန်ထုတ်လုပ်မှုနှင့် ထုတ်ကုန်များကို လူမှုကွန်ရက်များမှတစ်ဆင့် ကြော်ငြာမှုများ ပြုလုပ်၍ ဈေးကွက်ရှာဖွေခြင်းနှင့် ငွေပေးချေမှုများတွင် လွယ်ကူအဆင်ပြေစွာ ဆောင်ရွက်နိုင်မည်ဆိုပါက စီးပွားရေးလုပ်ငန်းများ ပိုမိုအောင်မြင်လာမည်ဖြစ်ပြီး နိုင်ငံ၏ စီးပွားရေးလည်း ပြည်တွင်း၊ ပြည်ပသို့ ချိတ်ဆက်နိုင်ကာ တိုးတက်ဖွံ့ဖြိုးလာမည်ဖြစ်သည်။ e-Government ကို ကျော်လွန်ပြီးနောက် Digital Government သို့ တက်လှမ်းလာနိုင်မည်ဖြစ်သည်။

နိုင်ငံ့စီးပွားရေးတွင် ဒစ်ဂျစ်တယ်စီးပွားရေး (Digital Economy) သည် အဓိကကျသည့် မဏ္ဍိုင်တစ်ခုဖြစ်သည်။ ဒစ်ဂျစ်တယ်ကုန်သွယ်ရေး (Digital Trade) နှင့် အီလက်ထရွန်နစ်စီးပွားရေးကို အောင်မြင်စွာ အကောင်အထည်ဖော်သွားနိုင်ရန် မလိုလားအပ်သည့်ဖြစ်ရပ်များကို တားဆီးနိုင်ရန်အတွက် ဥပဒေ၊ စည်းမျဉ်းများနှင့် ထိန်းကျောင်းသွားရန် လိုအပ်သည်။ **စာမျက်နှာ ၇ သို့** ❐

# ပဲခူးမြို့ သာသနာ့ဇောတိကစာသင်တိုက် ပဓာနနာယကဆရာတော် (နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင် အဂ္ဂမဟာပဏ္ဍိတ)ဘဒ္ဒန္တသုဇနမဟာထေရ်မြတ်ကြီး၏ ဥတုဇရုပ်ကလာပ်အား စံကျောင်းတော်သို့ပင့်ဆောင်ခြင်းနှင့် ထီးဖြူဖွင့်အခမ်းအနားသို့ တိုင်းဒေသကြီးဝန်ကြီးချုပ် တက်ရောက်ကြည်ညို

ပဲခူး ဇန်နဝါရီ ၁၄

ပဲခူးမြို့ သာသနာ့ဇောတိကစာသင်တိုက်ကြီး၌ ဇန်နဝါရီ ၁၄ ရက် မွန်းလွဲပိုင်းက ဘဝနတ်ထံပျံလွန်တော်မူသွားသည့် သာသနာ့ဇောတိက စာသင်တိုက် ပဓာနနာယကဆရာတော် (နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင် အဂ္ဂမဟာပဏ္ဍိတ)ဘဒ္ဒန္တသုဇနမဟာထေရ်မြတ်ကြီး၏ ဥတုဇရုပ်ကလာပ်အား စံကျောင်းတော်သို့ ပင့်ဆောင်ခြင်းနှင့် ထီးဖြူဖွင့်အခမ်းအနားကို ကျင်းပရာ ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးဆွေဝင်း တက်ရောက်ဖူးမြော်ကြည်ညိုသည်။

ဦးစွာ ကြွရောက်တော်မူလာကြသည့် ဆရာတော်၊ သံဃာတော် အရှင်သူမြတ်များက သဗ္ဗေ သင်္ခါရာ အနိစ္စာတိ အစရှိသောသံဝေဂသုံးဂါထာကို ရွတ်ဆိုပွားများ၍ အခမ်းအနားကို ဖွင့်လှစ်ပြီး နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဝင် ပဲခူးမြို့ ဥဿာသီရိစာသင်တိုက် ဦးစီးမဟာနာယက အဂ္ဂမဟာပဏ္ဍိတ ဒေါက်တာဘဒ္ဒန္တသူရိယ မဟာထေရ်မြတ်ထံမှ ဝန်ကြီးချုပ် အမှူးပြုသော ဧည့်ပရိသတ်အပေါင်းက ငါးပါးသီလ ခံယူဆောက်တည်ကြသည်။



ထို့နောက် သံဃာတော်အရှင်သူမြတ်များအား ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းနှင့် အစိုးရအဖွဲ့ဝင် ဝန်ကြီးများက သင်္ကန်းအစရှိသော လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကြပြီး မိတ္ထီလာမြို့ ညောင်လွန်ဓမ္မရိပ်သာကျောင်းတိုက် ဆရာတော် ဘဒ္ဒန္တစန္ဒာဝရက ပတ္ထိမဝန္ဒနာဂါထာတော် ဖြင့်လည်းကောင်း၊ နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင် ပဲခူးမြို့ သာသနာ့မဏ္ဍိုင် ပါဠိတက္ကသိုလ်ကျောင်းတိုက် တိုက်အုပ်စာချဆရာတော် ဘဒ္ဒန္တသုန္ဒရက အပြစ်ရှိက ခွင့်လွှတ်တော်မူပါရန် ပတ္ထိမဝန္ဒနာဂါထာ တော်ဖြင့် ပူဇော်ကာ ပဲခူးမြို့ ဦးဝင်းကျောင်းတိုက် ဆရာတော် ဒေါက်တာဘဒ္ဒန္တဝံသပါလက ဆရာတော်ကြီး၏ ရုပ်ကလာပ်တော်အား စံကျောင်းတော်သို့ ပင့်ဆောင်ရန် ကြွရောက်တော်မူမည့်အကြောင်း အဘိယာစနနိမန္တနဂါထာဖြင့် တောင်းပန် လျှောက်ထားသည်။

ယင်းနောက် သံဃာတော်များ၊ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ တပည့် ဒါယကာ ဒါယိကာမများက ဆရာတော်ကြီး၏ ရုပ်ကလာပ်တော်အား စံကျောင်းတော်သို့ ပင့်ဆောင်ကြပြီး ပဲခူးမြို့ သာသနာ့ဇောတိကကျောင်းတိုက်မှ စာချဆရာတော်ဘဒ္ဒန္တနန္ဒိယက သေတစ္ဆတ္တာဝိဝရဏ ဂါထာကိုဖတ်ကြား၍ ထီးဖြူတော်များ ဖွင့်လှစ်ပူဇော်ရန်ပန်ကြားကာ နတ်မင်းကြီးလေးပါးတို့က ဆရာတော်ကြီး၏ ရုပ်ကလာပ်တော်အား ထီးဖြူတော်လေးစင်းဖွင့်လှစ်ပူဇော်ပြီး အနိစ္စာဝတ သင်္ခါရာ အစချီသော သံဝေဂသုံးဂါထာကို ရွတ်ဆိုပွားများကာ အခမ်းအနားကို ရုပ်သိမ်းခဲ့ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

# သန်လျင်မြို့ ကျိုက်ခေါက်စေတီတော် အာရုံခံတန်ဆောင်းတော်ကြီး ပြန်လည်ပြုပြင်ရန် အလှူငွေပေးအပ်

**ရန်ကုန် ဇန်နဝါရီ ၁၄**

ရန်ကုန် တိုင်းဒေသကြီး သန်လျင်မြို့ ရွှေဟောင်းသမိုင်းဝင် ဆံတော်ရှင် ကျိုက်ခေါက်စေတီတော်မြတ်ကြီး၏ အရှေ့ဘက်မုခ် နှစ်ပေါင်း ၉၀ ကျော်ရှိ တန်ဆောင်းတော်ကြီးအား ရှေးမူလက်ရာများ အတိုင်း ပြန်လည်ပြုပြင်ရန် အတွက် ပထမအကြိမ် အလှူငွေ ပေးအပ်ပွဲ အခမ်းအနားကို ယမန်နေ့ နံနက် ၉ နာရီက အဆိုပါ စေတီတော်မြတ် အရှေ့ဘက်မုခ်ရှိ အထူး အာရုံခံတန်ဆောင်း၌ ကျင်းပသည်။



**ငါးပါးသီလ ခံယူဆောက်တည်**

အခမ်းအနားကို နမောတဿ သုံးကြိမ်ရွတ်ဆို ဘုရားကန်တော့ ဖွင့်လှစ်ပြီး စေတီတော်မြတ် ဘဏ္ဍာတော်ထိန်း ဂေါပက အဖွဲ့၏ ဩဝါဒါစရိယဆရာတော် သန်လျင်မြို့ အောင်ချမ်းသာ ရပ်ကွက် မြို့ဦးစက်ပစ်ကွင်း ကျောင်းတိုက်ဦးစီးပဓာနနာယက ဘဒ္ဒန္တ တေဇထံမှ စေတီတော်မြတ် ဘဏ္ဍာတော်ထိန်း ဂေါပကအဖွဲ့ ဥက္ကဋ္ဌနှင့် ဂေါပကအဖွဲ့ဝင်များ၊ အလှူရှင်များနှင့် ဧည့်ပရိသတ် များက ငါးပါးသီလ ခံယူ ဆောက်တည်ကြသည်။

**ပေးအပ်လှူဒါန်း**

ဆက်လက်၍ ရွှေဟောင်း သမိုင်းဝင် ဆံတော်ရှင်ကျိုက်ခေါက် စေတီတော်မြတ် ဘဏ္ဍာတော် ထိန်းဂေါပကအဖွဲ့ ဥက္ကဋ္ဌ ဦးကျော် မိုးကြည်က စေတီတော်မြတ်ကြီး တွင် ဆောင်ရွက်နေသည့် လုပ်ငန်း စဉ်များအား ရှင်းလင်းလျှောက် ထားပြီး စေတီတော်မြတ်ကြီး၏ ဩဝါဒါစရိယ နိုင်ငံတော် သံဃ မဟာနာယကအဖွဲ့ အကျိုးတော် ဆောင် ရန်ကုန်တိုင်းဒေသကြီး သန်လျင်ခရိုင် သန်လျင်မြို့ မင်းကျောင်း ပထမပြန်စာသင် တိုက် ဦးစီးပဓာန နာယက အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာ သဒ္ဓမ္မဇောတိကဓဇ ဒေါက်တာ ဘဒ္ဒန္တ စန္ဒိမာဘိဝံသထံမှ စေတီ တော်မြတ် ဘဏ္ဍာတော်ထိန်း ဂေါပကအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင် များ၊ ဌာနဆိုင်ရာများ၊ အလှူရှင် များ၊ ဧည့်ပရိသတ်များက ဩဝါဒ ခံယူကြကာ အရှေ့မုခ်အာရုံခံ တန်ဆောင်း ပြုပြင်ရန်အတွက် ပထမအကြိမ် ခုနစ်ရက်သားသမီး စုပေါင်းအလှူရှင်တို့က အလှူငွေ ကျပ် ၃၁၄ သိန်းကို စေတီတော် ဘဏ္ဍာတော်ထိန်း ဂေါပကအဖွဲ့ ဥက္ကဋ္ဌ ဦးကျော်မိုးကြည်ထံ ပေးအပ်လှူဒါန်းကြသည်။

ထို့နောက်ရွှေဟောင်းသမိုင်းဝင် ဆံတော်ရှင် ကျိုက်ခေါက်စေတီ တော်မြတ်ကြီး၏ ဩဝါဒါစရိယ နိုင်ငံတော် သံဃမဟာနာယက အဖွဲ့ အကျိုးတော်ဆောင် ရန်ကုန် တိုင်းဒေသကြီး သန်လျင်ခရိုင် သန်လျင်မြို့ မင်းကျောင်း ပထမ ပြန်စာသင်တိုက် ဦးစီးပဓာန နာယက အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာ သဒ္ဓမ္မဇောတိကဓဇ ဒေါက်တာ ဘဒ္ဒန္တ စန္ဒိမာဘိဝံသ ထံမှ စေတီတော် ဘဏ္ဍာတော် ထိန်းဂေါပကအဖွဲ့ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများ၊ အလှူရှင်များ၊ ဧည့်ပရိသတ်များက လှူဒါန်းမှုအစုစုအတွက် ရေစက်ချ တရားတော်များ နာယူကြပြီး အခမ်းအနားကို ဗုဒ္ဓသာသနံ စိရံတိဋ္ဌတု သုံးကြိမ် ရွတ်ဆို ရုပ်သိမ်းခဲ့ကြောင်း သိရသည်။

**သက်ခိုင်(သန်လျင်)**

❒ စာမျက်နှာ ၆ မှ

နိုင်ငံတော်၏ ဦးတည်ချက်(၁၂)ရပ်ပါ စီးပွားရေး ဦးတည်ချက်(၄)ရပ်နှင့်အညီ နိုင်ငံတကာနှင့် အာဆီယံဒေသတွင်း ပူးပေါင်းဆောင်ရွက်နေသည့် ဒစ်ဂျစ်တယ်ဖွံ့ဖြိုးတိုးတက်ရေးနှင့် ပေါင်းစည်းရေး လုပ်ငန်းစဉ်များကိုက်ညီမှုရှိစေရန် မြန်မာဒစ်ဂျစ်တယ် စီးပွားရေးလမ်းပြမြေပုံကို ရေးဆွဲအကောင် အထည်ဖော်လျက်ရှိသည်။ ဒစ်ဂျစ်တယ်နည်းပညာ ကို အကျိုးရှိရှိအသုံးပြုပြီး အုပ်ချုပ်ရေး၊ အခြေခံ အဆောက်အအုံနှင့် ကုန်သွယ်ရေး၊ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေး အစရှိသည့် နယ်ပယ်အသီးသီး တွင် ဒစ်ဂျစ်တယ်အသွင်ကို ဟန်ချက်ညီညီ ကူးပြောင်းဆောင်ရွက်ကြခြင်းဖြင့် နိုင်ငံ၏ ဒစ်ဂျစ်တယ်စီးပွားရေး တိုးတက်ဖွံ့ဖြိုးလာပြီး The Global Value Chain ဟုခေါ်ဆိုသည့် ကမ္ဘာလုံး ဆိုင်ရာ တန်ဖိုးကွင်းဆက်ကို ချိတ်ဆက်ဆောင်ရွက် လာနိုင်ပြီး နိုင်ငံလည်း ဖွံ့ဖြိုးတိုးတက်လာမည် ဖြစ်သည်။

မီဒီယာနှင့် သတင်းအချက်အလက် သိနားလည်မှုတွင် ကျင့်ဝတ်ဆိုင်ရာ စည်းမျဉ်းများအပေါ် လေးစားလိုက်နာရေးသည် အရေးပါသော လိုအပ်ချက်တစ်ခုဖြစ်သည်။ ဒစ်ဂျစ်တယ်ရေစီးကြောင်းသည် ယနေ့ကာလတွင် အဖိုးတန်သောအချက်အလက်များ သိုမှီးရာနေရာဖြစ်သကဲ့သို့ အလိမ်အညာများ၊ မသေချာမရေရာမှုများနှင့် ပြည့်နှက်နေသော သတင်းအချက်အလက်များ စွန့်ပစ်ရာအမှိုက်ပုံလည်း ဖြစ်လာနေသည်။ မီဒီယာနှင့် သတင်းအချက်အလက် သိနားလည်မှုသည် မဟုတ်မမှန် လုပ်ကြံသတင်းများနှင့် သတင်းမှားများကို တုံ့ပြန်ရာ၌ များစွာအထောက်အကူပြုသည်။ ဆက်သွယ်မှုဆိုင်ရာ နည်းပညာသုံးစွဲသူများအနေဖြင့် ဒစ်ဂျစ်တယ်ခေတ်အတွင်း အလိုက်သင့်စီးမျောနိုင်ရန်အတွက် သတင်းအချက်အလက်စိစစ်ရာတွင် အလေးထားရမည့် နည်းနာများ၊ ဒစ်ဂျစ်တယ် အသိအမြင်ဆိုင်ရာ လေ့လာဆည်းပူးမှုများ၊ ကျင့်ဝတ်လိုက်နာမှုများကို ပိုမိုအားထုတ်ကြရမည် ဖြစ်သည်။

**အီလက်ထရွန်နစ် ကုန်သွယ်ရေးဝန်ဆောင်မှုသည် နိုင်ငံတကာတွင် အောင်မြင်**

ယနေ့ကာလသည် ဒစ်ဂျစ်တယ်ခေတ် ဖြစ်လာသည်နှင့်အညီ သတင်းအချက်အလက်များကို ဆိုရှယ်မီဒီယာပေါ်မှ အချိန်မရွေးရရှိနိုင်သည်။ အွန်လိုင်းပေါ်ရှိ သတင်းများကို ပုံနှိပ်မီဒီယာထက် သာလွန်၍ ကိုယ်နှင့်မကွာ ဖတ်ရှုနိုင်လာသည်။ ဈေးရောင်း၊ ဈေးဝယ်လုပ်လာနိုင်သည်။ အွန်လိုင်းပေါ်မှ ရောင်းဝယ်မှုလုပ်ငန်းများသည် ဒစ်ဂျစ်တယ် စီးပွားရေးကိုတစ်ဖက်တစ်လမ်းက အထောက်အကူပြုလျက်ရှိသည်။ အလုပ်အကိုင်နေရာပေါင်းများစွာကိုလည်း ဖန်တီးပေးလျက်ရှိသဖြင့် အွန်လိုင်းလက်လီရောင်းဝယ်မှုလုပ်ငန်းများ ဆက်လက်ဖွံ့ဖြိုးနေဦးမည်ဖြစ်သည်။ ရောင်းသူ၊ ဝယ်သူ နှစ်ဖက်အကြား ယုံကြည်မှုရှိသည့် ဆက်ဆံရေးသည်သာ အဓိကကျသည်။ အွန်လိုင်းပေါ် ပစ္စည်းရောင်းဝယ်မှုများသည် မပြောပလောက်သည့် ပမာဏသာဖြစ်သော်လည်း ဖေ့စ်ဘွတ်ပေါ်မှ ရောင်းချမှုမှာ ကြီးမားသည့် ဈေးကွက်ကြီးဖြစ်နေသည်။ အီလက်ထရွန်နစ် ကုန်သွယ်ရေးဝန်ဆောင်မှုသည် နိုင်ငံတကာတွင် အောင်မြင်နေသည့် စီးပွားရေးလုပ်ငန်းဖြစ်သည်။ အားနည်းချက်များရှိနိုင်သော်လည်း စားသုံးသူဘက်က ဆုံးရှုံးမှုများအတွက် သက်ဆိုင်ရာမှ အရေးယူဆောင်ရွက်ပေးနိုင်သည့် ယန္တရားများ စွမ်းဆောင်ရည်အပြည့်အဝဖြင့် အကောင်အထည်ဖော်နိုင်ပါက နစ်နာမှုအဝဝကို ကုစားပေးနိုင်မည်ဖြစ်သကဲ့သို့ နိုင်ငံတော်အတွက် အခွန်ဘဏ္ဍာငွေရရှိရေး၊ စားသုံးသူကာကွယ်ရေးဥပဒေအရ အကာအကွယ်ပေးနိုင်ရေးတို့အတွက် လိုအပ်သည့်အစီအမံများဖြင့် ထိန်းကျောင်းရန် လိုအပ်ကြောင်း ရေးသားလိုက်ရပါသည်။ ။

တစ်လှေတည်းစီး တစ်ခရီးတည်းသွား ပြည်ထောင်စုသား သွေးချင်းများ တွဲထားလက်များ ခိုင်စေသား

# မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား ဖူးမြော်ကြည်ညိုရတဲ့အချိန်မှာ နိုင်ငံတော်အကြီးအကဲရဲ့ သာသနာအပေါ်ထားတဲ့ စိတ်ဓာတ်ကို ရှေးသာသနာပြုမင်းတွေကဲ့သို့ အလေးအနက်ထားမှု၊ ကြည်ညိုသဒ္ဓါပွားမှုကို တွေ့မြင်ရပါတယ်

ဦးတင်လှဦး(ထီးလိုမင်းလိုဘုရား ဂေါပကအဖွဲ့အတွင်းရေးမှူး)

**ဖိုးနိုင်(မြဝတီ)**

နေပြည်တော် ဇန်နဝါရီ ၁၄

ပြည်ထောင်စုနယ်မြေ နေပြည်တော် ဒက္ခိဏသီရိမြို့နယ်ရှိ ဗုဒ္ဓဥယျာဉ် ဝတ္ထုကံတော်တွင် တည်ထားပူဇော်သည့် ကမ္ဘာပေါ်ရှိ ထိုင်တော်မူ ကျောက်ဆစ်ဗုဒ္ဓရုပ်ပွားတော်များအနက် ဉာဏ်တော်အမြင့်ဆုံးဖြစ်သည့် မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား မန္တလေးတိုင်းဒေသကြီး ညောင်ဦးမြို့နယ်နှင့် မိတ္ထီလာမြို့နယ်အတွင်းရှိ ဘုရားစေတီများမှ ဘဏ္ဍာတော်ထိန်း ဂေါပကဥက္ကဋ္ဌများနှင့် အဖွဲ့ဝင်များပါဝင်သည့် ဘုရားဖူးအဖွဲ့များသည် ယနေ့နံနက်ပိုင်းတွင် လာရောက်ဖူးမြော်ကြည်ညိုကြသည်။ ထိုသို့လာရောက်ဖူးမြော်ကြည်ညိုကြသူများ၏ စကားသံများကိုဖော်ပြလိုက်ပါသည်။



ဦးဝင်းမောင်မြင့်



ဦးကိုကိုသက်



ဦးဇော်ဝင်းချို



ဦးတင်လှဦး



ဦးတင်ဆန်း

**ဦးဝင်းမောင်မြင့်**
**(ရွှေစည်းခုံ စေတီတော် ဘဏ္ဍာတော်ထိန်း ဂေါပကအဖွဲ့ ဒုတိယဥက္ကဋ္ဌ)**

ယနေ့ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးကို လာရောက်ဖူးမြော်ကြတဲ့ ကျွန်တော်တို့အဖွဲ့ကတော့ ပုဂံရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ်ဒေသမှာရှိတဲ့ ဘုရား၊ ပုထိုး၊ စေတီ ၁၈ ဆူက ဘဏ္ဍာတော်ထိန်း ဂေါပကအဖွဲ့တွေပဲ ဖြစ်ပါတယ်။ ယခုလိုလာရောက်ဖူးမြော်ကြည်ညိုခွင့်ရရှိရန် မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့က အထူးစီစဉ် ဆောင်ရွက်ပေးတာဖြစ်တဲ့အတွက် လွန်စွာမှ ကျေးဇူးတင်ရှိပါတယ်။ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ် တည်ထားကိုးကွယ်ဖို့ စတင်ဆောင်ရွက်တဲ့ စကျင်ကျောက်တော်ကြီး စတင်သယ်ယူခဲ့သည်မှ ဗုဒ္ဓါဘိသေက အနေကဇာတင် အခမ်းအနားဆောင်ရွက်သည်အထိ ဆောင်ရွက်သည့် လုပ်ငန်းစဉ်အဆင့်ဆင့်ကို တီဗွီမှ အကြိမ်ကြိမ်ကြည့်ရှုဖူးပါတယ်။ ထိုစဉ်အခါကပင် ဆောင်ရွက်ခဲ့သည့် အင်ဂျင်နီယာပညာအစွမ်း၊ ဗိသုကာပညာအစွမ်းနှင့် မြန်မာမှု အနုပညာပန်းဆယ်မျိုးနှင့် ထုဆစ်ဆောင်ရွက်ခဲ့သော အနုပညာစွမ်းအားတွေကို တကယ်ကို အံ့မခန်းဖွယ်တွေ့ရတော့ လွန်စွာမှ ဝမ်းမြောက်ဂုဏ်ယူခဲ့ရပါတယ်။ ယခုဒီကိုရောက်တဲ့အခါမှာ မျက်မြင်ဖူးမြော်တွေ့ရှိခဲ့ရတဲ့အခါမှာတော့ ပလ္လင်တော်အမြင့် ၁၈ပေ၊ ဉာဏ်တော်အမြင့် ၆၃ ပေ စုစုပေါင်း ၈၁ ပေရှိတဲ့ ဗုဒ္ဓဆင်းတုတော်ကြီးကို တွေ့ရှိဖူးမြော်ရတော့ အင်မတန်မှ ကြည်ညိုဖွယ်ကောင်းကြောင်းတွေ့ရှိရပါတယ်။ အလေးချိန်အားဖြင့် ဆင်းတုတော်ကြီးနဲ့ ပလ္လင်တော်အလေးချိန်ဟာ ၅၂၈၂ တန်ရှိတဲ့အကြောင်းလည်း သိရှိရပါတယ်။ ကျွန်တော်တို့ မြန်မာနိုင်ငံမှာ တည်ရှိပြီးဖြစ်တဲ့ ကျောက်ဆစ်ရုပ်ပွားတော်များအပြင် ကမ္ဘာမှာ အင်မတန်ရှားတဲ့ ဉာဏ်တော်အမြင့်ဆုံး၊ အလေးချိန်အများဆုံးဖြစ်တဲ့ ရုပ်ပွားတော်ကြီးကို ဖူးမြော် ကြည်ညိုရတဲ့အတွက် ကျွန်တော့်အနေနဲ့ အင်မတန်မှ ဝမ်းသာ ကြည်နူးမိပါတယ်။ ဆက်လက်ပြီးတော့ ဒီပရိဝုဏ်အတွင်းမှာပဲ ကျောက်စာစေတီပေါင်း ၇၂၀ ကို တည်ထားကိုးကွယ်ပြီး အတွင်းမှာ ပိဋကတ်သုံးပုံကို ကျောက်ထက် အက္ခရာတင်ကာ မှတ်တမ်းတင်ရေးထိုးစိုက်ထူထားတာကိုလည်း သိရှိရတယ်။ ကျွန်တော်တို့ မန္တလေးမြို့ မဟာလောကမာရဇိန် ကုသိုလ်တော်ဘုရားအတွင်းရှိ ကမ္ဘာ့မှတ်တမ်းအမွေအနှစ် စာရင်းဝင် ပိဋကတ် ကျောက်စာရုံများအား အလေးထားစံပြုပြီး ဒီမှာလည်း ထွင်းထုဆောင်ရွက်ထားတာကို တွေ့ရပါတယ်။ ဒီလိုဆောင်ရွက်ထားမှုတွေနဲ့ သာသနိကအဆောက်အအုံတွေကို ခေတ်စနစ်နှင့်အညီ ခေတ်သစ်နည်းပညာတွေနဲ့ ဆောင်ရွက်ခဲ့တာဟာ လွန်စွာမှကြည်ညိုဖွယ်ရာဖြစ်နေပါတယ်။ ယခုလိုကိုယ်တိုင်ကိုယ်ကျ လာရောက်ဖူးမြော်ရတော့မှ တီဗွီထဲမှာ ဖူးမြော်တွေ့ရှိရတာထက် ပိုပြီးကြည်ညိုသဒ္ဓါပွားများရပါတယ်။ ယခုလိုရုပ်ပွားတော်ကြီးကို တည်ထားကိုးကွယ်နိုင်ခဲ့တဲ့အတွက် ဗုဒ္ဓဘာသာ၊ သာသနာတော်ကို ယုံကြည်ကိုးကွယ်မှုကို ကမ္ဘာသိအောင် ထင်ထင်ရှားရှား ပြသနိုင်ခဲ့ပါတယ်။ သာသနာ ၅၀၀၀ တည်တံ့ ပြန့်ပွားရေးအတွက် အထောက်အပံ့ကောင်းတစ်ရပ်ဖြစ်ပြီး သမိုင်းတင်ကျန်ရစ်စေမည့် သာသနိကအဆောက်အအုံတစ်ခုလည်း ဖြစ်ပါတယ်လို့ ကျွန်တော်အနေနဲ့ ယူဆမိပါတယ်။ ကျွန်တော်တို့ မြန်မာနိုင်ငံဟာ ထေရဝါဒဗုဒ္ဓသာသနာ စည်ပင်ပြန့်ပွားသော နိုင်ငံဖြစ်ပါတယ်။ အခုလိုနိုင်ငံရဲ့ ကိုယ်စားပြု ဂုဏ်ဒြပ်နဲ့အညီ ရုပ်ပွားတော်ကြီးကို တည်ထားကိုးကွယ်ဖို့ အကောင်အထည်ဖော်ပေးခဲ့တဲ့ ဦးဆောင်ဒါယကာ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်တကွ လုပ်ငန်းခွင်အဆင့်ဆင့်ပါဝင်ခဲ့တဲ့ အကြီးအကဲတွေ၊ လက်ရှိစီမံခန့်ခွဲမှုတွေကို ဆောင်ရွက်နေတဲ့ အကြီးအကဲတွေနဲ့ သက်ဆိုင်ရာ ဂေါပကအဖွဲ့ကိုလည်း အင်မတန်လွန်စွာကျေးဇူးတင်ပါတယ်။ ရုပ်ပွားတော်ကြီးတည်ထားကိုးကွယ်ရန် စ-လယ်-ဆုံး လုပ်ငန်းစဉ်တွေမှာ ပါဝင်ဆောင်ရွက်ခဲ့ကြတဲ့ အသိပညာရှင်တွေ၊ အတတ်ပညာရှင်တွေနဲ့ ကာယ၊ ဉာဏလုပ်အားရှင်တွေကိုလည်း အထူးပင်ကျေးဇူးတင်ရှိပါသည်။ အလားတူ ရုပ်ပွားတော်ကြီး တည်ထားကိုးကွယ်ရာတွင် တစ်စိတ်တစ်ပိုင်း အနေဖြင့် ကုသိုလ်ပြုပါဝင်လှူဒါန်းကြသော အလှူရှင်များ၏ စေတနာ၊ သဒ္ဓါတရားတို့ကိုလည်း လေးစားမြတ်နိုး တန်ဖိုးထားပါကြောင်း ကျွန်တော့်အနေနဲ့ လေးစားစွာ ပြောကြားလိုပါတယ်။

**ဦးကိုကိုသက်**
**(ရွှေဆံတော်စေတီတော်မြတ်ကြီး ဘဏ္ဍာတော်ထိန်း ဂေါပကအဖွဲ့ ဘဏ္ဍာရေးမှူး )**

ကျွန်တော်ကတော့ ညောင်ဦးခရိုင် ပုဂံမြို့ ရွှေဆံတော်စေတီတော်မြတ်ကြီး ဘဏ္ဍာတော်ထိန်း ဂေါပကအဖွဲ့မှ ဘဏ္ဍာရေးမှူး ဦးကိုကိုသက်ဖြစ်ပါတယ်။ အခုလို မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးကို လာရောက်ဖူးမြော်ကြည်ညိုရတဲ့အတွက်ကြောင့် အင်မတန်မှ ဝမ်းသာပီတိဖြစ်ရပါတယ်။ ပထမဦးဆုံး ပြောကြားလိုတာကတော့ အခုလို မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား လာရောက်ဖူးမြော်ခွင့်ရအောင် ဆောင်ရွက်ပေးပါသော ဌာနဆိုင်ရာများမှ လူကြီးမင်းတွေ အားလုံးကို အထူးပင်ဝမ်းမြောက်ကျေးဇူးတင်ရှိပါကြောင်း ပဏာမပြောကြားလိုပါတယ်။ ယခင်က မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးကို မြန်မာ့ရုပ်မြင်သံကြားမှ ကြည်ညိုဖူးမြော်ခွင့်ရရှိခဲ့ပါတယ်။ အခုအခါမှာတော့ ကျွန်တော်တို့ကိုယ်တိုင် လာရောက်ကြည်ညိုဖူးမြော်ခွင့်ရတဲ့အခါမှာ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးရဲ့ မြန်မာကျောက်ဆစ်လက်ရာ၊ ထုဆစ်လက်ရာထုလုပ်ထားပုံတွေဟာ ခေတ်မီဖွံ့ဖြိုးတိုးတက် လာပုံတွေကို ကျွန်တော်တို့ မျက်ဝါးထင်ထင်တွေ့မြင်ခဲ့ရပါတယ်။ ယခုလို မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးကို ထိန်းသိမ်းစောင့်ရှောက်ပေးပါသော ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့အားလုံးကိုလည်း ကျေးဇူးတင်ရှိပါကြောင်း ဒီနေရာမှ ပြောကြားလိုပါတယ်။

**ဦးဇော်ဝင်းချို**
**(အာနန္ဒာဘုရား ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့ ဥက္ကဋ္ဌ)**

မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးကို လာရောက်ဖူးမြော်ခွင့် အရင်က မကြုံခဲ့ဖူးသေးပါဘူး။ အခုချိန်မှာတော့ မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ်နဲ့ တာဝန်ရှိသူတွေရဲ့ စီစဉ်ပံ့ပိုးကူညီမှုနဲ့ ကျွန်တော်တို့ ပုဂံမြို့မှာရှိတဲ့ ဘုရားကြီး ၁၈ ဆူရဲ့ ဂေါပကတွေကို အခုလိုလာရောက်ပြီးတော့ ဖူးမြော်ခွင့်ရအောင် စီစဉ်ဆောင်ရွက်ပေးတဲ့အတွက်ကြောင့်လည်း ကျေးဇူးဦးပကာရတင်ရှိကြောင်းကိုလည်း ပထမ ပြောကြားလိုပါတယ်။ ကျွန်တော်တို့ ပုဂံမှာဆိုရင်လည်း ဘုရားစေတီပေါင်း ၃၈၀၀ လောက်ရှိတယ်ပေါ့နော် ဒီဘုရားတွေက လွန်ခဲ့တဲ့နှစ်ပေါင်း ကိုးရာကျော် တစ်ထောင်နီးပါး ရှိပါတယ်။ ကျွန်တော်တို့ ပုဂံမှာလည်း နံရံဆေးရေးပန်းချီတွေ၊ ကျောက်ဆစ်လက်ရာတွေ စိတ်ဝန်းရုပ်ချပ်တွေစတဲ့အနုပညာ လက်ရာတွေအများကြီးရှိပါတယ်။ သို့သော်လည်း ဒီထဲမှာထူးခြားချက်တစ်ခုက ကျွန်တော်တို့စီမှာတော့ စကျင်ကျောက်နဲ့ ထုထားတဲ့ ဗုဒ္ဓရုပ်ပွားတော်မြတ်တွေ့ရဖို့ အင်မတန်ရှားပါတယ်။ ပုဂံဒေသမှာ ရှိသော်လည်းအနည်းအကျဉ်းသာ ရုပ်ထုရုပ်ပွား သေးသေးလေးတွေပဲ ကျွန်တော်တို့ တွေ့ရှိရပါတယ်။ ဒါကို ဒီမှာတော့ ထူးထူးခြားခြားပဲ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးကတော့ ကမ္ဘာမှာလည်း ဉာဏ်တော်ကလည်း အမြင့်ဆုံး အကြီးဆုံးဆိုတဲ့ ဂုဏ်ပုဒ်တွေနဲ့ ထူးထူးခြားခြား တည်ဆောက်ထားတာဖြစ်တဲ့အတွက်လည်း ဒါဟာ ထူးခြားမှုတစ်ခုဖြစ်ပါတယ်။ အဲဒီအတွက်လည်း ခရီးသွားလုပ်ငန်းကဏ္ဍအတွက် အများကြီးအကျိုးရှိပါတယ်။ နံပါတ်တစ်က ကျွန်တော်တို့ ဗုဒ္ဓဘာသာလူမျိုးတွေရဲ့ အထွတ်အမြတ်ဖြစ်တဲ့ ဗုဒ္ဓဘုရားကိုလာရောက်ဖူးမြော်ခွင့်ရတဲ့နေရာပေါ့နော် ဘုရားတစ်ဆူတိုးလာတဲ့အတွက်ကြောင့်လည်း အင်မတန်မှ ကုသိုလ်ရပါတယ်။ နောက်တစ်ချက်ကလည်း ကမ္ဘာလှည့်ခရီးသွားတွေအတွက်ဆိုရင်လည်း ခရီးသွားလုပ်ငန်းအတွက် ကမ္ဘာမှာ အံ့ဖွယ်ရာ ဘုရားကြီးတစ်ဆူ ဖြစ်တဲ့အတွက် တခြားနိုင်ငံတွေမှာလည်း မရှိတဲ့ စကျင်ကျောက်ကြီးနဲ့ ထုထားတဲ့ ကမ္ဘာအကြီးဆုံး ဉာဏ်တော်အမြင့်ဆုံး ထိုင်တော်မူကျောက်ဆစ်ရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ထားတယ်ဆိုတာ ကမ္ဘာလှည့်ခရီးသွားတွေကို ပြသခွင့်ရတဲ့အတွက် အင်မတန်မှ ကျွန်တော်တို့နိုင်ငံ ခရီးသွားလုပ်ငန်းအတွက် အကျိုးဖြစ်ထွန်းပြီးတော့ ဂုဏ်ယူဖွယ်ရာဖြစ်ပါတယ်။

ကျွန်တော်တို့ ပြောချင်တာကတော့ ဒီဘုရားကြီးကို ရောက်လာတဲ့အခါမှာ အရင်က TV မှာမြင်ရတာထက် တကယ်ကိုယ်တွေ့မြင်ရတဲ့အခါမှာ တူညီမှုမရှိဘဲ ပိုမိုပြီးတော့ အံ့သြဖွယ်ရာ တွေ့မြင့်ရပါတယ်။ ဒီမာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးရဲ့ ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့ရဲ့ စီမံခန့်ခွဲ၊ သန့်ရှင်းသာယာလှပမှု လုံခြုံရေးကအစ အစစအရာရာမြင်တွေ့ရတာ သန့်သန့်ရှင်းရှင်းနဲ့တွေ့ရတဲ့အတွက်ကြောင့် ကျွန်တော်တို့အနေနဲ့ ဝမ်းသာပီတိ ဖြစ်ရတယ်။ ကျွန်တော်တို့ပြန်သွားတဲ့အခါမှာ ဒါတွေကို အတုယူပြီးတော့ ကျွန်တော်တို့ ဘုရားတွေမှာ ကောင်းမွန်တဲ့ လုပ်သင့်တဲ့ ဒီကအချက်အလက်တွေကို အတုယူပြီးတော့ ပြန်လည်လုပ်ဆောင်သွားမှာပါ။ ကျွန်တော်တို့ခရီးစဉ်ကိုဖြစ်မြောက်အောင် ဆောင်ရွက်ပေးတဲ့ နိုင်ငံတော်အကြီးအကဲနဲ့ တာဝန်ရှိသူတွေ အားလုံးကို ကျေးဇူးတင်ရှိကြောင်း ပြောကြားလိုပါတယ်။

**ဦးတင်လှဦး**
**(ထီးလိုမင်းလိုဘုရား ဂေါပကအဖွဲ့ အတွင်းရေးမှူး)**

ကျွန်တော်ကတော့ ပုဂံ ညောင်ဦးဒေသ ထီးလိုမင်းလိုဘုရား ဂေါပကအဖွဲ့ အတွင်းရေးမှူး ဦးတင်လှဦး ဖြစ်ပါတယ်။ ကျွန်တော်တို့ ပုဂံညောင်ဦးဒေသက တန်ခိုးကြီးဘုရား ၁၈ ဆူရဲ့ ဂေါပကတွေကို မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား ဖူးမြော်ကြည်ညိုရအောင်၊ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးရဲ့ ဂေါပကအဖွဲ့၏ စီမံခန့်ခွဲမှုကို လေ့လာအတုယူလို့ရအောင် စီမံဆောင်ရွက်ပေးတဲ့ မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ်နဲ့ တာဝန်ရှိသူတွေကို အထူးကျေးဇူးတင်ရှိပါတယ်။ ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေမှာ ရှေးသာသနာပြုမင်းတွေက တည်ထားကိုးကွယ်ခဲ့သောဘုရားတွေတည်ဆောက်ခဲ့ပုံ၊ စီမံခန့်ခွဲခဲ့မှု၊ ကြီးကျယ်ခမ်းနားမှုတွေကို ကျွန်တော်တို့ ဂေါပကအဖွဲ့တွေက ကြည်ညိုဝမ်းသာစိတ်ဖြင့် ဆက်လက်ထိန်းသိမ်းဆောင်ရွက်နေတာဖြစ်ပါတယ်။

စာမျက်နှာ ၉ သို့ ✪

# မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ဘုရားစေတီများမှ ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့ဝင်များ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား ဖူးမြော်ကြည်ညို



**နေပြည်တော် ဇန်နဝါရီ ၁၄**

မန္တလေးတိုင်းဒေသကြီး ညောင်ဦးမြို့နယ်အတွင်းရှိ ဘုရားစေတီများမှ ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့ဝင် ၅၄ ဦးနှင့် မိတ္ထီလာမြို့နယ်အတွင်းရှိ ဘုရားစေတီများမှ ဘဏ္ဍာတော်ထိန်း ဂေါပကအဖွဲ့ဝင် ၆၂ ဦး စုစုပေါင်း ၁၁၆ ဦးတို့သည် ယနေ့နံနက်ပိုင်းတွင် ပြည်ထောင်စုနယ်မြေ နေပြည်တော် ဒက္ခိဏသီရိမြို့နယ်ရှိ ဗုဒ္ဓဥယျာဉ်ဝတ္ထုကံတော်တွင် တည်ထားပူဇော်သည့် ကမ္ဘာပေါ်ရှိ ထိုင်တော်မူကျောက်ဆစ် ဗုဒ္ဓရုပ်ပွားတော်များအနက် ဉာဏ်တော်အမြင့်ဆုံးဖြစ်သည့် မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား လာရောက်ဖူးမြော်ကြည်ညိုကြသည်။

**ရှင်းလင်းပြောကြား**

ဦးစွာ ရှင်းလင်းဆောင်၌ မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး ဂေါပကအဖွဲ့နှင့် ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ပူဇော်ခြင်းနှင့် ထိန်းသိမ်းခြင်းလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်ခဲ့ကြသည့် ကျွမ်းကျင်ပညာရှင်များက မာရဝိဇယဘုရားကြီး တည်ထားကိုးကွယ်ပူဇော်ရခြင်း ရည်ရွယ်ချက်၊ ရုပ်ပွားတော်မြတ်ကြီးအား လုပ်ငန်းစဉ်အဆင့်ဆင့်ဖြင့် အောင်မြင်စွာ တည်ထားပူဇော်နိုင်ခဲ့မှု၊ လက်ရှိထိန်းသိမ်းဆောင်ရွက်နေမှု၊ ခေတ်မီစက်ကိရိယာများအသုံးပြု၍ ကျောက်စာရုံစေတီတော်များ တည်ထားဆောင်ရွက်ခဲ့မှုနှင့် သာသနာရေးဆိုင်ရာ အခမ်းအနားကြီးများ စည်ကားသိုက်မြိုက်စွာ ကျင်းပနိုင်ခဲ့မှုအခြေအနေတို့ကို ရှင်းလင်းပြောကြားကြပြီး မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး အောင်မြင်စွာ တည်ထားပူဇော်နိုင်ရန် အဆင့်ဆင့်ဆောင်ရွက်ခဲ့မှု ဗီဒီယိုမှတ်တမ်းကို ပြသသည်။

**ကျေးဇူးတင်စကားပြောကြား**

ထို့နောက် ဘုရားဖူးလာဂေါပကအဖွဲ့ဝင်များက ယခုကဲ့သို့ ရုပ်ပွားတော်မြတ်ကြီးအား အဆင်ပြေချောမွေ့စွာ လာရောက်ဖူးမြော်နိုင်ရေးအတွက် စီစဉ်ဆောင်ရွက်ပေးမှုများနှင့် ရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ပူဇော်ခဲ့မှု လုပ်ငန်းစဉ်အဆင့်ဆင့်ကို အသေးစိတ် ရှင်းလင်း ပြောကြားပေးမှုများအပေါ် ကျေးဇူးတင်စကားများ ပြောကြားကြသည်။ ထို့နောက် ဘုရားဖူးလာ ဂေါပကအဖွဲ့ဝင်များက ရုပ်ပွားတော်မြတ်ကြီး အောင်မြင်စွာ တည်ထားပူဇော်နိုင်ခဲ့မှု အခြေအနေနှင့်စပ်လျဉ်း၍ သိရှိလိုသည်များကို မေးမြန်းကြရာ တာဝန်ရှိသူများက အသေးစိတ် ပြန်လည်ရှင်းလင်း ဖြေကြားသည်။

ယင်းနောက် ဂေါပကအဖွဲ့ဝင်များသည် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး ဘက်စုံပြုပြင်မွမ်းမံရန်အတွက် အလှူငွေများပေးအပ်လှူဒါန်းကြသည်။ ဆက်လက်၍ ဘုရားဖူးလာ ဂေါပကအဖွဲ့ဝင်များသည် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား သွားရောက်ဖူးမြော်ကြည်ညိုကြပြီး ဘုရားရင်ပြင်တော်ပတ်လည်၌ စကျင်ကျောက်များအသုံးပြု၍ တည်ဆောက်ထားသည့် ဂန္ဓကုဋိတိုက်များအတွင်း၌ လှည့်လည်ကြည့်ရှုကြသည်။ ထို့နောက် ဘုရားဖူးလာ ဂေါပကအဖွဲ့ဝင်များသည် ဗုဒ္ဓဥယျာဉ်တော်အတွင်း တည်ဆောက်ထားရှိသည့် မော်ကွန်းတိုက်၌ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးနှင့် ဗုဒ္ဓဥယျာဉ်တော်ပုံစံငယ်ပြသထားမှု၊ ဗုဒ္ဓဥယျာဉ်တော်အတွင်း ကျင်းပခဲ့သည့် မဟာမင်္ဂလာအခမ်းအနားများတွင် အသုံးပြုခဲ့သည့်ပစ္စည်းများ၊ ဘုရားရှင်ဓာတ်တော်၊ ရဟန္တာဓာတ်တော်များ ထည့်သွင်းပူဇော်ခဲ့သည့် ရွှေဖလားများ၊ မာရဝိဇယဆင်းတုတော်ကြီးအား အစိတ်အပိုင်းလေးပိုင်းခွဲ၍ တည်ဆောက်ထားသော ဆင်းတုတော်ကြီးပုံစံငယ်များ၊ မြန်မာ့ရိုးရာပန်းဆယ်မျိုး လက်ရာပုံစံငယ်များ၊ ရုပ်ပွားတော်မြတ်ကြီး တည်ထားပူဇော်မှု မှတ်တမ်းဓာတ်ပုံများ၊ ဗိသုကာလက်ရာများဖြင့် ခမ်းနားထည်ဝါစွာ တည်ထားပူဇော်ထားသည့် အဂ္ဂမဓိပတိ သာသနာ့ဗိမာန်တော်ကြီး၊ ကျောက်စာရုံစေတီတော်များနှင့် အခြားသာသနိကအဆောက်အအုံများကို ဆက်လက်ဖူးမြော် လေ့လာကြည်ညိုခဲ့ကြသည်။

ထို့အတူ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား အနယ်နယ်အရပ်ရပ်မှ ရဟန်းရှင်လူ ဘုရားဖူးပြည်သူများ လာရောက်ဖူးမြော်ကြည်ညိုလျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

---

✪ စာမျက်နှာ ၈ မှ

ကျွန်တော်တို့ ဘုရားလာရောက်ဖူးမြော်တဲ့ အချိန်မှာလည်း မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား ဖူးမြော်ကြည်ညိုရတဲ့အချိန်မှာ နိုင်ငံတော်အကြီးအကဲရဲ့ သာသနာအပေါ်ထားတဲ့ စိတ်ဓာတ်အားရေးသာသနာပြုမင်းတွေကဲ့သို့ အလေးအနက်ထားမှု၊ ကြည်ညိုသဒ္ဓါပွားမှုကိုတွေ့မြင်ရပါတယ်။ ယနေ့နိုင်ငံတော်အကြီးအကဲက ဆရာတော်ကြီးတွေရဲ့ ဩဝါဒကိုခံယူပြီး အစမှအဆုံး ဦးဆောင်စီမံခန့်ခွဲ၍ တည်ထားခဲ့သော မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးကို မျက်မြင်ဖူးတွေ့လိုက်ရချိန် ကျွန်တော့်စိတ်ထဲမှာ အင်မတန်မှဝမ်းသာပီတိဖြစ်ပြီး သာသနာအတွက်၊ နိုင်ငံတော်အတွက် မှတ်ကျောက်တင်ခံနိုင်တဲ့ ရုပ်ပွားတော်မြတ်ကြီး ဖြစ်ပါတယ်။ ထေရဝါဒဗုဒ္ဓဘာသာရဲ့ အနှစ်သာရဖြစ်တဲ့ ပိဋကတ်သုံးပုံကို အမြော်အမြင်ကြီးတဲ့ မင်းတုန်းမင်းကြီးက ပေထက်အက္ခရာမှ ကျောက်ထက်အက္ခရာတင်ခဲ့သလို ယခု နိုင်ငံတော်အကြီးအကဲက ရှေးမင်းကြီးကဲ့သို့ ပိဋကတ်သုံးပုံဖြစ်တဲ့ သုတ်၊ ဝိနည်း၊ အဘိဓမ္မာ တရားများကို ကျောက်ထက်အက္ခရာတင်ရာမှာ နိုင်ငံတကာကပါ သိရှိလေ့လာဖတ်ရှုနိုင်အောင် ရိုမန်အက္ခရာနဲ့ပါ ထပ်တိုးတင်ထားတဲ့အတွက် ကျွန်တော်တို့ရဲ့ ထေရဝါဒဗုဒ္ဓဘာသာရဲ့ အနှစ်သာရကို နောင်နှစ်ပေါင်းများစွာ နိုင်ငံတကာက ဖတ်ရှုနိုင်အောင်စီမံခဲ့တဲ့အတွက် အင်မတန်ဝမ်းမြောက်မိပါတယ်။ ကျွန်တော်တို့ ဂေါပကအဖွဲ့ကို အခုလိုအသေးစိတ်လိုက်လံရှင်းပြပေးတဲ့ မာရဝိဇယရုပ်ပွားတော်မြတ်ကြီးရဲ့ ဂေါပကအဖွဲ့တွေကို ကျေးဇူးတင်ပါတယ်၊ ဂေါပကအဖွဲ့ရဲ့စီမံခန့်ခွဲမှုတွေကို အတုယူစရာ၊ လေ့လာစရာ အများအပြားရှိပါတယ်။ ကျွန်တော်တို့လဲ ဒီလိုဖြစ်အောင် စီမံဆောင်ရွက်သွားပါမယ်။ နောင်လည်း ကျွန်တော်နဲ့နီးစပ်တဲ့ ဆွေမျိုးသားချင်းတွေ၊ ကျန်ခဲ့တဲ့ဂေါပကတွေ၊ ဝန်ထမ်းတွေကိုလည်း ဘုရားကြီး ဖူးမြော်ကြည်ညိုနိုင်ရန် ထပ်မံပို့ဆောင်ပေးသွားမယ်လို့ ပြောကြားအပ်ပါတယ်ခင်ဗျာ။ ဗုဒ္ဓသာသနာတော်မြတ်ကြီး နေလိုလလိုထွန်းလင်းပြီး သာသနာတော်မြတ်ကြီး အဓွန့်ရှည်ပါစေလို့ ဆုတောင်းအပ်ပါတယ်။

**ဦးတင်ဆန်း (မိတ္ထီလာမြို့ မဟာဓမ္မရာဇိက ရွှေမြင်တင်စေတီတော် ဘဏ္ဍာတော်ထိန်း ဂေါပကအဖွဲ့ဥက္ကဋ္ဌ)**

နေပြည်တော်မှာ တည်ထားကိုးကွယ်ထားတဲ့ မာရဝိဇယရုပ်ပွားတော်မြတ်ကြီးဟာ ကမ္ဘာပေါ်ရှိ ထိုင်တော်မူ ကျောက်ဆစ်ဗုဒ္ဓရုပ်ပွားတော်များအနက် ဉာဏ်တော်အမြင့်ဆုံးဖြစ်ကြောင်း သိရတဲ့အတွက် နိုင်ငံတော်အတွက် ဂုဏ်ယူမဆုံးဖြစ်ရပါတယ်။ ဗိသုကာလက်ရာတွေကို ခေတ်စနစ်နဲ့အညီ ခေတ်သစ်နည်းပညာတွေနဲ့ ဗုဒ္ဓသာသနာတော်အတွက် ကမ္ဘာကမှတ်တမ်းတင်ထိုက်တဲ့ ထင်ရှားပြီး ကြည်ညိုဖွယ်ဖြစ်အောင် ထုဆစ်ထားတာကို အံ့မခန်း ဖူးမြော်ရပါတယ်။ ပိဋကတ်သုံးပုံကျောက်စာရုံစေတီတွေ၊ ရေပန်းအလှတွေ၊ ဂန္ဓကုဋိတိုက်၊ သာသနာ့ဗိမာန်တော်ကြီး၊ မုစလိန္ဒအိုင်၊ သုဓမ္မာဇရပ်များ၊ မြေယာရှုခင်းအလှ ဆောင်ရွက်ထားမှုတွေ၊ မန္တလေးအငွေ့အသက် မင်္ဂလာတံတားပုံစံတူတံတား အစရှိတဲ့ စိတ်ကြည်နူးဖွယ် ရှုခင်းအလှတွေဟာ စိတ်ကို ပိုမိုကြည်ညိုဖွယ်ဖြစ်စေပါတယ်။ အခုလို အကောင်အထည်ဖော်ပေးတဲ့ ဦးဆောင်ဒါယကာ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်တကွ တာဝန်ယူဆောင်ရွက်ကြရတဲ့ နိုင်ငံတော်အကြီးအကဲတွေ၊ လက်ရှိ စီမံခန့်ခွဲမှုတွေ ဆောင်ရွက်နေတဲ့ အကြီးအကဲတွေနဲ့ သက်ဆိုင်ရာ ဂေါပကအဖွဲ့တွေကို အထူးကျေးဇူးတင်ပါတယ်။ လက်ရှိဆောင်ရွက်နေကြတဲ့ တာဝန်ရှိသူတွေ၊ ဂေါပကတွေ၊ ဦးစီးကော်မတီက တာဝန်ရှိသူတွေကို ဘုရားဖူးလာသူတိုင်းအား ကြည်ညိုဖွယ်ဖြစ်အောင်၊ ဂုဏ်ယူရအောင် ဘုရားကို ထိန်းသိမ်းစောင့်ရှောက်ပေးတဲ့အတွက်လည်း ကျေးဇူးတင်ပါတယ်။ ကမ္ဘာမှာ ဉာဏ်တော်အမြင့်ဆုံး ရုပ်ပွားတော်ကို အခုလိုတည်ထားကိုးကွယ်တဲ့အတွက် ဘုရားဖူးပြည်သူတစ်ယောက်အနေနဲ့ရော ဂေါပကအဖွဲ့ဝင်အနေနဲ့ပါ အင်မတန်ဂုဏ်ယူဝမ်းမြောက်မိပါတယ်။ ကျွန်တော်တို့ကို ဘုရားရဲ့ ထိန်းသိမ်းစောင့်ရှောက်ရေးအပိုင်းမှာ ခေတ်မီနည်းပညာတွေသုံးပြီး ထိန်းသိမ်းဆောင်ရွက်မှု အကြံဉာဏ်ကောင်းတွေကို မျှဝေပေးစေလိုပါတယ်။ မာရဝိဇယရုပ်ပွားတော်မြတ်ကြီးကို စကျင်ကျောက်တော်ကြီး စတင်သယ်ယူပြီး ထုဆစ်တဲ့အထိ တီဗွီထဲမှာ တွေ့ရပါတယ်။ နောက်ပိုင်းဘုရား အနေကဇာတင်ပွဲတွေ၊ ဘုရားပွဲတွေကိုလည်း တီဗွီထဲမှာ တွေ့ရပါတယ်။ ဒါပေမဲ့ ကိုယ်တိုင်ကိုယ်ကျ ဖူးမြော်ချင်လို့ ပထမဆုံးအကြိမ်အဖြစ် လာရောက်ဖူးမြော်ကြည်ညိုတာဖြစ်ပါတယ်။ အခုလို ကိုယ်တိုင်ကိုယ်ကျ လာရောက်ဖူးမြော်ရတော့ တီဗွီထဲမှာဖူးမြော်ရတာထက်ကိုပိုပြီး ကြည်ညိုသဒ္ဓါပွားရပါတယ်။ ကမ္ဘာပေါ်မှာ အကြီးမားဆုံးသော ထိုင်တော်မူဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးရှိနေတာဟာ ကျွန်တော်တို့ဘာသာအတွက် အင်မတန်ဂုဏ်ယူရပြီး ကမ္ဘာတည်သရွေ့ တည်တံ့မယ့် အနေအထားဖြစ်မှာပါ။ အခုလိုမျိုး တည်ထားကိုးကွယ်ပေးတဲ့ နိုင်ငံတော်အကြီးအကဲနဲ့ ဂေါပကအဖွဲ့တွေ တာဝန်ရှိသူအားလုံးကို ကျေးဇူးတင်ပါတယ်။ ရုပ်ပွားတော်မြတ်ကြီးကို တည်ထားကိုးကွယ်နိုင်ခဲ့တဲ့အတွက် ဗုဒ္ဓဘာသာသာသနာတော်မြတ်ကြီးကို ယုံကြည်စွာကိုးကွယ်မှုအား ကမ္ဘာသိအောင် ထင်ထင်ရှားရှားပြသနိုင်ခဲ့ပါတယ်။ ဗုဒ္ဓဘာသာသာသနာတော် တည်တံ့ပြန့်ပွားရေးအတွက် များစွာအထောက်အကူဖြစ်တယ်ဆိုတာကို တွေ့ရတာကြောင့် အင်မတန်ဝမ်းသာပီတိဖြစ်ရပါတယ်။ ကျွန်တော်တို့အဖွဲ့ကလည်း ဒီကနေ့ စီမံခန့်ခွဲတဲ့အပိုင်းတွေကို အတုယူပြီးတော့ မိမိတို့တာဝန်ယူရတဲ့ ဘုရားစေတီတွေမှာ ပိုပြီးတော့ အများကြည်ညိုဖွယ်ဖြစ်အောင် ကြိုးစားပြီး ဆောင်ရွက်သွားပါမယ်။ ရုပ်ပွားတော်မြတ်ကြီးတည်ထားတဲ့ အခါမှာလည်း အခက်အခဲပေါင်းစုံ၊ စိန်ခေါ်မှုပေါင်းစုံနဲ့ အတိမ်းအစောင်းမခံတဲ့ တည်ထားမှုလုပ်ငန်းစဉ်တွေကို လေ့လာမှတ်သား သိရှိရပါတယ်။ ဒီလိုအခြေအနေမျိုးမှာ သက်ဆိုင်ရာတာဝန်ရှိသူတွေက နည်းပညာအပြည့်အစုံနဲ့ အဘက်ဘက်က ပူးပေါင်းပါဝင်ဆောင်ရွက်ကြပြီး ဘုရားကြီးကို တည်ထားပေးတဲ့အတွက် လေးစားဂုဏ်ယူမိပါတယ်။ ဒီနေ့ကျွန်တော်တို့ မိတ္ထီလာခရိုင်အတွင်းရှိ ဘုရား၊ စေတီဂေါပကအဖွဲ့ဝင်တွေစုစည်းပြီး မာရဝိဇယရုပ်ပွားတော်မြတ်ကြီးကို စုပေါင်းလာရောက်ဖူးမြော်ခွင့်ရတာဟာ အင်မတန်တန်ဖိုးရှိပါတယ်။ သာသနိကအဆောက်အအုံအခင်းအကျင်း၊ ဘုရားနဲ့ပတ်သက်တဲ့ အချက်အလက်တွေကို လေ့လာမှတ်သားရပါတယ်။ အခုဘုရားဖူးခရီးစဉ်က ဂေါပကအဖွဲ့ဝင်တစ်ဦးအနေနဲ့ အင်မတန်မှကို တန်ဖိုးရှိတဲ့ခရီးစဉ်တစ်ခုဖြစ်ပါတယ်။ အခုခရီးစဉ်ကို စီစဉ်ဆောင်ရွက်ပေးတဲ့ တာဝန်ရှိသူတွေအားလုံးကို အထူးပဲကျေးဇူးတင်ပါတယ်။ ကျွန်တော်တို့ ဂေါပကအဖွဲ့တွေသာမက နောက်မှာကျန်ရှိတဲ့ ဂေါပကရုံးအဖွဲ့တွေလည်း ဖူးမြော်ခွင့်ရပြီး ဘုရားကြီးနဲ့ပတ်သက်တဲ့ အချက်အလက်တွေကို ကြားသိခွင့်ရရင် ပိုပြီး တန်ဖိုးရှိမယ်လို့ အကြံပြုချင်ပါတယ်။ မြန်မာနိုင်ငံမှာ ထေရဝါဒဗုဒ္ဓသာသနာတော်ကြီး ခိုင်မာစွာ ထွန်းလင်းတောက်ပနေမှုအား ကမ္ဘာကိုပြသရေး၊ မြန်မာနိုင်ငံမှာ ထေရဝါဒဗုဒ္ဓဘာသာကိုးကွယ်မှုရဲ့ ဗဟိုချက်အဖြစ် သာသနာပြန့်ပွားရေးလုပ်ငန်းတွေ ဆောင်ရွက်ပြီး အဓွန့်ရှည်တည်တံ့စေရေး၊ နိုင်ငံတော်ကြီး သာယာဝပြောပြီး ပြည်သူပြည်သားတွေ လုံခြုံအေးချမ်းစွာ နေထိုင်နိုင်စေရေးနဲ့ ကမ္ဘာကြီးငြိမ်းချမ်းသာယာစေရေးဆိုတဲ့ ကောင်းမွန်တဲ့ စိတ်ဆန္ဒ ရည်ရွယ်ချက်တွေနဲ့ ရုပ်ပွားတော်မြတ်ကြီးကို တည်ထားတာကို တွေ့ရပါတယ်။ ဒါကြောင့် နိုင်ငံသူ၊ နိုင်ငံသားတွေနဲ့ ကမ္ဘာသူ၊ ကမ္ဘာသားအားလုံး အေးချမ်းသာယာပါစေလို့ တောင်းဆုပြုပါတယ်။

**ဖိုးနိုင်(မြဝတီ)**

# ကမ္ဘာ့စစ်ပွဲကြီးများနှင့် ကုလသမဂ္ဂရှေ့ခရီး

မေယု-မျိုးအောင်



ဟီရိုရှီးမား(ဝဲ)နှင့် နာဂါဆာကီမြို့(ယာ)တို့အပေါ် ကြဲချခဲ့သည့် အနုမြူဗုံးပေါက်ကွဲမှုမှ ဖြစ်ပေါ်လာသည့် မှိုပွင့်သဏ္ဌာန် တိမ်ထုကြီးများကို တွေ့ရစဉ်။

၁၉၄၅ ခုနှစ် ဩဂုတ်လ ၆ ရက်နေ့က ဂျပန်နိုင်ငံ ဟီရိုရှီးမားမြို့ပေါ်သို့ အမေရိကန်က အဏုမြူဗုံးတစ်လုံး ကြဲချခဲ့ရာ ထိုနေ့သည် သမိုင်းတစ်လျှောက် လူအသေအပျောက် အများဆုံးနေ့ ဖြစ်ခဲ့သည်။ နောက်သုံးရက်အကြာ ဩဂုတ်လ ၉ ရက်နေ့တွင် နာဂါဆာကီမြို့သို့ ဒုတိယမြောက် အဏုမြူဗုံးတစ်လုံးကို ထပ်မံကြဲချခဲ့ပြန်သည်။ ထိုစဉ်က ကြဲချခဲ့သော အဏုမြူဗုံးကြောင့် လူပေါင်း ၁၂၉၀၀၀ မှ ၂၂၆၀၀၀ အကြား သေဆုံးခဲ့ပြီး လူအများအပြား ဒဏ်ရာရရှိခဲ့သည်။ ထိုမြို့များရှိ အဆောက်အအုံပေါင်း၏ ၇၀ ရာခိုင်နှုန်းခန့် ပျက်စီးခဲ့ရသည်။ အသက်ရှင်ကျန်ရစ်သူ အများအပြားသည်လည်း အဏုမြူရောင်ခြည်သင့်မှုကြောင့် နောက်ဆက်တွဲရောဂါဝေဒနာများကို နှစ်ပေါင်းများစွာ ခံစားခဲ့ကြရသည်။ ဒုတိယကမ္ဘာစစ်တွင် ဂျာမနီသည် လက်နက်ချခဲ့ပြီးဖြစ်သော်လည်း ဂျပန်ကလက်နက်ချရန် ငြင်းဆန်နေသဖြင့် စစ်ပွဲအဆုံးသတ်ရန်အတွက် အမေရိကန်က အဏုမြူဗုံး အသုံးပြုခဲ့ခြင်းဖြစ်သည်။ ရွေးချယ်စရာမရှိသော ဂျပန်သည် ဩဂုတ်လ ၁၅ ရက်နေ့တွင် မဟာမိတ်များထံ လက်နက်ချခဲ့ရသည်။ လက်နက်ချအခမ်းအနားကို စက်တင်ဘာလ ၂ ရက်နေ့တွင် တိုကျိုပင်လယ်အော်၌ လက်မှတ်ရေးထိုးခြင်းဖြင့် ဒုတိယကမ္ဘာစစ်ပြီးဆုံးခဲ့သည်။ အမေရိကန်သည် ဂျပန်ကို အဏုမြူဗုံးဖြင့် အနိုင်ယူခဲ့သော်လည်း အရပ်သားများအပေါ် ပစ်မှတ်ထားမှုကြောင့် ပြင်းထန်သော ဝေဖန်မှုများနှင့် ကြုံတွေ့ခဲ့ရသည်။

လွန်ခဲ့သောနှစ်ပေါင်း ၇၈ နှစ်က ဖြစ်ပွားခဲ့သော ဟီရိုရှီးမား၏ ကြေကွဲဖွယ်အနိဋ္ဌာရုံများသည် စစ်ပွဲများ၏ ဆိုးကျိုးကို အမှတ်ရစေပြီး စစ်ဆန့်ကျင်ရေး အဏုမြူလက်နက်ကင်းစင်သည့် ကမ္ဘာကြီးဖြစ်လာစေရေးအတွက် တွန်းအားဖြစ်ခဲ့သည်။ ဒုတိယကမ္ဘာစစ်အပြီးတွင် အဆိုပါဖြစ်ရပ်မျိုး နောက်တစ်ကြိမ် ထပ်မံမပေါ်ပေါက်စေရေးအတွက် နိုင်ငံအသီးသီးက နျူကလီးယားလက်နက် ထိန်းချုပ်ကန့်သတ်ရေး၊ လျှော့ချရေး၊ ဖျက်သိမ်းရေး၊ အဏုမြူဗုံးစမ်းသပ်ဖောက်ခွဲမှုများ မပြုလုပ်ရေးတို့အတွက် တောင်းဆိုမှုများ ကျယ်ကျယ်ပြန့်ပြန့် ဖြစ်ပေါ်ခဲ့သည်။ ကုလသမဂ္ဂက နျူကလီးယားလက်နက် မပြန့်ပွားရေးဆိုင်ရာ အစီအစဉ်များကို တစိုက်မတ်မတ် လုပ်ဆောင်ခဲ့သည်။ အင်အားကြီးနိုင်ငံများ၏ နျူကလီးယားလက်နက်ပိုင်ဆိုင်ရေး အပြိုင်အဆိုင်ကြိုးပမ်းမှုများကြောင့် အောင်မြင်မှုများနှင့် အလှမ်းဝေးနေဆဲဖြစ်သည်။

ကမ္ဘာကြီးသည်လက်ရှိတွင် စစ်အေးကာလနောက်ပိုင်း နျူကလီးယားလက်နက်များ အသုံးပြုလာနိုင်သည့် အမြင့်ဆုံးအန္တရာယ်နှင့် ရင်ဆိုင်နေရသည်။ နျူကလီးယားလက်နက် ပိုင်ဆိုင်မှုများသည်လည်း ဆယ်စုနှစ်များအတွင်း ပို၍ကြီးထွားလာသည်။ စတော့ဟုမ်းအပြည်ပြည်ဆိုင်ရာ ငြိမ်းချမ်းရေးသုတေသနအဖွဲ့ကြီး(SIPRI)၏ ခန့်မှန်းချက်အရ ၂၀၂၃ ခုနှစ် ဇန်နဝါရီလအထိ နျူကလီးယားလက်နက် ပိုင်ဆိုင်ထားသောနိုင်ငံများရှိ နျူကလီးယားထိပ်ဖူးအရေအတွက် စုစုပေါင်းသည် ၁၂၅၁၂ ခုအထိရှိနေသည်။ ၁၉၈၆ ခုနှစ်က ဖြစ်ပွားခဲ့သော ချာနိုဘိုင်းနျူကလီးယားမတော်တဆမှုဖြစ်မှုသည်ပင်လျှင် ဟီရိုရှီးမားနှင့် နာဂါဆာကီမြို့တို့၌ ကြဲချခဲ့သော ဗုံးများ၏ ရောင်ခြည်ဖြာထွက်မှုထက် အဆ ၁၀၀ အထိရှိခဲ့ရာ ခေတ်သစ်နျူကလီးယားလက်နက်များ၏ အဖျက်စွမ်းအားများသည်ကား ဆိုဖွယ်ရာမရှိတော့ပြီ ဖြစ်သည်။

စစ်ပွဲများသည် နိုင်ငံတစ်နိုင်ငံ၏ ကြွယ်ဝမှုနှင့် အရင်းအမြစ်များကို ဆုတ်ယုတ်စေရုံသာမက လူ့အသက်များကို လုယူခဲ့ကြသည်။ ဟီရိုရှီးမား၏ ကြောက်မက်ဖွယ်ကောင်းသော သင်ခန်းစာများသည် ယနေ့အထိတိုင် ကမ္ဘာလုံးဆိုင်ရာ ခြိမ်းခြောက်မှုအဖြစ် ဆက်လက်တည်ရှိနေဆဲဖြစ်သည်။ ကမ္ဘာ့သမိုင်းတစ်လျှောက်တွင် နှစ်ဆယ်ရာစု၏ပထမနှစ်ဝက်အတွင်း ကြီးမားကျယ်ပြန့်သည့် စစ်ကြီးနှစ်ကြိမ် ဖြစ်ပွားခဲ့သည်။ ၁၉၁၄ ခုနှစ်တွင် ဖြစ်ပွားခဲ့သည့် ပထမကမ္ဘာစစ်သည် ၁၉၁၉ ခုနှစ်တွင် ပြီးဆုံး၍ ၁၉၃၉ ခုနှစ်တွင် ဖြစ်ပွားခဲ့သော ဒုတိယကမ္ဘာစစ်သည် ၁၉၄၅ ခုနှစ်တွင် ပြီးဆုံးခဲ့ရာ နှစ်ပေါင်း ၃၀ ကျော် ကာလအတွင်း စစ်မက်ဖြစ်ပွားချိန် ၁၀ နှစ်ကျော်ကြာမြင့်ခဲ့သည်။ စစ်ပွဲကာလအတွင်း လူသန်းပေါင်းများစွာ သေဆုံး၊ ဒဏ်ရာရရှိခဲ့ကြသည်။ ကမ္ဘာကြီးတွင် ကမ္ဘာစစ်များ ထပ်မံဖြစ်ပွားမှုမရှိစေရေးနှင့် စစ်မက်ဖြစ်ပွားလာမည့် အန္တရာယ်များကို ကမ္ဘာပေါ်ရှိ နိုင်ငံများအားလုံးက ဝိုင်းဝန်းတားဆီးနိုင်ရန် စဉ်းစားလာကြရသည်။ နိုင်ငံတိုင်း ကြီးငယ်မဟူ တန်းတူရည်တူရှိခွင့်ကို လေးစားရန်နှင့် တစ်နိုင်ငံနှင့်တစ်နိုင်ငံ ကျူးကျော်ရန်စမှုမရှိဘဲ လုံခြုံအေးချမ်းစွာ အတူယှဉ်တွဲနေထိုင်နိုင်ရေးကို တောင့်တလာကြသည်။

ဒုတိယကမ္ဘာစစ်အပြီး ၁၉၄၅ ခုနှစ် အောက်တိုဘာလ ၂၄ ရက်နေ့တွင် နိုင်ငံပေါင်း ၅၁ နိုင်ငံမှ ကုလသမဂ္ဂစာချုပ်အား လက်မှတ်ထိုး၍ ကုလသမဂ္ဂအဖွဲ့ကြီးကို ထူထောင်ခဲ့ကြရာ အောက်တိုဘာလ ၂၄ ရက်နေ့တွင် သက်တမ်းအားဖြင့် (၇၈)နှစ် ပြည့်မြောက်ခဲ့ပြီဖြစ်သည်။ ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ကြီးသည် ယနေ့ကာလတွင် ရည်မှန်းချက် လမ်းကြောင်းပေါ်သို့ ရောက်ရှိရန် စိန်ခေါ်မှုများစွာဖြင့် ကြုံတွေ့နေရသည်။ ကမ္ဘာစစ်ကြီးအဆင့်သို့ မရောက်ရှိသေးသော်လည်း နေရာအနှံ့ ဖြစ်ပွားနေသော ဒေသဆိုင်ရာစစ်ပွဲများ၊ စစ်ရေးအရ ကျူးကျော်တိုက်ခိုက်မှုများကို လက်ပိုက်ကြည့်နေရသည်။ နိုင်ငံတကာအကြမ်းဖက် တိုက်ခိုက်မှုများ၊ ငတ်မွတ်ခေါင်းပါးမှုများ၊ ရွှေ့ပြောင်းဒုက္ခသည်များအရေးကို မနိုင်မနင်း ဖြေရှင်းနေရသည်။ အင်အားကြီးနိုင်ငံအချို့၏ နိုင်ငံရေးဩဇာထူထောင်မှု၊ လွှမ်းမိုးမှု၊ နိုင်ငံရေးဘက်လိုက်မှုများ ရှိနေကြောင်း ဝေဖန်ခံနေရသည်။ နိုင်ငံများအကြား ပထဝီနိုင်ငံရေးအရအားပြိုင်မှုများ၊ တင်းမာမှုများ ကြီးကြီးမားမား ဖြစ်ပေါ်နေသည်ဖြစ်ရာ အဆိုပါအချက်များက ကုလသမဂ္ဂအဖွဲ့ကြီး၏ ရှေ့ခရီးအတွက် ရတက်မအေးစရာဖြစ်သည်။

မျက်မှောက်ကာလတွင် ဖြစ်ပွားနေသော ယူကရိန်း-ရုရှားအရေးကို မူလက ရေတိုစစ်ပွဲဟုသာ ရှုမြင်ကြသော်လည်း ယခုအခါ ရေရှည်စစ်ပွဲအသွင်ဆောင်လာသည်။ လတ်တလောဖြစ်ပွားနေသော အစ္စရေး-ပါလက်စတိုင်း ပဋိပက္ခသည် ထိန်းမနိုင်သိမ်းမရဖြစ်နေပြီး ဒေသအတွင်း စစ်မီးများ ကျယ်ပြန့်လာနိုင်သည့် အနေအထားသို့ရောက်ရှိနေသည်။ ကုလသမဂ္ဂ အနေဖြင့် တားဆီးနိုင်စွမ်းမရှိ ဖြစ်နေရသည်။ လူအင်အား၊ လက်နက်အင်အား ကြီးမားသည့် နိုင်ငံအချို့၏ ထင်ရာစိုင်း လုပ်ဆောင်နေမှုများကို တွေ့မြင်နေရသည်။ ရည်ရွယ်ချက်တူ နိုင်ငံများအုပ်စုဖွဲ့မှု၊ မဟာမိတ်ဖွဲ့မှု၊ လက်နက်အပြိုင်တပ်ဆင်မှု၊ ပထဝီနိုင်ငံရေးအရ အားပြိုင်မှုနှင့် စစ်အသုံးစရိတ်များကို ပိုမိုချဲ့ထွင်လာမှုများ ကြီးထွားနေသည်။ ပထမကမ္ဘာစစ် ပြီးဆုံးချိန်က တည်ဆောက်ခဲ့သော နိုင်ငံပေါင်းချုပ်အသင်းကြီး ပြိုကွဲရခြင်း၏ အကြောင်းရင်းခံများနှင့် ထပ်တူနီးပါးဖြစ်နေသည်ကို သတိပြုကြရမည်ဖြစ်သည်။ အောက်တိုဘာလ အစောပိုင်းက ဟားမတ်စ်အဖွဲ့၏ တိုက်ခိုက်မှုကြောင့် အစ္စရေး၌ လူ ၁၄၀၀ ကျော်သေဆုံးပြီး ဂါဇာတွင် အစ္စရေး၏တိုက်ခိုက်မှုကြောင့် လူ ၂၀၀၀၀ ကျော် သေဆုံးခဲ့သည်။ ကမ္ဘာတစ်ဝန်း ဖြစ်ပွားနေသော ပဋိပက္ခအသီးသီးအနက် အချိန်တိုအတွင်း လူအသေအပျောက်အများဆုံး စစ်ပွဲဖြစ်သည်။

စစ်ဟူသည် တစ်နိုင်ငံနှင့်တစ်နိုင်ငံ၊ အုပ်စုတစ်စုနှင့်တစ်စု၊ တစ်ဖွဲ့နှင့်တစ်ဖွဲ့ လက်နက်စွဲကိုင်၍ တိုက်ခိုက်ခြင်းဖြစ်သည်။ စစ်ရေးဆိုင်ရာ ကျွမ်းကျင်သူများက စစ်ကိုနိုင်ငံရေးရည်ရွယ်ချက်အပေါ်၌ အခြေပြုသော ပဋိပက္ခမျိုးဖြစ်ခြင်း၊ အဓမ္မအင်အား၊ စစ်လက်နက်အင်အားကို အသုံးချကာ တိုက်ခိုက်ကြသော ရန်ဘက်အုပ်စု သို့မဟုတ် ရန်ဘက်နိုင်ငံများဖြစ်ခြင်း၊ အရွယ်ပမာဏအားဖြင့်လည်း အများက နိုင်ငံရေးအုပ်စုတစ်စုဟု သတ်မှတ်နိုင်လောက်သည့် အုပ်စု သို့မဟုတ် နိုင်ငံများ၊ ထိုပဋိပက္ခသည် အချိန်အားဖြင့်အတန်ကြာကြာ ဆက်လက်ဖြစ်ရခြင်း စသည်ဖြင့် အဓိပ္ပာယ်အမျိုးမျိုး ဖွင့်ဆိုကြသည်။

ဒုတိယကမ္ဘာစစ်သည် ၁၉၃၉ ခုနှစ်မှ ၁၉၄၅ ခုနှစ်အတွင်း ဖြစ်ပွားခဲ့သည်။ ကမ္ဘာ့အင်အားကြီး မဟာမိတ်နိုင်ငံများနှင့် ဝင်ရိုးတန်းနိုင်ငံများက မဟာမိတ်နှစ်ဖွဲ့ အပြိုင်ဖွဲ့၍ တိုက်ခိုက်ကြခြင်းဖြစ်သည်။ စစ်သည်ဦးရေ သန်း ၁၀၀ ကျော် ပါဝင်တိုက်ခိုက်ကြပြီး လူပေါင်းသန်း ၇၀ နီးပါး သေကျေပျက်စီးခဲ့သည်။ ဒေါ်လာသန်းပေါင်း တစ်သန်းခန့်မျှ ကုန်ကျခဲ့သော စစ်စရိတ်အကြီးဆုံး စစ်ပွဲဖြစ်ကြောင်း သမိုင်းမှတ်တမ်းများက ဖော်ပြကြသည်။ ကမ္ဘာ့လူဦးရေ တိုးတက်များပြားလာသည်နှင့်အမျှ နည်းပညာများလည်း အံ့မခန်းထွန်းကားလာသည်။ ခေတ်မီစစ်လက်နက်များ၊ စစ်တပ်အင်အားများလည်း အဆမတန်များပြားလာသည်။ နိုင်ငံများ အုပ်စုဖွဲ့မှု၊ လက်နက်အပြိုင်အဆိုင်တပ်ဆင်မှု၊ စစ်လက်နက်များ ခေတ်မီဆန်းပြားလာမှုတို့သည် အတိတ်ကာလကကဲ့သို့ စစ်ပွဲကြီးများ ထပ်မံဖြစ်ပွားပါက လူအများသေကျေပျက်စီးမှုမှာ မတွေးဝံ့လောက်အောင်ပင် ဖြစ်သည်။ အင်အားကြီးနိုင်ငံများ၏ အမျိုးသားအကျိုးစီးပွားကာကွယ်ရေး မူဝါဒများ ရှေ့တန်းရောက်နေမှု ပြဿနာတစ်ရပ်ကို လက်နက်ကိုင်တိုက်ပွဲဖြင့် ဖြေရှင်းရန် စိတ်အားထက်သန်နေမှု၊ ဆန့်ကျင်ဘက် အဖွဲ့အစည်းတစ်ခုခုကို အကြမ်းဖက်တိုက်ခိုက်မှုဖြင့်သာ ချေမှုန်းလိုမှုများ တည်ရှိနေသမျှ ကာလပတ်လုံး ကမ္ဘာကြီး၌ စစ်ပွဲများ တိုးပွားနေဦးမည်သာဖြစ်သည်။ လူ့သမိုင်းတစ်လျှောက်တွင်ဖြစ်ပွားခဲ့သော စစ်ပွဲများသည် မုဆိုးမများ၊ မိဘမဲ့များ၊ ဒုက္ခိတများ၊ အကြွေးများနှင့် ဆင်းရဲမွဲတေမှုများကိုသာ ဆိုးမွေအဖြစ် ချန်ရစ်ခဲ့ကြသည်။ လူမှုအသိုင်းအဝိုင်းနှင့် မိသားစုများကို ပျက်စီးစေပြီး စစ်မက်ဖြစ်ပွားရာ နိုင်ငံများ၏ လူမှုရေးနှင့် စီးပွားရေးဖွံ့ဖြိုး တိုးတက်မှုအားလုံးကို ဖျက်ဆီးပစ်သည်။

စာမျက်နှာ ၁၁ သို့ ○

**“အင်အားကြီးနိုင်ငံများ၏ အမျိုးသားအကျိုးစီးပွားကာကွယ်ရေးမူဝါဒများ ရှေ့တန်းရောက်နေမှု၊ ပြဿနာတစ်ရပ်ကို လက်နက်ကိုင်တိုက်ပွဲဖြင့် ဖြေရှင်းရန် စိတ်အားထက်သန်နေမှု၊ ဆန့်ကျင်ဘက်အဖွဲ့အစည်းတစ်ခုခုကို အကြမ်းဖက်တိုက်ခိုက်မှုဖြင့်သာ ချေမှုန်းလိုမှုများ တည်ရှိနေသမျှကာလပတ်လုံး ကမ္ဘာကြီး၌ စစ်ပွဲများတိုးပွားနေဦးမည်သာ”**

# အလှဆုံး နှလုံးသား

☆ စိုစို့ရောင်နီ၊ ငှက်စိုးစီ၍
အောက်အီတွန်ကြ၊ နေ့သစ်စသော်...
လောကသက်ဝင်၊ အလှဆင်ပြီ
ကြည့်လျှင်မြင်ရ ထိုအလှ။
နိုင်ငံအနှံ့ ရှိသည်ပ။

☆ မိုးတွင်မရပ်၊ နွေပါထပ်၍
မပြတ်ဖြည့်နေ၊ ကျီပြည့်စေဟု
စေတနာမှန်၊ လုံ့လသန်စွ
ပိုလျှံမောက်ဖြိုး၊ ဘဏ္ဍာတိုးအောင်
အကျိုးမြော်မြင်၊ "ထမင်းရှင်"တို့
နှင်တံကိုဆ၊ စက်ကို သ, ၍
ထွန်ကြမောင်းကြပါလေပြီ။

☆ ကောင်းကင်မိုးလုံး၊ မီးခိုးဖုံးမျှ
ဂျုံးဂျုံးသံမည်၊ စက်တို့လည်၍
ရည်မီထုတ်ကုန်၊ တောင်သို့ပုံစေ
ဖူလုံပြီးက၊ ပို့ကုန်ရလိမ့်
တွက်ဆမြော်မြင်၊ "စွမ်းအားရှင်"တို့
အလျှော့မပြတ်၊ မခိုကပ်ဘဲ
ပေးအပ်လုပ်အား စုံစုံညီ။

☆ ဖြူစိမ်းရောင်စုံ၊ သင်းပျံ့ထုံလျက်
ပန်းရုံများစွာ၊ ဖူးပွင့်လာခဲ့
ဝေဆာပြည့်လျှမ်း၊ ပန်းတို့လန်းမှ
တိုင်းခန်းပြည်ရွာ၊ တင့်မည်သာတည့်
ကောင်းစွာပြုပြင်၊ ပေါင်းကိုသင်၍
မြော်မြင်အထူး၊ "ဥယျာဉ်မှူး"တို့
တူးဆွစိုက်ပျိုးကြလေပြီ။

☆ ကွန်ပျူတာသံ၊ ချောက်ချက်ညံ၍
စုန်ဆန်ထက်အောက်၊ စာတွဲရောက်ခဲ့
တောက်လျှောက်မနား၊ ယန္တရားတွင်
စက်သွားတစ်ခု၊ ပုံနှိပ်ပြုဖွယ်
ရုံးမှုရုံးတာ၊ အရေးပါစွ
"ဉာဏလုပ်သား"၊ ကလောင်သွားလည်း
လှုပ်ရှားသွက်လက်၊ ထက်မြက်ပြီ။

☆ လေပြည်သွေးသွေး၊ ပန်းမွှေးမွှေးနှင့်
စမ်းအေးအေးတွင်၊ "ဖန်ဆင်းရှင်"တို့
ဝိညာဉ်လိပ်ပြာ၊ စိတ်အစာကျွေး
လက်ရာရသ၊ ပြောင်မြောက်စွတည့်
ရင်မှခံစား၊ သူ့ကိုယ်ပွားကို
မွေးဖွားခဲ့ပေ၊ ခံစားစေဟု
ဖော်ဖြေတင်ဆက်ကြလေပြီ။

☆ အနာရောဂါ၊ ဝေဒနာများ
ပိန်းကြာထက်ရေ၊ လျှောသက်စေသို့
နေလောင်သည့်ပန်း၊ ရေထိလန်းသို့
ကျန်းမာစေမှု၊ ဆန္ဒပြု၍
'ကရုဏာရှင်၊ မေတ္တာရှင်' တို့
ကြင်နာလက်ကမ်း၊ ပညာစွမ်းဖြင့်
ကျွမ်းကျင်ကုသကြလေပြီ။

☆ ....သို့လျှင် အလှ၊ တွေ့မြင်ရ၍
လင်းစမှသည်၊ ချုပ်ညရီထိ
ကိုယ်စီဝန်ထမ်း၊ ကိုယ့်အခန်းဝယ်
ကိုယ်စွမ်းကိုယ်စ၊ ပြိုင်ကြသည်
အလှဝေဖြာ ပြည်မြန်မာ။

☆ သည်အလှတွေ ပြည်လုံးဝေအောင်
ဝေးမြေနယ်ခြား၊ ရန်စွယ်ကြားမှာ
နေစားဆင်းရဲ၊ အိမ်နှင့်ခွဲလျက်
ပွဲပေါင်းများစွာ၊ ဆင်နွှဲလာခဲ့
ဘယ်မှာကိုယ်ကျိုး၊ သူမျှော်ကိုးလိမ့်
ဘိုးဘွားမွေနှစ်၊ သက်ပေးချစ်သော
'စစ်သည့်နှလုံး' အလှဆုံး။

(စစ်သည်တော်များကို ဂုဏ်ပြုလျက်)

ကို(စစ်တက္ကသိုလ်)

❍ စာမျက်နှာ ၁၀ မှ

ပိုင်ဆိုင်မှုများ ပျက်စီးဆုံးရှုံးခြင်း၊ လူမှုအသိုင်းအဝိုင်းများ ပြိုကွဲခြင်း၊ စစ်ပြေးဒုက္ခသည် များပြားလာခြင်း၊ အလုပ်လက်မဲ့ဖြစ်ခြင်း၊ အခြေခံအဆောက်အအုံများ ဖျက်ဆီးခံရသဖြင့် စီးပွားရေးကဏ္ဍတစ်ခုလုံး ပြိုဆင်းခြင်း၊ ငွေကြေးဖောင်းပွမှု တိုးလာခြင်း စသည်ဖြင့် လူမှုစီးပွားဘဝ တစ်ခုလုံးအပေါ် သက်ရောက်မှုရှိသဖြင့် စစ်ပွဲ၏ပမာဏ ကျယ်ပြန့်လေ နိုင်ငံသားများ၏ ဆင်းရဲမွဲတေမှုကြီးမားလေဖြစ်သည်။

ကမ္ဘာပေါ်တွင် ၂၀ ရာစု၏ ပထမနှစ်ဝက်၌ ကမ္ဘာစစ်ကြီးနှစ်ခုကဲ့သို့သော ကြီးမားသည့် စစ်ပွဲများမှ လွတ်မြောက်ခဲ့သော်လည်း ကလေးများသည်ဒေသဆိုင်ရာ ပဋိပက္ခများကြောင့် ဖြစ်ပေါ်လာသော ဝန်ထုပ်ဝန်ပိုးများကို ရင်ဆိုင်နေကြရဆဲဖြစ်သည်။ လက်ရှိဖြစ်ပွားနေသော ပဋိပက္ခနှင့်စစ်ပွဲများအနက် ယူကရိန်းနှင့် ရုရှားပဋိပက္ခသည် မိဘမဲ့ကလေးသိန်းပေါင်းများစွာကို မွေးဖွားပေးနေသော စစ်ပွဲဖြစ်သည်။ မကြာမီက စတင်ဖြစ်ပွားခဲ့သော အစ္စရေး-ပါလက်စတိုင်း ပဋိပက္ခသည် အချိန်တိုအတွင်း ကလေးငယ်ပေါင်း ၂၀၀၀ ကျော်ကို အသက်ဆုံးရှုံးစေခဲ့သည်။ ၁၀၀၀ နီးပါး ပျောက်ဆုံးနေဆဲဖြစ်ပြီး ကလေးငယ်များစွာကို မိဘမဲ့ဘဝသို့ တွန်းပို့ခဲ့သည်။

**ငါးနှစ်ရီလျှင် ပျမ်းမျှ ကလေးတစ်ဦးကို ကိုယ်လက်အင်္ဂါချို့တဲ့မှု ဖြစ်ပေါ်ခဲ့**

မိဘများဆုံးရှုံးရမှုသည် လူ့ဘဝတွင် ခက်ခဲသည့်ကိစ္စဖြစ်သော်လည်း စစ်ပွဲများအတွင်း မိဘဆုံးရှုံးနိုင်မှုမှာ အလွန်လွယ်ကူသည်။ အာဖဂန်နစ္စတန်စစ်ပွဲသည် ကလေးငယ်များကို အပြင်းထန်ဆုံး ထိခိုက်စေခဲ့သည်။ အာဖဂန်နစ္စတန်တွင် စစ်ပွဲ စတင်ဖြစ်ပွားချိန်မှစ၍ နှစ် ၂၀ အတွင်း ကလေးငယ် ၃၃၀၀၀ နီးပါး သေဆုံးခဲ့သည်။ ငါးနာရီလျှင် ပျမ်းမျှ ကလေးတစ်ဦးကို ကိုယ်လက်အင်္ဂါချို့တဲ့မှု ဖြစ်ပေါ်ခဲ့ကြောင်း Save the Children က ဆိုသည်။ ကမ္ဘာအရပ်ရပ်တွင် လက်ရှိဖြစ်ပွားနေသော ပဋိပက္ခများ၌ အရပ်သားပစ်မှတ်များ ဆက်တိုက်များပြားလာမှုနှင့်အတူ မိဘမဲ့ဖြစ်သွားရသည့် ကလေးသူငယ်များမှာလည်း အချိုးအစားမြင့်မားလျက်ရှိသည်။ UNICEF ၏ မှတ်တမ်းများက ပဋိပက္ခဒဏ်ခံရသော နိုင်ငံများတွင် ကလေးငယ် သန်း ၂၅၀ ကျော် နေထိုင်လျက်ရှိသည်။ ကမ္ဘာတစ်ဝန်းရှိ ကလေးငယ်လေးဦးတွင် တစ်ဦးသည် ပဋိပက္ခ သို့မဟုတ် သဘာဝဘေးအန္တရာယ်ဇုန်တွင် နေထိုင်ကြသည်။ ယခုအခါ မိဘမဲ့ကလေးပေါင်း ခန့်မှန်းခြေအားဖြင့် ၁၅၃ သန်းသို့ ရောက်ရှိခဲ့ပြီဟု ဆိုသည်။

စစ်ပွဲနှင့် ပဋိပက္ခများတွင် အချိန်မတန်မီ မိဘများ ဆုံးရှုံးခဲ့ရသော ကလေးများအနက် အချို့သည် မိဘမဲ့ဂေဟာများသို့ ရောက်ရှိသွားကြသော်လည်း အချို့မှာ ကျန်ရစ်သူမိသားစုဝင်တစ်ဦးနှင့်အတူ နေထိုင်ရခြင်း၊ အာဟာရချို့တဲ့ခြင်း၊ ဆိုးရွားသောရောဂါဘယများစွဲကပ်ခြင်း စသောအခြေအနေမျိုးဖြင့် ရင်ဆိုင်ရလေ့ရှိသည်။ စစ်ပွဲကာလအတွင်း မိသားစုမှ စွန့်ပစ်ခံခဲ့ရသော ကလေးများသည် ၎င်းတို့အား စောင့်ရှောက်ပေးမည့်သူမရှိသဖြင့် အဆင်းရဲဆုံး စစ်ဘေးဒုက္ခသည်များ ဘဝဖြင့် ရင်ဆိုင်ရလေ့ရှိသည်။ အဆိုပါကလေးများသည် လူကုန်ကူးမှု၊ ကလေးလုပ်သားအဖြစ်အဓမ္မခိုင်းစေမှု၊ အကြမ်းဖက်ခံရမှု၊ အလွဲသုံးစားပြုမှု အန္တရာယ်များနှင့် ကြုံတွေ့ရနိုင်ခြေ ပိုများလေ့ရှိသည်။ လူ့ဘဝတစ်လျှောက်တွင် မိသားစုမရှိသောကလေးများသည် ကမ္ဘာပေါ်တွင် ထိခိုက်နိုင်ဆုံးသောသူများ ဖြစ်သည်။ ပဋိပက္ခများ၊ စစ်ပွဲများ၊ လူမျိုးရေးမငြိမ်သက်မှုနှင့် အရင်းအမြစ်ပြိုင်ဆိုင်မှုများသည် သန်းပေါင်းများစွာသော ကလေးများကို မိဘမဲ့အဖြစ် တွန်းပို့လျက်ရှိသည်။ စစ်ပွဲနှင့် အကြမ်းဖက်မှုကင်းမဲ့သော၊ ရေရှည်တည်တံ့သည့် ငြိမ်းချမ်းရေးကို တည်ဆောက်နိုင်သော အခြေအနေတစ်ရပ်ကသာ ပဋိပက္ခအတွင်းရှိ ကလေးငယ်များ၏ အနာဂတ်ကို တောက်ပစေနိုင်မည်ဖြစ်သည်။

**ခေတ်သစ်စစ်ပွဲများ ဖြစ်ပေါ်လာ**

ကမ္ဘာတွင်ခေတ်မီနည်းပညာများနှင့် စစ်မှုသိပ္ပံနည်းပညာများ လျင်မြန်စွာ ဖွံ့ဖြိုးတိုးတက်လာမှုနှင့်အတူ အင်အားကြီးနိုင်ငံအုပ်စုများ၏ ဖွံ့ဖြိုးဆဲနိုင်ငံငယ်များအပေါ် စစ်ရေးအရ လွှမ်းမိုးချုပ်ကိုင်လိုမှု၊ နိုင်ငံရေးအရ ယင်းတို့၏ ဩဇာခံအဖြစ်ထားရှိလိုမှုများကြောင့် ခေတ်သစ်စစ်ပွဲများ ဖြစ်ပေါ်လာခြင်းဖြစ်သည်။ နိုင်ငံများအကြား ဖြစ်ပွားလျက်ရှိသည့် ပဋိပက္ခများကို လေ့လာကြည့်မည်ဆိုပါက အင်အားကြီးနိုင်ငံများက နောက်ကွယ်မှ နိုင်ငံရေး၊ စစ်ရေး၊ စီးပွားရေး၊ လူမှုရေး၊ ဝါဒဖြန့်ချိရေး၊ သံတမန်ရေး စသည့်နည်းလမ်းများနှင့် ဘက်စုံစစ်ပွဲအသွင် ဖော်ဆောင်ပြီး လုပ်ဆောင်လျက်ရှိသည်ကို တွေ့မြင်ရမည်ဖြစ်သည်။

စစ်ဘက်ဆိုင်ရာ သိပ္ပံနှင့်နည်းပညာများ လျင်မြန်စွာ ဖွံ့ဖြိုးတိုးတက်လာမှုကြောင့် ခေတ်သစ်စစ်ပွဲများတွင် သက်ရှိလူသားများ ဦးဆောင်ကွပ်ကဲထိန်းချုပ်သည့် နည်းပညာအဆင့်မှ AI (Atrificial Intelligence)ဟု ခေါ်သည့် ဉာဏ်ရည်တုနည်းပညာအသုံးပြု ကွပ်ကဲထိန်းချုပ်မှုနည်းပညာအဆင့်အထိ တိုးတက်ပြောင်းလဲလာသည်ကို တွေ့ရှိရမည်ဖြစ်သည်။ ခေတ်သစ်စစ်ပွဲများတွင် ဖြစ်ပေါ်လျက်ရှိသည့် စစ်မှုရေးရာ တော်လှန်ပြောင်းလဲမှု နည်းပညာများနှင့် ဉာဏ်ရည်တုနည်းပညာ(AI) အခန်းကဏ္ဍကိုလည်း စဉ်ဆက်မပြတ်လေ့လာသင်ယူနေကြရမည်ဖြစ်သည်။ ယနေ့ကာလတွင် ကုလသမဂ္ဂ၏ဩဇာ တဖြည်းဖြည်း ကျဆင်းနေသည်ကို တွေ့မြင်ရမည်ဖြစ်သည်။ စိန်ခေါ်မှုများစွာရှိနေသော်လည်း မူလရည်ရွယ်ချက်အတိုင်း ကမ္ဘာကြီးတွင် ဖြစ်ပေါ်နေသော မငြိမ်းချမ်းမှု၊ ဆင်းရဲနွမ်းပါးမှု၊ တန်းတူညီမျှမရှိမှု၊ ဆာလောင်မွတ်သိပ်မှုနှင့် အမုန်းတရားများကြောင့် လူသားများ၏ ဆင်းရဲဒုက္ခခံစားနေရမှုတို့ကို အဆုံးသတ်ရန် လုပ်ဆောင်ကြရပေဦးမည်ဖြစ်သည်။ ပကတိအခြေအနေနှင့် လိုက်လျောညီထွေရှိစေမည့် ပြုပြင်ပြောင်းလဲမှုများကိုလည်း ဆက်လက်အကောင်အထည်ဖော်ကြရမည်ဖြစ်ပါကြောင်း ရေးသားလိုက်ရပါသည်။ ။

# ဒီဇင်ဘာ ၃၀ ရက်မှ ဇန်နဝါရီ ၅ ရက်အထိ ပြည်ပပို့ကုန်တင်ပို့မှု အမေရိကန်ဒေါ်လာ ၂၃၄ သန်းကျော်ရရှိ

ရန်ကုန် ဇန်နဝါရီ ၁၄

၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ် ဒီဇင်ဘာ ၃၀ ရက်မှ ဇန်နဝါရီ ၅ ရက်အထိ ရက်သတ္တပတ်တွင် မြန်မာနိုင်ငံ၏ ပြည်ပပို့ကုန်တင်ပို့မှုတန်ဖိုး အမေရိကန်ဒေါ်လာ ၂၃၄ သန်းကျော် ရရှိခဲ့သည်။ ယခုရက်သတ္တပတ်တွင် လယ်ယာကဏ္ဍမှ ပြောင်း၊ ပဲစင်းငုံ၊ ကုလားပဲ၊ ထောပတ်ပဲ၊ မြေပဲဆန်၊ နှမ်း၊ ကြက်သွန်နီ၊ ချင်းခြောက်၊ မန်ကျည်းသီး၊ သစ်သီးဝလံ ဖရဲသီး၊ ထောပတ်သီး၊ လိမ္မော်သီး၊ တစ်သျှူးငှက်ပျောသီး၊ ငှက်ပျောသီး(ရိုးရိုး) တို့ တင်ပို့မှုပိုမိုခဲ့သည်။

တရုတ်နှစ်သစ်ကူးကာလ နီးကပ်လာသဖြင့် တရုတ်နိုင်ငံမှ မြန်မာ့သစ်သီးဝလံ များအား ဝယ်လိုအား ပြန်လည်မြင့်တက်ခဲ့သည်။ ယခုရက်သတ္တပတ်တွင် ဖရဲ၊ သခွား (သခွားမွှေး)၊ ငှက်ပျောသစ်သီးဝလံများကို ကျိုင်းတုံ၊ လွယ်ဂျယ်၊ ကံပိုင်တည်နယ်စပ်တို့မှ တစ်ဆင့် တရုတ်နိုင်ငံသို့ တန်ချိန် ၃၅၀၀၀ ခန့်အထိတိုးတက်တင်ပို့နိုင်ခဲ့သည်။ ထို့အပြင် တာချီလိတ်၊ မော်တောင်နယ်စပ်တို့မှတစ်ဆင့် ထိုင်းနိုင်ငံသို့ လိမ္မော်သီး၊ ထောပတ်သီး၊ ငှက်ပျောသီးများကိုလည်း တင်ပို့လျက်ရှိသည်။ ယခုအပတ် သစ်သီးဝလံတင်ပို့မှု တန်ဖိုး စုစုပေါင်း အမေရိကန်ဒေါ်လာ ၁၀ သန်းကျော်အထိရရှိခဲ့သည်။

မြန်မာ့ပြောင်းအား ထိုင်းနိုင်ငံမှ အခွန်ကင်းလွတ်ခွင့်ဖြင့် တင်သွင်းခွင့်ပြုသည့် ကာလအစ ဖေဖော်ဝါရီလသို့ ရောက်ရှိတော့မည်ဖြစ်၍ ပြောင်း ပိုမိုတင်ပို့လာနိုင်တော့ မည်ဖြစ်သည်။ နှစ်စဉ် ပြောင်းစေ့ တန်ချိန် ၂ ဒသမ ၆ သန်းအထိ တင်ပို့မှုရှိရာ ယခုနှစ် တွင်လည်း ပြောင်းလုပ်ငန်းရှင်များအနေဖြင့် အဓိကဈေးကွက် ထိုင်းနိုင်ငံအပါအဝင် ပြောင်းဝယ်လိုအားများပြားသည့် ဖိလစ်ပိုင်၊ တရုတ်၊ စင်ကာပူ၊ ဗီယက်နမ်နိုင်ငံများသို့ တိုးတက်တင်ပို့နိုင်ရေး၊ ယခင်ဈေးကွက်ရရှိတင်ပို့ခဲ့ပြီး လက်ရှိတင်ပို့မှုပျောက်ကွယ်နေ သည့် ဘင်္ဂလားဒေ့ရှ်၊ အိန္ဒိယ၊ ဂျပန်၊ မလေးရှား၊ နီပေါ၊ သီရိလင်္ကာ၊ ယူအေအီးစသည့် ဈေးကွက်များသို့ ပြန်လည်တင်ပို့နိုင်ရေးကို ချိတ်ဆက်ဆောင်ရွက်နေကြပြီဖြစ်သည်။

စိုက်ပျိုးမွေးမြူရေးကဏ္ဍမှ လယ်ယာထွက်ကုန်များ တင်ပို့နိုင်သည့်နည်းတူ ယခု ရက်သတ္တပတ်တွင် ရေထွက်ပစ္စည်းများကိုလည်း ပင်လယ်ရေကြောင်း၊ လေကြောင်းနှင့် နယ်စပ်ကုန်သွယ်မှုတို့မှ ပိုမိုတိုးတက်တင်ပို့နိုင်ခဲ့သည်။ ရေထွက်ကုန်များကို ယခု အပတ်တွင် ပင်လယ်ရေကြောင်း/ လေကြောင်းဖြင့် နိုင်ငံပေါင်း ၂၀ သို့ တန်ချိန် ၃၀၇၀ နှင့် တရုတ်၊ ထိုင်း အိမ်နီးချင်းနိုင်ငံများသို့ နယ်စပ်စခန်းများမှတစ်ဆင့် တန်ချိန် ၇၇၈၀ စုစုပေါင်းတန်ချိန် ၁၀၈၅၀ တင်ပို့နိုင်ခဲ့သည်။ ပြည်တွင်းမွေးမြူရေးငါးများဖြစ်သည့် ငါးမြစ်ချင်း၊ ငါးတန်၊ ရွှေဝါငါးကြင်း၊ တီလားပီးယား၊ ငါးခုံးမ၊ ငါးသိုင်းခေါင်းပွစသည့် အမျိုးအစားပေါင်းစုံလင်စွာ တင်ပို့မှုရှိသည်။

မြန်မာနိုင်ငံအနေဖြင့် ပြည်ပသို့ ငါး၊ ပုစွန် အပါအဝင် ရေထွက်ကုန်ပစ္စည်းများတင်ပို့မှု ပမာဏကို မြှင့်တင်ရာ၌ မွေးမြူရေးလုပ်ငန်းများနှင့် မွေးမြူရေးစနစ်များ ပိုမိုကောင်းမွန် လာစေရန် တိုးချဲ့လုပ်ကိုင်လျက်ရှိသည်။ တနင်္သာရီတိုင်းဒေသကြီး မြိတ်ကျွန်းစုရှိ ပုစွန်မွေးမြူရေးကန်များမှ မွေးမြူထုတ်လုပ်သည့် ပနားမီးပုစွန်များကို တရုတ်၊ ဂျပန် ဈေးကွက်များသို့ တင်ပို့လျက်ရှိပြီး ဧရာဝတီတိုင်းဒေသကြီး ပန်းတနော်ရှိ ပြည်ပတင်ပို့ မှုအတွက် ရည်ရွယ်သည့် ငါးတန်မွေးမြူရေးစီမံကိန်းမှ ယခုနှစ်အတွင်း ပြည်ပတင်ပို့နိုင် ရေးကို စီစဉ်ဆောင်ရွက်လျက်ရှိသည်။

နိုင်ငံတော်၏ စီးပွားရေးဦးတည်ချက် (၃) ရပ်အနက် ပထမဦးတည်ချက်ဖြစ်သည့် တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုး ရေးနှင့်မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံ ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရန်အတွက် စိုက်ပျိုးရေးနှင့် မွေးမြူရေးထုတ်ကုန်များ ပိုမိုစိုက်ပျိုး၊ ထုတ်လုပ်၊ တိုးတက်တင်ပို့ ဆောင်ရွက်သွားရန် တိုက်တွန်းအပ်ပါသည်။

(၃၀-၁၂-၂၀၂၃ မှ ၅-၁-၂၀၂၄)ရက်နေ့ထိ ရက်သတ္တပတ်တွင်
ပို့ကုန်လိုင်စင်ထုတ်ပေးမှုနှင့် အမှန်တင်ပို့မှုစာရင်း

တန်ဖိုး - အမေရိကန်ဒေါ်လာသန်း

| စဉ် | အကြောင်းအရာ | ပင်လယ်ရေကြောင်း | | နယ်စပ် | | စုစုပေါင်း | |
|---|---|---|---|---|---|---|---|
| | | စောင်ရေ | တန်ဖိုး | စောင်ရေ | တန်ဖိုး | စောင်ရေ | တန်ဖိုး |
| ၁ | ပို့ကုန်လိုင်စင် | ၁၈၂၇ | ၇၀၇.၀၄၂ | ၂၄၈ | ၂၉၆.၉၈၇ | ၂၀၇၅ | ၁၀၀၄.၀၂၉ |
| ၂ | အမှန်တင်ပို့မှု | | ၁၅၈.၆၉၉ | | ၇၅.၄၇၅ | | ၂၃၄.၁၇၄ |
| (က) | လယ်ယာထွက်ပစ္စည်း | | ၅၁.၃၇၈ | | ၁၅.၅၂၆ | | ၆၆.၉၀၄ |
| (ခ) | တိရစ္ဆာန်ထွက်ပစ္စည်း | | ၀.၁၀၉ | | ၀.၁၉၄ | | ၀.၃၀၃ |
| (ဂ) | ရေထွက်ပစ္စည်း | | ၆.၆၂၉ | | ၇.၄၀၂ | | ၁၄.၀၃၁ |
| (ဃ) | သတ္တုတွင်းထွက်ပစ္စည်း | | ၂.၉၀၆ | | ၀.၄၀၆ | | ၃.၃၁၂ |
| (င) | သစ်တောထွက်ပစ္စည်း | | ၁.၂၀၉ | | ၀.၀၀၁ | | ၁.၂၁၀ |
| (စ) | စက်မှုကုန်ချောပစ္စည်း | | ၆၉.၁၅၂ | | ၅၁.၇၇၁ | | ၁၂၀.၉၂၃ |
| (ဆ) | အခြားပစ္စည်းများ | | ၂၇.၃၁၆ | | ၀.၁၇၅ | | ၂၇.၄၉၁ |

အဓိကပို့ကုန်အများဆုံး (၁၀)မျိုးစာရင်း
၁-၄-၂၀၂၃ မှ ၅-၁-၂၀၂၄ နေ့အထိ

တန်ဖိုး - အမေရိကန်ဒေါ်လာသန်း

| စဉ် | ပစ္စည်းအမျိုးအမည် | ရေတွက်ပုံ | အရေအတွက် | တန်ဖိုး |
|---|---|---|---|---|
| ၁ | ချုပ်ပြီးအထည် | ခု | ၅၁၇၁၃၇၇၇၇ | ၃၃၀၈.၁၈၂ |
| ၂ | သဘာဝဓာတ်ငွေ့ | MMBTU | ၂၆၂၂၆၉၃၁၉ | ၂၅၄၃.၅၇၀ |
| ၃ | မတ်ပဲ | တန် | ၅၉၁၅၃၈ | ၅၄၁.၀၀၄ |
| ၄ | ဆန်+ဆန်ကွဲ | တန် | ၁၀၁၃၅၉၁ | ၄၈၉.၈၉၂ |
| ၅ | ပြောင်း | တန် | ၉၅၂၂၄၇ | ၂၈၃.၂၈၂ |
| ၆ | ငါး | တန် | ၂၂၉၆၈၉ | ၂၆၆.၂၀၈ |
| ၇ | ပဲတီစိမ်း | တန် | ၃၀၇၅၆၇ | ၂၀၈.၂၀၀ |
| ၈ | ရော်ဘာစိမ်း | တန် | ၁၁၉၃၅၄ | ၁၅၀.၁၀၈ |
| ၉ | ပဲစင်းငုံ | တန် | ၁၂၂၃၉၄ | ၁၁၀.၈၇၅ |
| ၁၀ | တစ်သျှူးငှက်ပျောသီး | တန် | ၂၅၉၅၄၈ | ၈၉.၉၁၆ |

ပို့ကုန်အများဆုံးတင်ပို့သည့် နိုင်ငံ(၁၀)စာရင်း
၁-၄-၂၀၂၃ မှ ၅-၁-၂၀၂၄ နေ့အထိ

တန်ဖိုး - အမေရိကန်ဒေါ်လာသန်း

| စဉ် | နိုင်ငံအမည် | တန်ဖိုး |
|---|---|---|
| ၁ | ထိုင်း | ၂၇၁၂.၁၉၃ |
| ၂ | တရုတ် | ၂၂၆၁.၉၃၄ |
| ၃ | ဂျပန် | ၈၈၀.၁၁၂ |
| ၄ | အိန္ဒိယ | ၆၄၁.၃၇၆ |
| ၅ | အမေရိကန် | ၄၄၈.၁၆၉ |
| ၆ | ဂျာမနီ | ၄၁၀.၈၈၉ |
| ၇ | ပိုလန် | ၃၇၂.၅၅၄ |
| ၈ | စပိန် | ၃၃၅.၈၅၉ |
| ၉ | တောင်ကိုရီးယား | ၃၀၂.၉၇၀ |
| ၁၀ | အီတလီ | ၂၄၁.၂၁၆ |

## စားအုန်းဆီ အခြေခံလက်ကားရည်ညွှန်းဈေးနှုန်း တစ်ပိဿာ ငွေကျပ် ၅၂၅၀ ဖြစ်ကြောင်း ထုတ်ပြန်ကြေညာ

နေပြည်တော် ဇန်နဝါရီ ၁၄

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန စားသုံးဆီတင်သွင်း သိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်း ကြီးကြပ်ရေးကော်မတီအနေဖြင့် စားအုန်းဆီ ကမ္ဘာ့ ဈေးနှုန်း ဖြစ်ပေါ်ပြောင်းလဲမှုနှင့်အညီ ပြည်တွင်း၌ ဖြစ်သင့်ဖြစ်ထိုက်သည့် ဈေးနှုန်းများ ဖြစ်ပေါ်စေရေး ထိန်းကျောင်းဆောင်ရွက်လျက်ရှိပြီး စားအုန်းဆီ အဓိကထုတ်လုပ်တင်ပို့သည့် မလေးရှားနိုင်ငံတွင် ဖြစ်ပေါ်နေသည့် FOB ဈေးနှုန်း များကို နေ့စဉ်စောင့်ကြည့်ကာ သယ်ယူပို့ဆောင်ခ ကုန်ကျစရိတ်များ၊ ဘဏ်စရိတ် များ၊ အခွန်အခများ ထည့်သွင်းတွက်ချက်၍ ပြည်တွင်းဈေးကွက်၌ ရောင်းဝယ်ဖောက် ကားရမည့် အခြေခံလက်ကားရည်ညွှန်းဈေးနှုန်းကို ထုတ်ပြန်ပေးလျက်ရှိသည်။

ယခုအပတ်အတွင်း ကမ္ဘာ့စားအုန်းဆီ ထုတ်လုပ်တင်ပို့သည့် နိုင်ငံများတွင် ဈေးကွက်နှင့် ဈေးနှုန်းဖြစ်ပေါ်မှုများအရ ဇန်နဝါရီ ၁၅ ရက်မှ ဇန်နဝါရီ ၂၀ ရက် အထိ ရန်ကုန်အထိုင်ဈေး အခြေခံလက်ကားရည်ညွှန်းဈေးနှုန်းမှာ စားအုန်းဆီ တစ်ပိဿာလျှင် ငွေကျပ် ၅၂၅၀ ဖြစ်ကြောင်း ထုတ်ပြန်ကြေညာထားသည်။

ထို့အပြင် ပြည်တွင်းဈေးကွက်အတွင်း ဈေးနှုန်းမြှင့်တင်ရောင်းချခြင်း၊ ဈေးကစား ရန် ရည်ရွယ်ချက်ဖြင့် သိုလှောင်ခြင်းနှင့် မသမာသည့် လုပ်ဆောင်မှုများပြုလုပ်ပါက အရေးကြီးကုန်စည်နှင့် ဝန်ဆောင်မှုဥပဒေအရ အရေးယူဆောင်ရွက်သွားမည်ဖြစ် ကြောင်း အသိပေးထုတ်ပြန်ထားသည်။

အခြေခံလက်ကားရည်ညွှန်းဈေးနှုန်းများကို စားသုံးသူရေးရာဦးစီးဌာန၏ Website: www.doca.gov.mm၊ Facebook Page နှင့် မြန်မာနိုင်ငံ ဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်း၏ Facebook Page တွင် ဝင်ရောက်ကြည့်ရှုနိုင်ကြောင်း သိရသည်။

သတင်းစဉ်

## လှိုင်လင်မြို့နယ်၌ ကျေးလက်ကုန်ထုတ်လမ်း / တံတားဖောက်လုပ်နေမှုစစ်ဆေး

လှိုင်လင် ဇန်နဝါရီ ၁၄

ရှမ်းပြည်နယ်(တောင်ပိုင်း) လှိုင်လင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ချိုခမ်း - ကွန်လောင်း ကျေးရွာ ကျေးလက်ကုန်ထုတ်လမ်းဖောက်လုပ်နေမှု အခြေအနေ များကို ယနေ့နံနက်ပိုင်းက ခရိုင်ဦးစီးမှူးနှင့် တာဝန်ရှိသူများက ခေါင်နွဲ့ကျေးရွာအုပ်စု ချိုခမ်းကျေးရွာ၌ ကွင်းဆင်းစစ်ဆေးခဲ့ သည်။



ထိုသို့ကွင်းဆင်းစစ်ဆေးရာတွင် လှိုင်လင်ခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးသန်းနိုင် နှင့် အင်ဂျင်နီယာဝန်ထမ်းများသည် ချိုခမ်းကျေးရွာတွင် အရှည် တစ်မိုင် တစ်ဖာလုံ၊ အကျယ် ၁၂ ပေ၊ ဒု ကိုးလက်မရှိ ချိုခမ်း- ကွန်လောင်းကျေးရွာ ကျေးလက်ကုန်ထုတ်လမ်းဖောက်လုပ် နေမှုနှင့် ၎င်းလမ်းပေါ်ရှိ အလျား ငါးပေ၊ အနံ ၂၂ ပေ၊ အမြင့် ငါးပေရှိ ကုန်ထုတ်တံတားတည်ဆောက်နေမှု အခြေအနေများ ကို ကြည့်ရှုစစ်ဆေးခဲ့သည်။

အဆိုပါ ကျေးလက်ကုန်ထုတ်လမ်းနှင့် ဆက်စပ်လုပ်ငန်း များကို ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ် ပြည်ထောင်စုခွင့်ပြုရန်ပုံ ငွေကျပ် ၄၈ ဒသမ ၃၇၅ သန်းဖြင့် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုး တိုးတက်ရေးဦးစီးဌာနရှိ အင်ဂျင်နီယာများနှင့် ကျေးရွာသူ ကျေးရွာသားများ ပူးပေါင်း၍ ၂၀၂၃ခုနှစ် ဩဂုတ်လ တတိယ အပတ်မှ စတင်အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ရာ ယခု အခါ လုပ်ငန်းများအားလုံး၏ ၉၀ရာခိုင်နှုန်းခန့် ဆောင်ရွက်ပြီးစီး ပြီဖြစ်ပြီး ရာနှုန်းပြည့်ပြီးစီးပါက ချိုခမ်းကျေးရွာနှင့် ကွန်လောင်း ကျေးရွာတို့ရှိ လယ်ယာဧကများစွာမှထွက်ရှိသည့် စိုက်ပျိုးသီးနှံ များ ဈေးကွက်အတွင်းသို့ ကုန်ကျစရိတ်သက်သာစွာဖြင့် သယ်ယူ ပို့ဆောင်နိုင်မည် ဖြစ်ကြောင်း သိရသည်။

၂၂၂

ညီညွတ်မှုဖြင့် ရှေ့သို့ချီ ပြည်ထောင်စုရဲ့ပန်းတိုင်ဆီ။

# ဂါဇာကမ်းမြောင်ဒေသ၌ စစ်ဆင်ရေးဆင်နွှဲမှုများ အပြည့်အဝ ဆက်လက်လုပ်ဆောင်သွားမည်ဟု အစ္စရေးဝန်ကြီးချုပ် နေတန်ယာဟု ပြောကြား

ဂျေရုဆလင် ဇန်နဝါရီ ၁၄

အစ္စရေးဝန်ကြီးချုပ်နေတန်ယာဟုက ဂါဇာကမ်းမြောင်ဒေသ၌ စစ်ဆင်ရေး ဆင်နွှဲမှုများကို အပြည့်အဝ ဆက်လက် လုပ်ဆောင်သွားမည်ဖြစ်ကြောင်း ယမန် နေ့က ကတိပြုပြောကြားသည်။

အစ္စရေးနှင့် ဟားမတ်စ်တို့၏ ပဋိပက္ခ သည် ရက် ၁၀၀ ပြည့် အထိမ်းအမှတ် အဖြစ်သို့ မရောက်မီ တစ်ရက်အလိုတွင် ဝန်ကြီးချုပ် နေတန်ယာဟုသည် ၎င်း၏ မိန့်ခွန်း၌ အထက်ပါအတိုင်း ထည့်သွင်း ပြောကြားခဲ့ခြင်းဖြစ်သည်။

ဟားမတ်စ်အဖွဲ့ကို ဖယ်ရှားရေး၊ ဓားစာခံများ ပြန်လည်လွတ်မြောက်ရေး နှင့် ဂါဇာကမ်းမြောင်ဒေသသည် အစ္စရေး ကို နောက်တစ်ကြိမ် ခြိမ်းခြောက်မှု လုပ်ဆောင်နိုင်ခြင်းမရှိတော့သည့် အခြေ အနေသို့ ရောက်ရှိရန် စသည့် အစ္စရေး၏ ရည်မှန်းချက်အားလုံး အောင်မြင်သည် အထိ ဆက်လက်တိုက်ပွဲဝင်သွားမည်ဖြစ် ကြောင်း ဝန်ကြီးချုပ် နေတန်ယာဟုက ပြောကြားသည်။

ဂါဇာ၌ အစ္စရေး၏ ထိုးစစ်ဆင်မှုကို ရပ်ဆိုင်းရန် သည်ဟိတ်တရားရုံးက အမိန့် ပေးခဲ့သော်လည်း အစ္စရေး၏ စစ်ဆင်ရေး ဆင်နွှဲမှုများကို ဆက်လက်ဆောင်ရွက် သွားမည်ဖြစ်ကြောင်း ဝန်ကြီးချုပ် နေတန်ယာဟုက ဆိုသည်။

ဇန်နဝါရီ ၁၃ ရက်အထိ ဂါဇာဒေသ၌ သေဆုံးသူပေါင်း ၂၃၈၄၃ ဦး ရှိပြီဖြစ် ကြောင်း ဂါဇာရှိ ကျန်းမာရေးအာဏာပိုင် များက ပြောကြားသည်။

ပါလက်စတိုင်း ဒုက္ခသည်များဆိုင်ရာ ကုလသမဂ္ဂ ကယ်ဆယ်ရေးနှင့် အလုပ် အဖွဲ့ အကြီးအကဲ ဖီးလစ်ပ်လက်ဇ်ဇာရီနီက တိုက်ပွဲများကို ရှုတ်ချကြောင်း ကြေညာ ချက် ထုတ်ပြန်ခဲ့သည်။

ဂါဇာ၌ တိုက်ပွဲများ ဖြစ်ပွားမှုသည် ရက်ပေါင်း ၁၀၀ ပြည့်တော့မည်ဖြစ်ပြီး အဆိုပါကာလအတွင်း သေဆုံးမှု၊ ပျက်စီး မှု၊ အိုးအိမ်စွန့်ခွာမှု၊ ငတ်မွတ်မှု၊ ဆုံးရှုံးမှုနှင့် ဝမ်းနည်းပူဆွေးမှုများသည် ကမ္ဘာ့ပြည်သူ များထံသို့ ကူးစက်ခံစားရပါကြောင်း ၎င်းက ပြောကြားသည်။ ထို့ပြင် စစ်ပွဲများ ရပ်ဆိုင်းကြရန် အကြိမ်ကြိမ်တောင်းဆို သော်လည်း ဂါဇာကမ်းမြောင်ဒေသတွင် လူများသေဆုံးမှုကို ရပ်တန့်ရန်နှင့် အစား အစာ၊ ဆေးဝါး၊ ရေနှင့် အမိုးအကာများကို



ဘေးကင်းစွာ ပို့ဆောင်ပေးနိုင်ရန် လူသား ချင်းစာနာမှုဆိုင်ရာ အပစ်အခတ်ရပ်စဲရေး သဘောတူညီမှုကို မရရှိသေးကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

**ကိုးကား - အင်န်အိတ်ချ်ကေ**

**ဘာသာပြန် - အောင်ကျော်ကျော်**

# အီသီယိုးပီးယားနိုင်ငံ စက်မှုဥယျာဉ်များ၌ ရင်းနှီးမြှုပ်နှံရန် သဘောတူလက်မှတ်ရေးထိုး

အဒစ်အာဘာဘာ ဇန်နဝါရီ ၁၄

အီသီယိုးပီးယား စက်မှုဥယျာဉ်များ ဖွံ့ဖြိုး တိုးတက်ရေးကော်ပိုရေးရှင်းသည် နိုင်ငံအတွင်း စက်မှုဥယျာဉ်များ၌ ရင်းနှီးမြှုပ်နှံရန် ပြည်တွင်းပြည်ပ ကုမ္ပဏီများနှင့် အမေရိကန်ဒေါ်လာ သန်း ၁၀၀ တန်ဖိုးရှိ ရင်းနှီးမြှုပ်နှံမှု သဘောတူညီချက်ကို ဇန်နဝါရီ ၁၂ ရက်တွင် လက်မှတ်ရေးထိုးခဲ့ကြောင်း သိရသည်။




အဆိုပါ သဘောတူညီချက်တွင် အထည်ချုပ်နှင့် အထည်အလိပ်၊ စိုက်ပျိုးရေးလုပ်ငန်း၊ ဆေးဝါးနှင့် ပလတ်စတစ် ပြန်လည်အသုံးပြုခြင်း စသည့် ကဏ္ဍ ကြီးငါးခုကို စက်မှုဇုန်ငါးခုတွင် အသီးသီးရင်းနှီးမြှုပ်နှံ သွားမည်ဖြစ်ကြောင်း နိုင်ငံပိုင် အီသီယိုးပီးယား သတင်းအေဂျင်စီက သတင်းထုတ်ပြန်သည်။

လယ်သမား ၅၀၀၀၀ ခန့်အတွက် ဈေးကွက် ကွင်းဆက်များ ဖန်တီးပေးကာ အလုပ်အကိုင် အခွင့် အလမ်း ၅၀၀၀ ဖန်တီးပေးမည်ဟု မျှော်လင့်ကြောင်း အီသီယိုးပီးယား စက်မှုဥယျာဉ်များ ဖွံ့ဖြိုးတိုးတက် ရေး ကော်ပိုရေးရှင်းအမှုဆောင်အရာရှိချုပ် အာလီ လူတီဒီစီက ပြောကြားသည်။

နိုင်ငံတွင်း နိုင်ငံခြားတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှု များ တိုးမြှင့်လာစေရန်နှင့် ပြည်တွင်းရင်းနှီးမြှုပ်နှံသူ များ၏ ပူးပေါင်းပါဝင်မှုကို တိုးမြှင့်လာစေရန် အထူး အာရုံစိုက်ခြင်းဖြင့် စက်မှုဥယျာဉ်များတွင် ရင်းနှီး မြှုပ်နှံမှုများ တိုးမြှင့်လာစေရန် အီသီယိုးပီးယား အစိုးရ၏ ကြိုးပမ်းမှုများကို အာလီလူတီဒီစီက အလေးပေးပြောကြားသည်။

စက်မှုဥယျာဉ်များသည် အလုပ်အကိုင်များ ဖန်တီးပေးခြင်း၊ ပို့ကုန်ကုန်သွယ်မှုတိုးမြှင့်ခြင်းနှင့် သွင်းကုန်အစားထိုးခြင်းတို့ကို မြှင့်တင်ရာတွင် အဓိကကျကြောင်း အာလီလူတီဒီစီက ပြောကြား သည်။

အီသီယိုးပီးယား စက်မှုဥယျာဉ်များ ဖွံ့ဖြိုး တိုးတက်ရေး ကော်ပိုရေးရှင်း၏ ကိန်းဂဏန်းများအရ ပြည်တွင်းပြည်ပ ရင်းနှီးမြှုပ်နှံသူ ၁၃၀ ကျော်သည် လက်ရှိတွင် နိုင်ငံတစ်ဝန်းရှိ စက်မှုဇုန် ၁၂ ခုနှင့် လွတ်လပ်သော ကုန်သွယ်မှုဇုန်တစ်ခုတို့၌ ကဏ္ဍ အသီးသီးတွင် ပါဝင်လျက်ရှိသည်။

**ကိုးကား - ဆင်ဟွာ**

**ဘာသာပြန် - အောင်ကျော်ကျော်**

# ကိုလံဘီယာနိုင်ငံ၌ မြေပြိုမှုကြောင့် ၁၈ ဦး သေဆုံးခဲ့

ဘိုဂိုတာ ဇန်နဝါရီ ၁၄

ကိုလံဘီယာနိုင်ငံ အနောက်မြောက် ပိုင်းတွင် ဇန်နဝါရီ ၁၂ ရက်က ဖြစ်ပွားခဲ့ သော မြေပြိုမှုကြောင့် အနည်းဆုံး ၁၈ ဦး သေဆုံးပြီး လူပေါင်းများစွာ ဒဏ်ရာရရှိခဲ့ ကြောင်း ကိုလံဘီယာအစိုးရက ဇန်နဝါရီ ၁၃ ရက် အစောပိုင်းတွင် ပြောကြားသည်။

မြေပြိုမှုဖြစ်ပွားခဲ့ပြီးနောက် လူများ နှင့် ယာဉ်များ ပိတ်မိနေကြောင်း ကိုလံ ဘီယာဒုတိယသမ္မတ ဖရန်စီယာမာကွက်ဇ် က ယခင်က Twitter ဟု လူသိများသည့် လူမှုမီဒီယာ “X” တွင် ဖော်ပြထားသည်။

မြေပြိုမှုကြောင့် ဒဏ်ရာရရှိသူ ၃၅ ဦးထက်မနည်းကို ဆေးရုံအသီးသီးသို့ ပို့ဆောင်ခဲ့ကြောင်း သဘာဝဘေးအန္တရာယ် ဆိုင်ရာ စီမံခန့်ခွဲမှု အမျိုးသားဌာနက ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

ကိုလံဘီယာသမ္မတ ဂူစတာဗိုပီထရို က အဆိုပါဖြစ်ရပ်ကို ကြောက်စရာ ကောင်းပြီး ကြေကွဲစရာဖြစ်ရပ်တစ်ခု အဖြစ် ဖော်ပြခဲ့ပြီး သဘာဝဘေးဒဏ်ခံခဲ့ရ သူများကို အစွမ်းကုန် ကူညီပံ့ပိုးပေးရန် အာဏာပိုင်များအား တောင်းဆိုခဲ့ကြောင်း သိရသည်။ ကိုလံဘီယာအာကာသတပ်ဖွဲ့ သည် ဒဏ်ရာရသူများကို ပို့ဆောင်ရန် ရဟတ်ယာဉ်တစ်စင်းကို အသုံးပြုကာ ကယ်ဆယ်ရေးတပ်ဖွဲ့ဝင်များအား ထိခိုက် ပျက်စီးရာဒေသသို့ ပို့ဆောင်ခဲ့ကြောင်း သိရသည်။




အခင်းဖြစ်ပွားရာနေရာရှိ မျက်မြင် သက်သေများက သဘာဝဘေးမဖြစ်မီတွင် လူ ၅၀ ခန့်သည် မိုးသည်းထန်စွာရွာသွန်း ပြီး မြေပြိုမှုကြောင့် ရုတ်တရက် မြေမြုပ် သွားသည့် အိမ်တစ်အိမ်တွင် ခိုလှုံနေကြ ကြောင်း ပြောကြားခဲ့သည်။ လက်ရှိတွင် ကယ်ဆယ်ရေးလုပ်ငန်းများ ဆက်လက် လုပ်ဆောင်နေခြင်းကြောင့် သေဆုံးသူ အရေအတွက် တိုးလာဖွယ်ရှိကြောင်း သိရ သည်။

**ကိုးကား - ဆင်ဟွာ**

**ဘာသာပြန် - အလင်းသစ်**

# ဖိလစ်ပိုင်နိုင်ငံ၌ ၂၀၂၃ ခုနှစ်အတွင်း နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုတန်ဖိုး အမေရိကန်ဒေါ်လာ ၂၂ ဒသမ ၅ ဘီလီယံရရှိ

မနီလာ ဇန်နဝါရီ ၁၄

ဖိလစ်ပိုင်နိုင်ငံ၌ ၂၀၂၃ ခုနှစ်အတွင်း နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုတန်ဖိုး ပီဆို ၁ ဒသမ ၂၆ ထရီလီယံ (အမေရိကန်ဒေါ်လာ ၂၂ ဒသမ ၅ ဘီလီယံခန့်) ရှိပြီး ၂၀၂၂ ခုနှစ်ထက် ၇၃ ရာခိုင်နှုန်း ပိုမိုများပြားကြောင်း ဖိလစ်ပိုင်ဘဏ္ဍာရေးဌာနက ယနေ့ သတင်း ထုတ်ပြန်သည်။ ရင်းနှီးမြှုပ်နှံမှုပြုလုပ်မည့်စီမံကိန်းများတွင် အဓိကအားဖြင့် ပြန်လည် ပြည့်ဖြိုးမြဲစွမ်းအင်၊ တယ်လီဖုန်းဆက်သွယ်ရေး အခြေခံအဆောက်အအုံနှင့် ကြေးနီ၊ ရွှေနှင့် အခြားသတ္တုများ တင်ပို့သည့် စီမံကိန်းပေါင်း ၃၁၁ ခု ပါဝင်ကြောင်း သတင်း ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။ ပြည်တွင်း၌ အလုပ်အကိုင်ပေါင်း ၄၉၀၀၀ ကျော်ကို ဖန်တီးနိုင်မည်ဖြစ်ကြောင်း ဖိလစ်ပိုင်ရင်းနှီးမြှုပ်နှံမှုဘုတ်အဖွဲ့၏ အစီရင်ခံစာတွင် ဖော်ပြထားသည်။

ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်နှင့် လျှပ်စစ်ဓာတ်အားကဏ္ဍတွင် ပီဆို ၉၈၇ ဒသမ ၁၂ ဘီလီယံ (ဒေါ်လာ ၁၇ ဒသမ ၇ ဘီလီယံ) ခန့် ရင်းနှီးမြှုပ်နှံသွားမည်ဖြစ်ကြောင်းနှင့် အဆိုပါရင်းနှီးမြှုပ်နှံမှုပမာဏသည် ၂၀၂၂ ခုနှစ်အတွင်း ရင်းနှီးမြှုပ်နှံမှုပမာဏထက် ပိုမိုမြင့်တက်ခဲ့ကြောင်း သိရသည်။ သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးကဏ္ဍ တွင် ပီဆို ၉၆ ဒသမ ၀၄ ဘီလီယံ(အမေရိကန်ဒေါ်လာ ၁ ဒသမ ၇ ဘီလီယံ) ခန့် ရင်းနှီး မြှုပ်နှံသွားမည်ဖြစ်သည်။ အဆိုပါပမာဏသည် ရင်းနှီးမြှုပ်နှံမှုပမာဏ ဒုတိယအများဆုံး နေရာတွင် ရပ်တည်ကြောင်း သိရသည်။ ၂၀၂၃ ခုနှစ်အတွင်း ဖိလစ်ပိုင်နိုင်ငံ၏ နိုင်ငံ ခြားရင်းနှီးမြှုပ်နှံမှုပမာဏသည် ၂၀၂၂ ခုနှစ်နှင့် နှိုင်းယှဉ်ပါက ပီဆို ၇၆၆ ဒသမ ၉၇ ဘီလီယံ (အမေရိကန်ဒေါ်လာ ၁၃ ဒသမ ၇ ဘီလီယံ) ခန့်မြင့်တက်လာပြီး ဂျာမနီနိုင်ငံ သည် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုအများဆုံးနိုင်ငံဖြစ်ပြီး နယ်သာလန်၊ စင်ကာပူနှင့် အမေရိကန်နိုင်ငံတို့သည် ရင်းနှီးမြှုပ်နှံမှု ဒုတိယအများဆုံးနိုင်ငံများအဖြစ် အသီးသီး ရပ်တည်လျက်ရှိသည်။ **ကိုးကား - ဆင်ဟွာ၊ ဘာသာပြန် - အောင်ကျော်ကျော်**

# ကမ္ဘောဒီးယားနိုင်ငံ၌ ၂၀၂၃ ခုနှစ်တွင် ရေနံထုတ်ကုန်တန်ဖိုး အမေရိကန်ဒေါ်လာ ၂ ဒသမ ၁၇ ဘီလီယံ တင်သွင်းခဲ့

ဖနောင်ပင် ဇန်နဝါရီ ၁၄

ကမ္ဘောဒီးယားနိုင်ငံ၏ ဒီဇယ်လောင်စာဆီနှင့် ရေနံဆီတင်သွင်းမှု သည် ၂၀၂၃ ခုနှစ်တွင် ၇ ဒသမ ၆ ရာခိုင်နှုန်း ကျဆင်းခဲ့ကြောင်း ကမ္ဘော ဒီးယားနိုင်ငံ အကောက်ခွန်နှင့် ယစ်မျိုး ဦးစီးဌာန၏ ယမန်နေ့က အစီရင်ခံစာအရ သိရသည်။ ကမ္ဘောဒီးယားနိုင်ငံ၏ ဒီဇယ်လောင်စာဆီနှင့် ရေနံဆီ တင်သွင်းမှုစုစုပေါင်းတန်ဖိုးသည် ယမန်နှစ်က အမေရိကန်ဒေါ်လာ ၂ ဒသမ ၁၇ ဘီလီယံရှိပြီး ၂၀၂၂ ခုနှစ်ကထက် ၇ ဒသမ ၆ ရာခိုင်နှုန်း ကျဆင်းသွားကြောင်း အဆိုပါအစီရင်ခံစာက ဆိုသည်။

ကမ္ဘောဒီးယားနိုင်ငံသည် ဒီဇယ်လောင်စာဆီအတွက် အမေရိကန် ဒေါ်လာ ၁ ဒသမ ၃၂ ဘီလီယံနှင့် ယမန်နှစ်က ရေနံဆီတင်သွင်းမှုအတွက် အမေရိကန်ဒေါ်လာ သန်း ၈၅၀ သုံးစွဲခဲ့ပြီး တစ်နှစ်ထက်တစ်နှစ် ဒီဇယ်လောင်စာဆီတင်သွင်းမှုတွင် ၁၂ ဒသမ ၂ ရာခိုင်နှုန်းနှင့် ရေနံဆီ တင်သွင်းမှုတွင် သုည ဒသမ ၂၆ ရာခိုင်နှုန်း အသီးသီး ကျဆင်းသွားခဲ့ ကြောင်း အစီရင်ခံစာတွင် ဖော်ပြထားသည်။ ကမ္ဘောဒီးယားနိုင်ငံရှိ ရေနံထွက်ကုန်များ ဝယ်လိုအားသည် ၂၀၂၀ ပြည့်နှစ်တွင် တန်ချိန် ၂ ဒသမ ၈ သန်းရှိခဲ့ရာမှ ၂၀၃၀ ပြည့်နှစ်တွင် တန်ချိန် ၄ ဒသမ ၈ သန်းအထိ တိုးလာမည်ဟု သတ္တုတွင်းနှင့် စွမ်းအင်ဝန်ကြီးဌာနက ခန့်မှန်းထား သည်။ **ကိုးကား - ဆင်ဟွာ၊ ဘာသာပြန် - အလင်းသစ်**

# မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်မြို့နယ်၌ ငွေကျပ် ၁ ဒသမ ၈ ဘီလီယံ တန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြား ၁၂ သိန်း သိမ်းဆည်းရမိ

**နေပြည်တော် ဇန်နဝါရီ ၁၄**

မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်မြို့နယ်တွင် ငွေကျပ် ၁ ဒသမ ၈ ဘီလီယံတန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြား ၁၂ သိန်း သိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် ဇန်နဝါရီ ၇ ရက် ညနေ ၅ နာရီတွင် မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်မြို့နယ် ဝက်ဝံကျေးရွာအနီးတွင် နောင်ချိုဘက်မှ မန္တလေးဘက်သို့ စိုင်းလှရွှေ မောင်းနှင်လာသည့် Toyota Hiace ယာဉ်ကို သတင်းအရရှာဖွေရာ ယာဉ်ပေါ်မှ ဒေသကာလ တန်ဖိုးငွေကျပ် ၁ ဒသမ ၈ ဘီလီယံတန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြား ၁၂ သိန်း သိမ်းဆည်းရမိခဲ့ပြီး စစ်ဆေးဖော်ထုတ်ချက်အရ သိမ်းဆည်းရမိ စိတ်ကြွရူးသွပ်ဆေးပြားများကို ရှမ်းပြည်နယ်(တောင်ပိုင်း)မှ မန္တလေးတိုင်းဒေသကြီးသို့ သယ်ဆောင်ခြင်းဖြစ်ကြောင်းသိရှိရသဖြင့် ၎င်းအား ဥပဒေအရအရေးယူထားရှိပြီး ကွင်းဆက်ပြစ်မှုကျူးလွန်သူများအား



စိုင်းလှရွှေအား သိမ်းဆည်းရမိသည့် မူးယစ်ဆေးဝါးများနှင့်အတူ တွေ့ရစဉ်။

ဆက်လက် စစ်ဆေးဖော်ထုတ်လျက်ရှိကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သိရသည်။

**သတင်းစဉ်**

# သပိတ်ကျင်းနှင့် နမ့်စန်မြို့နယ်များတွင် စိတ်ကြွရူးသွပ်ဆေးပြားများ သိမ်းဆည်းရမိ

**နေပြည်တော် ဇန်နဝါရီ ၁၄**

မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဇန်နဝါရီ ၁၁ ရက် မွန်းလွဲ ၃ နာရီခွဲတွင် သပိတ်ကျင်းမြို့နယ် ချောင်းကြီးကျေးရွာအုပ်စု ရေထွက်ကျေးရွာရှိ မစောနန်းငွေး၏ နေအိမ်ကို ဝင်ရောက်ရှာဖွေရာ ၎င်းနှင့်အတူ မစိုးစိုးငွေး၊ မမာမာ(ခ)ဝါဝါဦးတို့အား တွေ့ရှိပြီး ၎င်းတို့ထံမှ စိတ်ကြွရူးသွပ်ဆေးပြား ၆၂၇၀ ကိုလည်းကောင်း၊ ထို့ပြင် ပူးပေါင်းအဖွဲ့သည် ဇန်နဝါရီ ၁၃ ရက် မွန်းလွဲ ၁ နာရီ ၄၅ မိနစ်တွင် နမ့်စန်မြို့နယ် နမ့်မော်ခေါက်ဆင့်ကျေးရွာအနီးတွင် ကျော်ကျော်လင်း(ခ)စိုင်းရွက်လူ မောင်းနှင်လာသည့် ဆိုင်ကယ်ကို ရပ်တန့်စစ်ဆေးရှာဖွေရာ ဆိုင်ကယ်တူးဘောက်အတွင်းမှ အိုက်စ်နှစ်ကီလို သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားကြောင်း သိရသည်။

**သတင်းစဉ်**

# တရားမဝင် သစ်မျိုးစုံ၊ မော်တော်ဆိုင်ကယ်နှင့် မော်တော်ယာဉ် သိမ်းဆည်းရမိ

**နေပြည်တော် ဇန်နဝါရီ ၁၄**

တရားမဝင် ကုန်သွယ်မှု တိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီး အရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိရာ ဧရာဝတီတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျ ပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ရာ၌ ဇန်နဝါရီ ၁၀ ရက်တွင် မြန်အောင်ခရိုင် ကြံခင်းမြို့နယ်၌ တရားမဝင် အခြားသစ် ၆ ဒသမ ၁၅၆ တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၇၀၆၁၂၀) နှင့် ဇန်နဝါရီ ၁၁ ရက်တွင် ပုသိမ်ခရိုင် ရေကြည်မြို့နယ်၌ တရားမဝင် အခြားသစ် ၄ ဒသမ ၂၈၄ တန် (ခန့်မှန်းတန်ဖိုး ငွေကျပ် ၂၉၉၈၉၄) စုစုပေါင်း(ခန့်မှန်းတန်ဖိုးငွေကျပ် ၁၀၀၆၀၁၄)ကို သိမ်းဆည်းရမိခဲ့ပြီး သစ်တောဥပဒေအရ အရေးယူဆောင်ရွက်လျက်ရှိသည်။



မကွေးတိုင်းဒေသကြီး၌ သိမ်းဆည်းရမိမှု။

ထို့ပြင် ဇန်နဝါရီ ၁၂ ရက်တွင် မကွေးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျ ပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ မကွေးခရိုင် တောင်တွင်းကြီးမြို့နယ်၌ လိုင်စင်မဲ့ Tarbo Star 110 ဆိုင်ကယ် တစ်စီး(ခန့်မှန်းတန်ဖိုး ငွေကျပ် ၃၀၀၀၀၀)ကို ပို့ကုန်သွင်းကုန်ဥပဒေအရ လည်းကောင်း၊ မကွေးခရိုင် မြို့သစ်မြို့နယ်၌ တရားမဝင် ကျွန်းသစ် သုည ဒသမ ၀၇၆ တန် နှင့် အခြားသစ် ၁၀ ဒသမ ၂၉၆ တန်(ခန့်မှန်းတန်ဖိုး ငွေကျပ် ၉၂၀၇၂)ကို သစ်တောဥပဒေအရ လည်းကောင်း စုစုပေါင်း (ခန့်မှန်းတန်ဖိုး ငွေကျပ် ၃၉၂၀၇၂)ကို သိမ်းဆည်းအရေးယူ ဆောင်ရွက်လျက်ရှိသည်။

**သိမ်းဆည်းအရေးယူ**

ထို့ပြင် ပဲခူးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျ ပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ဇန်နဝါရီ ၁၃ ရက်တွင် ပဲခူးခရိုင် အတွင်း၌ တရားမဝင် ကျွန်းသစ် ၂ ဒသမ ၄၅၅ တန် (ခန့်မှန်းတန်ဖိုး ငွေကျပ် ၁၆၂၀၃၀၀)ကို သစ်တောဥပဒေအရ လည်းကောင်း၊ ဝေါမြို့နယ်၌ လိုင်စင်မဲ့ Toyota Voxy ယာဉ်တစ်စီး(ခန့်မှန်းတန်ဖိုး ငွေကျပ် ၈၀၀၀၀၀၀)ကို ပို့ကုန်သွင်းကုန်ဥပဒေအရ လည်းကောင်း၊ ဇန်နဝါရီ ၁၄ ရက်တွင် သာယာဝတီခရိုင် အတွင်း၌ တရားမဝင် ကျွန်းသစ် ၄ ဒသမ ၀၅၈ တန်၊ အခြားသစ် ၅ ဒသမ ၅၇၆ တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၆၃၂၆၀)ကို သစ်တောဥပဒေအရ လည်းကောင်း စုစုပေါင်း(ခန့်မှန်းတန်ဖိုးငွေကျပ် ၁၀၀၈၃၅၆၀)ကို သိမ်းဆည်းအရေးယူ ဆောင်ရွက်လျက်ရှိသည်။

သို့ဖြစ်၍ ဇန်နဝါရီ ၁၀ ရက်၊ ၁၁ ရက်၊ ၁၂ ရက်၊ ၁၃ ရက်နှင့် ၁၄ ရက်တို့တွင် သိမ်းဆည်းရမိမှု စုစုပေါင်းမှာ အမှုတွဲ ရှစ်မှု(ခန့်မှန်းတန်ဖိုးငွေကျပ် ၁၁၄၈၁၆၄၆)ဖြစ်ကြောင်း တရားမဝင် ကုန်သွယ်မှု တိုက်ဖျက်ရေး ဦးဆောင်ကော်မတီမှ သိရသည်။

**သတင်းစဉ်**

# နေပြည်တော် ဇမ္ဗူသီရိမြို့နယ် ဓနသိဒ္ဓိရပ်ကွက်၌ ဆိုင်ကယ်သူခိုးများသောင်းကျန်း

**နေပြည်တော် ဇန်နဝါရီ ၁၄**

နေပြည်တော် ဇမ္ဗူသီရိမြို့နယ် ဓနသိဒ္ဓိရပ်ကွက်၌ ဆိုင်ကယ်သူခိုးများ သောင်းကျန်းလျက်ရှိကြောင်း သိရသည်။

အဆိုပါ ရပ်ကွက်ရှိ တိုက် ၁၃၇၀ အခန်း ၂၅ မှ ပိုင်ဆိုင်သော လေ့ဂျားဆိုင်ကယ် အသစ်တစ်စီးကို ယမန်နေ့ညပိုင်းက ခိုးယူခံခဲ့ရကြောင်း ပိုင်ရှင် ကိုဇော်ထံမှ သိရသည်။

ကိုဇော်က "ကျွန်တော် ဒီတိုက်မှာပဲ ပြီးခဲ့တဲ့ စက်တင်ဘာ ၂၅ ရက်ညမှာ ထိုင်းဘီး တစ်စီးအခိုးခံရပါတယ်။ အလုပ်က အသွားအပြန် ဆိုင်ကယ်ရှိမှ အဆင်ပြေမှာဖြစ်လို့ အခုလေ့ဂျားဆိုင်ကယ်တစ်စီး ထပ်ဝယ်ပြီး စီးတာဘယ်လောက်မှ မကြာသေးဘူး မနေ့ညက တစ်ခါထပ်ပြီး အခိုးခံရတယ်။ ဆိုင်ကယ်ခိုးတဲ့ သူတွေက တစ်ယောက်ထဲတော့ မဖြစ်နိုင်ဘူး အဖွဲ့နဲ့လာပြီး ထမ်းထုတ်ပြီးမှ ကားပေါ်တင်သွားတယ်လို့ထင်တယ်။ ကျွန်တော့် ဆိုင်ကယ်က ဇက်သော့ရော သံကြိုးနဲ့ပါခတ်ထားတာ" ဟု ပြောကြားသည်။

ဆက်လက်၍ ကိုဇော်က "ရပ်ကွက်တွေ၊ ဝန်ထမ်းတိုက်ခန်းတွေမှာ သူခိုးတွေ အတော်သောင်းကျန်းနေတယ်။ ဆိုင်ကယ်ပျောက်တဲ့ ဝန်ထမ်းတွေ ခဏခဏ ကြားနေရတယ်။ ကျွန်တော် အရင်တစ်စီးပျောက်တုန်းကလည်း ရဲကို အမှုဖွင့်ထားတယ်။ ခုထိဘာမှတော့ မထူးခြားသေးဘူး"ဟု ပြောသည်။ **လေးသန်း**

## မြန်မာ့အသံနှင့်ရုပ်မြင်သံကြား

၁၅-၁-၂၀၂၄ တနင်္လာနေ့

**MRTV HD**

| | |
|---|---|
| ၀၆:၀၀ | ပေဋ္ဌာသုတ်၊ ရတနသုတ်၊ မေတ္တာသုတ် အန္တရာယ်ကင်းပရိတ်တရားတော် |
| ၀၇:၀၀ | နံနက်ခင်းသတင်း |
| ၀၈:၁၅ | ကယားတိုင်းရင်းသားတို့၏ ချစ်စရာရိုးရာအိမ်ကလေးများ |
| ၀၉:၁၅ | စိုက်ပျိုးမွေးမြူသုတဘဏ် |
| ၁၀:၃၀ | Economic Review |
| ၁၁:၃၀ | ကြွေလည်းဝေမြဲတမ်းတဆဲ 'ထိပ်တန်းတေးဖြူ စာဆိုစာရင်းဝင် အနုပညာရှင်' (အပိုင်း-၁)(တွံတေးသိန်းတန်) |
| ၁၂:၁၅ | နိုင်ငံခြားဇာတ်လမ်းတွဲ 'ဆုတောင်းပြည့်ကြယ်တာရာစောလာ' (အပိုင်း-၂၆) |
| ၁၃:၃၀ | MRTV National News |
| ၁၅:၀၀ | နိုင်ငံခြားဇာတ်လမ်းတွဲ 'ချစ်ဝန်းရန့်လွင့်မျှံ့အမှုန်း' (အပိုင်း-၉၉) |
| ၁၅:၃၀ | ကျန်းမာရေးမဂ္ဂဇင်း(တိုင်းရင်းဆေး) |
| ၁၆:၁၅ | မျိုးဗုဏ်တင့်စေဆိုကရေးတီးအမွေ |
| ၁၇:၀၀ | သတင်းသမားပြောတဲ့သတင်းစကား |
| ၁၇:၃၀ | This Week's Special Interset |
| ၁၇:၄၀ | ကယားရိုးရာဝတ်သားနဲ့ ဖက်ခါးရွက်နှင့် ဝါးမီးကင် |
| ၁၈:၁၅ | သံစဉ်ချိုမြမြန်မာတေးအလှ |
| ၁၉:၁၀ | နိုင်ငံခြားဇာတ်လမ်းတွဲ 'ဘတ်စကက်ဘောအက်ဆေး' (အပိုင်း-၅၁) |
| ၂၀:၀၀ | ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း မိုးလေဝသအခြေအနေ |
| ၂၁:၀၀ | ကယားပြည်နယ်နေ့ ဂုဏ်ပြုအစီအစဉ် |
| ၂၁:၁၅ | နိုင်ငံခြားဇာတ်လမ်းတွဲ 'ပြည့်စုံခြင်းအိပ်မက်' (အပိုင်း-၁၃) |
| ၂၂:၀၀ | မြန်မာဇာတ်လမ်းတွဲ 'အချစ်ရဲ့အိပ်မက်တန်ဖိုး' (အပိုင်း-၁၂) |

**mitv**

| | |
|---|---|
| 07:01 | Myanmar Shu Khin Myanmar Sate Yinn (Seint Nay Chi) |
| 07:09 | Ecotourism: Naga Traditional Customs |
| 07:29 | Artistic Values & Aesthetic Traditions |
| 07:53 | NAGA Festival (15th January) |
| 08:01 | News |
| 08:26 | National Attractions Malaysia (Welcome to Penang) |
| 08:34 | Myanmar Traditional Thatched Roofs: Nipa Palm |
| 08:50 | Traveling in Kayah State |
| 09:00 | A Day Life Of Kayan Padaung Tribe |
| 09:30 | Welcome To Naga Land |
| 10:01 | News |
| 10:30 | Listening Pleasure, Instrumental Music (Mandolin) Daydreaming |
| 10:41 | Diamond Lady |

**MRTV NRC**

**ရခိုင် (၀၆:၀၀ မှ ၀၈:၀၀)**
Arakan Talented Star
(ဒိုးကလေး-Interview)

**ရှမ်း (၀၈:၀၀ မှ ၁၀:၀၀)**
နှစ်ပေါင်းရှည်ကြာတည်မြဲပါတဲ့ အိုးလက်ရာ

**ဝ (၁၀:၀၀ မှ ၁၂:၀၀)**
ဝရိုးရာယဉ်ကျေးမှုပြခန်း

**ကချင် (၁၂:၀၀ မှ ၁၄:၀၀)**
ရဝမ်ရိုးရာဝတ်စားဆင်ယင်ပုံအဆင့်ဆင့်

**ကယား (၁၄:၀၀ မှ ၁၆:၀၀)**
သဘာဝဖြစ်တည်တောင်ကွဲအလှရှိရာ ငွေတောင်ပြည်

**စကောကရင် (၁၆:၀၀ မှ ၁၇:၀၀)**
ခရမ်းချဉ်သီးအစာသွပ်

**အနောက်ပိုးကရင် (၁၇:၀၀ မှ ၁၈:၀၀)**
ဖြစ်တည်ရာဘဝမှာအကောင်းဆုံးကြိုးစားသူ(စဝင်းဖြိုး)

**အရှေ့ပိုးကရင် (၁၈:၀၀ မှ ၁၉:၀၀)**
ဖားပုတောင်ပေါ်မှ လှပသောမြင်ကွင်းတစ်ခွင်

**ချင်း(လိုင်ဇိုး) (၁၉:၀၀ မှ ၂၀:၀၀)**
တောင်ဇလပ်ရဲ့ရိုးရာအလှ(အပိုင်း-၁)

**ချင်း(ချိုး) (၂၀:၀၀ မှ ၂၁:၀၀)**
မုန်လာဥနီ၏ဆေးဖက်ဝင်အစွမ်းထက်မှုများ

**မွန် (၂၁:၀၀ မှ ၂၃:၀၀)**
မွန်ရိုးရာထိမ်းမြားမင်္ဂလာ

**MRTV NEWS**

| | |
|---|---|
| ၀၆:၀၀ | အဖွင့်၊ တေးသီချင်း |
| ၀၆:၄၀ | အားကစားသတင်း |
| ၀၈:၃၀ | နိုင်ငံတကာသတင်း(LIVE) |
| ၀၈:၄၅ | Weekly Selected News |
| ၀၉:၀၀ | ပြည်တွင်းသတင်း (LIVE) |
| ၁၁:၀၀ | ပြည်တွင်းသတင်း (LIVE) |
| ၁၂:၃၀ | နိုင်ငံတကာသတင်း(LIVE) |
| ၁၄:၀၀ | MRTV National News |
| ၁၆:၀၀ | သတင်းမှန်ကဏ္ဍ(LIVE) |
| ၁၉:၁၅ | ခရုစုပ်ငှက်တွေရဲ့ ဆောင်းတွင်းရှင်သန်မှု |
| ၂၀:၀၀ | ပြည်တွင်းသတင်း (LIVE) |
| ၂၀:၃၀ | နိုင်ငံတကာသတင်း(LIVE) |
| ၂၁:၄၅ | သတင်းသမားပြောတဲ့သတင်းစကား |

**MRTV PARLIAMENT**

| | |
|---|---|
| ၀၉:၀၀ | အဖွင့်၊ အလံ |
| ၀၉:၃၀ | ဥပဒေရေးရာအဖြာဖြာဇာတ်လမ်းတို 'သိလျက်နှင့်ထိန်ချန်မှု' |
| ၁၀:၀၀ | ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ ကြေညာချက်သတင်းများ |
| ၁၀:၃၀ | PR SYSTEM ရှင်းလင်းပွဲ |
| ၁၁:၀၀ | နိုင်ငံတကာရွေးကောက်ပွဲများအကြောင်း (ဂျပန်နိုင်ငံ) |
| ၁၁:၃၀ | ရှေ့သို့ချီမည်ပန်းတိုင်ဆီ(အပိုင်း-၁၇) |
| ၁၈:၀၀ | Economic Review (အပိုင်း-၂၉) |

**MRTV FARMERS' Channel**

| | |
|---|---|
| ၀၆:၀၀ | အဖွင့်၊ နိုင်ငံတော်သီချင်း |
| ၀၆:၁၅ | တန်ဖိုးရှိသောမြန်မာ့ထုတ်ကုန်များဆီ |
| ၀၇:၀၀ | တောင်သူလယ်သမားရေးရာသတင်း |
| ၁၈:၀၀ | အွန်လိုင်းပေါ်ကဝိဉာဉ်(အပိုင်း-၁) (ဇာတ်လမ်း) |
| ၁၉:၃၀ | ဖန်းတီးလေ့လာ လုပ်ငန်းအဖြာဖြာ (ဝက်မွေးမြူရေးလုပ်ငန်း) |
| ၂၂:၀၀ | အွန်လိုင်းပေါ်ကဝိဉာဉ်(အပိုင်း-၂) (ဇာတ်လမ်း) |
| ၂၃:၃၀ | Weymiller Family Farm |

**MRTV SPORTS**

| | |
|---|---|
| ၀၆:၀၀ | အဖွင့် |
| ၀၆:၂၀ | ရွှေရောင်မျိုးဆက်သစ်များနှင့် တွေ့ဆုံခြင်း |
| ၀၆:၄၀ | Sports Diary |
| ၁၆:၃၀ | MNL 2022 Match (Replay) |
| ၁၈:၀၀ | အားကစားသတင်း |
| ၁၉:၃၀ | Weekly Sports Info |

MRTV Application

Android iOS Huawei

Education Channel ကို နေ့စဉ် နံနက် (၉:၀၀)နာရီမှ တစ်ကြိမ်လျှင် (၄)နာရီ (၆)ကြိမ်နှုန်း ထုတ်လွှင့်ပြသလျက်ရှိပါသည်။

https://mrtv.gov.mm

# ဘုရားစေတီပုထိုးများနှင့် ဘာသာရေးဆိုင်ရာ အဆောက်အအုံများကို ဖျက်ဆီးမှုအပေါ် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတို့တွင် ကန့်ကွက်ရှုတ်ချပွဲများပြုလုပ်

နေပြည်တော် ဇန်နဝါရီ ၁၄

အကြမ်းဖက်သောင်းကျန်းသူများက ဘုရားစေတီပုထိုးများ၊ ဗုဒ္ဓဆင်းတုတော်များအား ဖျက်ဆီးစော်ကားမှုအား ကန့်ကွက်ရှုတ်ချပွဲများကို တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီး၌ ကျင်းပပြုလုပ်လျက်ရှိသည်။

**ကျင်းပပြုလုပ်**

ထိုသို့ ပြုလုပ်လျက်ရှိရာ ယနေ့တွင် ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့ ကမ်းနားလမ်း ရှုခင်းသာရင်ပြင်၌ လည်းကောင်း၊ စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့ ပြည်သူ့အားကစားကွင်း၌ လည်းကောင်း၊ မန္တလေးတိုင်းဒေသကြီး မြင်းခြံမြို့ ဗိုလ်ချုပ်ကြေးရုပ်ရှေ့၌လည်းကောင်း၊ ပဲခူးတိုင်းဒေသကြီး ပြည်မြို့ မြို့သစ်ရပ်ကွက်ရှိ ခရိုင်အားကစားကွင်း၌လည်းကောင်း ကျင်းပပြုလုပ်ကြရာ သတ်မှတ်နေရာအသီးသီးမှ ချီတက်စုဝေးကြပြီး သံဃာတော်များနှင့် မျိုးချစ်ပြည်သူ ဦးဆောင်သူများက ဗုဒ္ဓဘာသာအပေါ် ဖျက်ဆီးရန်လုပ်ဆောင်နေမှုများကို ကန့်ကွက်ကြောင်း ဟောပြောကြသည်။




ထို့နောက် ကန့်ကွက်ရှုတ်ချပွဲသို့ တက်ရောက်လာကြသူများက "သာသနာကို ဖျက်ဆီးနေသော အကြမ်းဖက်သူများ(ကျရှုံးပါစေ)၊ လူသတ်အကြမ်းဖက်သောင်းကျန်းသူမှန်သမျှ(ဆန့်ကျင်ကြ)၊ မြန်မာနိုင်ငံသား ဗုဒ္ဓဘာသာဝင် တိုင်းရင်းသားများ ကိုးကွယ်ယုံကြည်သည့် ဘုရား၊ စေတီ၊ ဆင်းတုတော်များအား စော်ကားဖျက်ဆီးသူ(ဒို့ရန်သူ)၊ ဘုရား၊ စေတီ၊ ဆင်းတုတော်များကို ဖျက်ဆီးနေသော ပြည်ဖျက်မိစ္ဆာသောင်းကျန်သူများ(ကျရှုံးပါစေ)၊ ဒို့ဘာသာ၊ ဒို့သာသနာ၊ ဒို့ယဉ်ကျေးမှု ဖျက်ဆီးစော်ကားသူများအား(ဆန့်ကျင်ကြ)၊ အကြမ်းဖက်အားပေးလောက်ကောင်များ(အလိုမရှိ)၊ သာသနာဖျက်အကြမ်းဖက်သမားများ(အလိုမရှိ)" စသည့် ကြွေးကြော်သံများ၊ ဆိုင်းဘုတ်များ ကိုင်ဆောင်၍ ငြိမ်းချမ်းစွာ ဆန္ဒထုတ်ဖော်ကြသည်။

အဆိုပါ ကန့်ကွက်ရှုတ်ချပွဲများသို့ သက်ဆိုင်ရာမြို့နယ်များမှ သံဃာတော်များ၊ သာသနာ့နွယ်ဝင် သီလရှင်များနှင့် မျိုးချစ်ပြည်သူများ တစ်ခဲနက် တက်ရောက် ကန့်ကွက်ရှုတ်ချခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

# ဟုမ္မလင်းမြို့၌ ဗုဒ္ဓဘာသာဝင်များ အထွတ်အမြတ်ထားရာ စေတီပုထိုးများ၊ ဗုဒ္ဓဆင်းတုတော်များအား ဖျက်ဆီးစော်ကားနေသည့် အကြမ်းဖက်သောင်းကျန်းသူများနှင့် သာသနာဖျက်မိစ္ဆာများအား ကန့်ကွက်ရှုတ်ချပွဲ ကျင်းပ

ဟုမ္မလင်း ဇန်နဝါရီ ၁၄

စစ်ကိုင်း တိုင်းဒေသကြီး ဟုမ္မလင်းခရိုင် ဟုမ္မလင်းမြို့၌ ဗုဒ္ဓဘာသာဝင်များ အထွတ်အမြတ်ထားရာ စေတီပုထိုးများ၊ ဗုဒ္ဓဆင်းတုတော်များအား ဖျက်ဆီးစော်ကားနေသည့် အကြမ်းဖက်သောင်းကျန်းသူများနှင့် သာသနာဖျက်မိစ္ဆာများအား ကန့်ကွက်ရှုတ်ချပွဲကို ယနေ့ နံနက်ပိုင်းက ကျင်းပပြုလုပ်သည်။

ဦးစွာ ဟုမ္မလင်းမြို့ ခိုပဲဝရပ်ကွက်ရှိ ဆုတောင်းပြည့်ဘုရားဝင်းရှေ့တွင် ဟုမ္မလင်းမြို့နယ် ပတ်ဝန်းကျင်ဒေသများမှ သံဃာတော်များ၊ ဒေသခံတိုင်းရင်းသားပြည်သူများ စုဝေးကြပြီး ဟုမ္မလင်း ဗျူဟာလမ်းမှတစ်ဆင့် အင်းဖြတ်လမ်းမှ မြို့တွင်းသို့ ငြိမ်းချမ်းစွာ စီတန်းလှည့်လည်၍ ဘာသာအကျိုးတို့ သယ်ပိုး၊ မိစ္ဆာဟူသမျှ ရှင်းလင်းကြ၊ ဗုဒ္ဓဘာသာဝင်များ ကိုးကွယ်အထွတ်အမြတ်ထားရာ ဘုရား ဆင်းတုတော်များကို ဖျက်ဆီးနေသော ပြည်ဖျက်မိစ္ဆာ သောင်းကျန်းသူများအား ဆန့်ကျင်ကြ၊ အမျိုးဘာသာ သာသနာအား ဖျက်ဆီးနေသည့် အကြမ်းဖက်အဖွဲ့များအား အလိုမရှိစသည့် ကြွေးကြော်သံများ ကြွေးကြော်ကာ အဆိုပါစာသားပါ ဆိုင်းဘုတ်များ၊ နိုင်ငံတော်အလံများ၊ သာသနာ့အလံများကိုင်ဆောင်၍ ဆန္ဒဖော်ထုတ်ကြပြီး ဟုမ္မလင်းမြို့ ခိုပဲဝရပ်ကွက်ရှိ ဆုတောင်းပြည့်စေတီတော် ဘုရားဝင်းတွင် စုဝေး၍ ဗုဒ္ဓဘာသာဝင်များ အထွတ်အမြတ်ထားရာ စေတီပုထိုးများ၊ ဗုဒ္ဓဆင်းတုတော်များအား ဖျက်ဆီးစော်ကားနေသည့် အကြမ်းဖက်သောင်းကျန်းသူများနှင့် သာသနာဖျက်မိစ္ဆာများအား ကန့်ကွက် ရှုတ်ချကြောင်း ဟောပြော၍ ကန့်ကွက်ရှုတ်ချပွဲကို ရုပ်သိမ်းခဲ့ကြောင်း သိရသည်။

**ဟုမ္မလင်း(ပြန်/ဆက်)**



# ကလေးမြို့နယ်၌ တပ်မတော်က ပစ်ခတ်လိုက်သော လက်နက်ကြီးကျည် ထိမှန်၍ အသက် ၁၂ နှစ်အရွယ် ကလေးငယ်တစ်ဦး သေဆုံးခဲ့ကြောင်း သတင်းတု၊ သတင်းအမှားများကို လူမှုကွန်ရက် စာမျက်နှာများတွင် မဟုတ်မမှန် ရေးသားဖြန့်ဝေလျက်ရှိ

နေပြည်တော် ဇန်နဝါရီ ၁၄

ဇန်နဝါရီ ၁၃ ရက် နံနက်ပိုင်းတွင် စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့ရှိ နယ်မြေခံတပ်ရင်းက လက်နက်ကြီးများဖြင့် ပြည်သူများနေထိုင်ရာကျေးရွာများသို့ ပစ်ခတ်သောကြောင့် ကလေးမြို့နယ် မြောက်ပိုင်း ကြိုးကြာကွင်းကျေးရွာမှ အသက် ၁၂ နှစ်အရွယ် ကလေးငယ်တစ်ဦး ကျည်ထိမှန်၍ သေဆုံးခဲ့ကြောင်း သတင်းတု၊ သတင်းအမှားများကို တရားမဝင် ပြည်ဖျက်မီဒီယာ Khit Thit Media က လူမှုကွန်ရက်စာမျက်နှာများတွင် မဟုတ်မမှန် ရေးသားဖြန့်ဝေနေသည်ကို တွေ့ရှိရသည်။




အဆိုပါသတင်းနှင့် ပတ်သက်၍ သက်ဆိုင်ရာနယ်မြေမှ လုံခြုံရေးတာဝန်ရှိသူတစ်ဦး၏ ပြောကြားချက်အရ ဇန်နဝါရီ ၁၃ ရက်တွင် တီးတိန်မြို့နယ်အတွင်းရှိ နယ်မြေရဲစခန်းတစ်ခုကို CDF အမည်ခံ အကြမ်းဖက် သောင်းကျန်းသူများက Drone များအသုံးပြု၍ လာရောက်တိုက်ခိုက်စဉ် စခန်းအတွင်း ကျရောက်ခဲ့ခြင်းမရှိဘဲ ပြည်သူများနေထိုင်ရာ ကျေးရွာများအတွင်းသို့ ကျရောက်ပေါက်ကွဲခြင်းဖြစ်ပြီး တပ်မတော်မှ ပြည်သူများနေထိုင်ရာ ကျေးရွာများသို့ လက်နက်ကြီးပစ်ခတ်မှုများ မရှိကြောင်း သိရသည်။

တရားမဝင် ပြည်ဖျက်မီဒီယာများအနေဖြင့် အကြမ်းဖက်သမားများ၏ အကြမ်းဖက်လုပ်ရပ်များကို ဖုံးကွယ်ပြီး လုံခြုံရေးတပ်ဖွဲ့ဝင်များအပေါ် ပြည်သူများမှ အထင်အမြင် လွဲမှားစေရန်အတွက် သတင်းတု၊ သတင်းအမှားများကို မဟုတ်မမှန် ရေးသားဖြန့်ဝေနေခြင်းသာဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

# စစ်ကိုင်းတိုင်းဒေသကြီး ခင်ဦးမြို့တွင် လုံခြုံရေးတပ်ဖွဲ့ဝင်များက ကိုယ်ဝန်သည်အပါအဝင် ပြည်သူ လေးဦးကို ပစ်သတ်သွားကြောင်း သတင်းတု၊ သတင်းအမှားများကို လူမှုကွန်ရက် စာမျက်နှာများတွင် မဟုတ်မမှန် ရေးသားဖြန့်ဝေလျက်ရှိ

နေပြည်တော် ဇန်နဝါရီ ၁၄

စစ်ကိုင်းတိုင်းဒေသကြီး ခင်ဦးမြို့နယ် ကျွန်းတောကြီးကျေးရွာ၊ မြင်းကျကျေးရွာနှင့် ကားဆိပ်ကျေးရွာတို့မှ ကိုယ်ဝန်သည် အမျိုးသမီး တစ်ဦး အပါအဝင် ပြည်သူ လေးဦးကို ဇန်နဝါရီ ၁၂ ရက်က လုံခြုံရေးတပ်ဖွဲ့ဝင်များက ပစ်သတ်သွားကြောင်း သတင်းတု၊ သတင်းအမှားများကို တရားမဝင် ပြည်ဖျက်မီဒီယာ DVB က လူမှုကွန်ရက် စာမျက်နှာများတွင် မဟုတ်မမှန် ရေးသားဖြန့်ဝေနေသည်ကို တွေ့ရှိရသည်။

**လုံခြုံရေးဆောင်ရွက်**

ဖြစ်စဉ်အမှန်မှာ အကြမ်းဖက်မှုကို မလိုလားသည့် ဒေသခံပြည်သူများ၏ သတင်းပေးပို့မှုအရ PDF အမည်ခံ အကြမ်းဖက်သောင်းကျန်းသူများက စစ်ကိုင်းတိုင်းဒေသကြီး ခင်ဦးမြို့နယ်အတွင်းရှိ ကျေးရွာများတွင် အပြစ်မဲ့ပြည်သူများကို ဒလန်ဟုစွပ်စွဲ၍ ဖမ်းဆီးသတ်ဖြတ်နေကြောင်း သတင်းအရ လုံခြုံရေးတပ်ဖွဲ့ဝင်များက နယ်မြေလုံခြုံရေးနှင့် ရပ်ရွာတည်ငြိမ်အေးချမ်းရေးအတွက် ၎င်းနေရာများသို့ သွားရောက်ပြီး ဒေသခံပြည်သူများနှင့်အတူပူးပေါင်းကာ လုံခြုံရေးဆောင်ရွက်လျက်ရှိကြောင်းနှင့် တရားမဝင် ပြည်ဖျက်မီဒီယာများကထိုသို့လုံခြုံရေးတပ်ဖွဲ့ဝင်များ၏ နယ်မြေလုံခြုံရေးဆောင်ရွက်မှုကို ထိခိုက်စေရန်အတွက် သတင်းတု၊ သတင်းအမှားများကို လူမှုကွန်ရက်




စာမျက်နှာများမှ တစ်ဆင့် ရည်ရွယ်ချက်ရှိရှိ လုပ်ကြံရေးသားဖြန့်ဝေနေခြင်းသာ ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

■

# သာမညစကြာတောင် ဝိသုံဂါမသိမ်သမုတ်အောင်ပွဲမင်္ဂလာနှင့် ကျောင်းတိုက်ကြီး၏ ပဓာနနာယက ဆရာတော်ကြီး၏ သက်တော်(၆၀)ပြည့် ဝိဇာတမွေးနေ့ မင်္ဂလာအခမ်းအနားကျင်းပ

**ရန်ကုန် ဇန်နဝါရီ ၁၄**

မွန်ပြည်နယ် မော်လမြိုင်မြို့နယ် ရိုးဂိုးကျေးရွာအရှေ့ဘက် သာမညစကြာတောင် ဝိသုံဂါမသိမ်သမုတ်အောင်ပွဲမင်္ဂလာနှင့် သာမညမိုးကုတ်နှင့် သာမညစကြာတောင်ကျောင်းတိုက်ကြီးတို့၏ ပဓာနနာယက ဆရာတော်ကြီး အဂ္ဂမဟာ ကမ္မဋ္ဌာနာစရိယ သာသနာပြုနယ်လှည့်ဓမ္မကထိက တစ်ဘဝသာသနာ ဘဒ္ဒန္တသောဘနမဟာထေရ်မြတ် B.Sc(physics)၏ သက်တော်(၆၀)ပြည့် ဝိဇာတမွေးနေ့မင်္ဂလာ အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် အဆိုပါ သာမညစကြာတောင်ကျောင်းတိုက်ကြီး၌ ကျင်းပသည်။



အခမ်းအနားကို နမောတဿ သုံးကြိမ်ရွတ်ဆိုဆုတောင်း၍ ဖွင့်လှစ်ပြီး ဈေးကြိုတော်ကူးပရိယတ္တိစာသင်တိုက် ဆရာတော်ကြီးမဟာဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တပညာ သာမီဘိဝံသ B.A(Burmese)ထံမှ ဩဝါဒ ပရိသတ်များက ငါးပါးသီလခံယူဆောက်တည်ကြပြီး ဆရာတော်၊ သံဃာတော်များ ချီးမြှင့်တော်မူသည့် မေတ္တာသုတ်ပရိတ်တရားတော်များ နာယူကြသည်။

ထို့နောက် အလှူရှင်များက ဆရာတော်၊ သံဃာတော်များအား လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။ ယင်းနောက် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ တွဲဖက်အကျိုးတော်ဆောင် မန္တလေးမြို့ ဓမ္မိကာရာမတိုက် ဆရာတော်ကြီး ဘဒ္ဒန္တသီဟနာဒမဟာထေရ်က ဩဝါဒကထာမိန့်ကြားတော်မူပြီး ရန်ကုန်မြို့နှင့် စစ်တွေမြို့ ဓမ္မာစရိယတက္ကသိုလ်၊ လှည်းကူးမြို့နှင့် မြောက်ဦးမြို့ ဓမ္မာစရိယဥယျာဉ်ကျောင်းတိုက်ကြီးတို့၏ အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တသုစိတ္တာဘိဝံသမဟာထေရ်မြတ်က အနုမောဒနာရေစက်ချတရားတော် ချီးမြှင့်ကာ သာမည-မိုးကုတ်နှင့် သာမညစကြာတောင်ကျောင်းတိုက်ကြီးတို့၏ ပဓာနနာယကဆရာတော်ကြီး အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ သာသနာပြုနယ်လှည့်ဓမ္မကထိက တစ်ဘဝသာသနာ ဘဒ္ဒန္တသောဘနမဟာထေရ်မြတ်B.Sc(physics) မွေးနေ့ရှင်ဆရာတော်ကြီးက ဆရာတော်၊ သံဃာတော်များအား ဝမ်းမြောက်စကားလျှောက်ထားပြီး ဗုဒ္ဓသာသနံ စိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆိုဆုတောင်း၍ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

အခမ်းအနားအပြီးတွင် အလှူရှင်များက ဆရာတော်၊သံဃာတော်များအား နေ့ဆွမ်းဆက်ကပ်ပြီး ဆွမ်းဆန်စိမ်းလောင်းလှူခဲ့ကြောင်း သိရသည်။

**အောင်မြင့်(ပြန်/ဆက်)**

# ချောင်းသာကမ်းခြေ အပန်းဖြေခရီးသွားရောက်ခဲ့သည့် တပ်မတော်သားအရာရှိ၊ စစ်သည်များ ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိ



**နေပြည်တော် ဇန်နဝါရီ ၁၄**

ဧရာဝတီတိုင်းဒေသကြီး ချောင်းသာကမ်းခြေသို့ ဇန်နဝါရီ ၉ ရက်မှ ၁၄ ရက်ထိ အပန်းဖြေ ခရီးသွားရောက်ခဲ့သည့် နိုင်ငံတော်ကာကွယ်ရေး တာဝန်ထမ်းဆောင်စဉ် ထိခိုက်ဒဏ်ရာရရှိရာမှ တပ်မတော်ဆေးရုံ၊ ဆေးခန်းများ၌ တက်ရောက်ကုသ၍ ပြန်လည်ကောင်းမွန်လာသော တပ်မတော်သား အရာရှိ၊ စစ်သည်များသည် ယနေ့ညနေပိုင်းတွင် မော်တော်ယာဉ်များဖြင့် ချောင်းသာကမ်းခြေမှ ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိကြသည်။

အပန်းဖြေခရီးသွားရောက်ခဲ့ကြသည့် တပ်မတော်သား အရာရှိ၊ စစ်သည်များသည် ချောင်းသာကမ်းခြေရှိ ချောင်းသာအပန်းဖြေဒေသရိပ်သာမှ ယနေ့နံနက်ပိုင်းတွင် ပြန်လည်ထွက်ခွာကြရာ အနောက်တောင် တိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူများနှင့် ဒေသခံပြည်သူများက ရင်းရင်းနှီးနှီးနှုတ်ဆက်ပို့ဆောင်ကြပြီး ရန်ကုန်စုရပ်သို့အရောက်တွင် ရန်ကုန်တိုင်းစစ်ဌာနချုပ်မှ ဒုတိယတိုင်းမှူး ဗိုလ်မှူးကြီး ထွန်းထွန်းဦးနှင့် တာဝန်ရှိသူများက နွေးထွေးစွာကြိုဆိုကြသည်။

**အနားယူအပန်းဖြေ**

အဆိုပါ တပ်မတော်သားအရာရှိ၊ စစ်သည်များသည် အပန်းဖြေခရီးစဉ်ကာလအတွင်း ချောင်းသာကမ်းခြေ၌ လမ်းလျှောက်ခြင်း၊ ကိုယ်လက်ကျန်းမာရေးလေ့ကျင့်ခန်းများဆောင်ရွက်ခြင်း၊ သဲသောင်ပြင်၌ ဘောလုံး၊ ဘော်လီဘောနှင့် ခြင်းလုံးအားကစားများ ဆောင်ရွက်ခြင်း၊ အနားယူအပန်းဖြေခြင်းများဆောင်ရွက်ကြသည်။

ထို့အတူ ပုသိမ်မြို့ရှိရွှေမုဋ္ဌောမဟာစေတီတော်မြတ်ကြီး၊ နီးဘုရားကြီး၊ ချောင်းသာမြို့ရှိ သဲဖြူကျွန်းရေလယ်ဘုရား၊ ဆုတောင်းပြည့်ဇမ္ဗူပတိရုပ်ပွားတော်၊ ဒီပါအေးမြ မဟာနဂါးရုံဘုရားနှင့် အနန္တဇိနလောက မာန်အောင်စေတီတော်မြတ်ကြီးတို့အား ဖူးမြော်ကြည်ညိုခြင်း၊ ချောင်းသာမြို့ စကားဝါတောင် မိုးကုတ်ဝိပဿနာဓမ္မရိပ်သာကျောင်းတိုက်သို့ အလှူငွေများလှူဒါန်းခြင်း၊ ချောင်းသာမြို့၏ ဒေသအစားအစာဖြစ်သည့် သရက်တောထိုးမုန့်လုပ်ငန်းနှင့် ရွှေသာယာမြို့မဈေး၊ ကျောက်မောင်နှမကမ်းခြေ၊ ရွှေသောင်ယံမြို့ Sea & Lake ရှိ ကျောက်စိမ်းပြတိုက်၊ သစ်သားပန်းပုပြတိုက်၊ ဒီရေတောတံတား၊ ပုသိမ်မြို့ရှိ အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းသမိုင်းပြခန်း၊ ရွှေမြင်းပျံပုသိမ်ဟာလဝါလုပ်ငန်းနှင့် မြတ်ကျောင်းတော် ပုသိမ်ထီးလုပ်ငန်းစသည့် အထင်ကရနေရာများသို့ သွားရောက်လေ့လာခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

## ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၁၅-၁-၂၀၂၄

ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး | ကျိုင်းတုံ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၂၅၁၅ | ၂၅၆၅ | ၂၅၆၀ | ၂၅၂၅ | ၂၅၆၅ | ၂၅၈၅ | ၂၅၇၀ | ၂၅၅၀ | ၂၆၄၅ | ၂၆၆၅ | ၂၅၅၅ | ၂၅၆၅ | ၂၆၀၀ | ၂၆၀၀ | ၂၆၀၅ | ၂၈၃၅ | ၂၉၀၀ |
| 95 Ron | ၂၆၂၅ | ၂၆၇၅ | ၂၆၇၅ | ၂၆၃၅ | ၂၆၇၅ | ၂၆၉၅ | ၂၆၈၀ | ၂၆၆၀ | ၂၇၅၅ | ၂၇၇၅ | ၂၆၆၅ | ၂၆၈၀ | ၂၇၁၀ | ၂၇၁၀ | ၂၇၁၅ | ၂၉၄၅ | ၃၀၀၀ |
| HSD (500 ppm) | ၂၃၆၀ | ၂၄၀၅ | ၂၄၀၀ | ၂၃၆၅ | ၂၄၀၅ | ၂၄၃၀ | ၂၄၂၅ | ၂၃၉၀ | ၂၅၁၀ | ၂၅၀၅ | ၂၄၀၀ | ၂၄၀၅ | ၂၄၄၅ | ၂၄၄၅ | ၂၄၄၅ | ၂၆၇၅ | ၃၁၉၀ |
| HSD (50 ppm) | ၂၄၃၀ | ၂၄၈၀ | ၂၄၇၅ | ၂၄၄၀ | ၂၄၇၅ | ၂၅၀၀ | ၂၄၉၅ | ၂၄၆၀ | ၂၅၈၀ | ၂၅၇၅ | ၂၄၇၀ | ၂၄၈၀ | ၂၅၁၅ | ၂၅၁၅ | ၂၅၂၀ | ၂၇၄၅ | ၃၂၄၅ |
| HSD (10 ppm) | ၂၄၄၀ | ၂၄၈၅ | ၂၄၈၅ | ၂၄၄၅ | ၂၄၈၅ | ၂၅၁၀ | ၂၅၀၅ | ၂၄၇၀ | ၂၅၉၀ | ၂၅၈၅ | ၂၄၇၅ | ၂၄၉၀ | ၂၅၂၅ | ၂၅၂၅ | ၂၅၂၅ | ၂၇၅၅ | ၃၂၄၅ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၂၃၉၇ | ၂၄၇၈ |
| 95 Ron | ၂၅၀၄ | ၂၅၈၇ |
| HSD (500 ppm) | ၂၂၄၅ | ၂၃၁၉ |
| HSD (50 ppm) | ၂၃၁၃ | ၂၃၈၉ |
| HSD (10 ppm) | ၂၃၂၀ | ၂၃၉၇ |

**မှတ်ချက်။** (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၁၁၃၇၃၊ ၀၉-၂၅၄၆၂၅၄၇၇

၀၆၇- ၄၁၁၂၈၂၊ ၀၉-၇၇၅၂၉၃၆၃၂

**စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ**

# မိုင်းဆတ်မြို့၌ အမျိုးသား(အလွတ်တန်း) ကလပ်ပေါင်းစုံ ဖိတ်ခေါ်ဘောလုံးပြိုင်ပွဲ ဆုပေးပွဲအခမ်းအနား ကျင်းပ

**မိုင်းဆတ် ဇန်နဝါရီ ၁၄**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းဆတ်မြို့၌ လားဟူတိုင်းရင်းသားရိုးရာ နှစ်သစ်ကူးပွဲတော်အထိမ်းအမှတ် အမျိုးသား(အလွတ်တန်း) ကလပ်ပေါင်းစုံ ဖိတ်ခေါ်ဘောလုံးပြိုင်ပွဲ ဆုပေးပွဲအခမ်းအနားကို ဇန်နဝါရီ ၁၃ ရက် မွန်းလွဲ ၃ နာရီက အောင်ဇေယျာဘက်စုံအားကစားကွင်း၌ ကျင်းပသည်။

ဦးစွာ အမျိုးသား(အလွတ်တန်း) ကလပ်ပေါင်းစုံ ဖိတ်ခေါ်ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲစဉ်အဖြစ် လားဟူလူငယ်အသင်းနှင့် Lion FC အသင်းတို့ ယှဉ်ပြိုင်ကစားကြရာ Lion FC အသင်းက လားဟူလူငယ်အသင်းကို သုံးဂိုး-နှစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။

ထို့နောက် ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးညီညီထွေးက ပထမဆုရရှိသည့် Lion FC အသင်းအား ဒိုင်းဆုဖလားကို လည်းကောင်း၊ ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီးနိုင်လင်းထွန်းက ပထမဆုရရှိသည့် Lion FC အသင်းအား တစ်ဦးချင်းဆုတံဆိပ်နှင့် ဆုငွေများကိုလည်းကောင်း၊ လားဟူယဉ်ကျေးမှုဥက္ကဋ္ဌ ဦးဖိုးစောက ဒုတိယဆုရရှိသည့် လားဟူလူငယ်အသင်းအား တစ်ဦးချင်းဆုတံဆိပ်၊ ဆုဖလားနှင့် ဆုငွေများကို လည်းကောင်း၊ တတိယဆုရရှိသည့် တာချီလိတ် လူငယ်အသင်းအား ဦးဗေးလေက တစ်ဦးချင်းဆုတံဆိပ်နှင့် ဆုငွေများကို ပေးအပ်ချီးမြှင့်ပြီး အကောင်းဆုံးဂိုးသမားဆု၊ အကောင်းဆုံးနောက်တန်းဆု၊ အကောင်းဆုံး အလယ်တန်းဆု၊ အကောင်းဆုံးရှေ့တန်းဆု၊ အကောင်းဆုံးကစားသမားဆု၊ ဂိုးသွင်းအများဆုံးဆု၊ အလှဆုံးဂိုးသွင်းဆု၊ မြို့နယ်ကြက်ခြေနီအဖွဲ့နှင့် ကွင်းလယ်ဒိုင်အား ဂုဏ်ပြုဆုငွေများကို တာဝန်ရှိသူများက ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# စိုက်ပျိုးရေးနှင့် မွေးမြူရေးသိပ္ပံ ဟဲဟိုး၊ ဒီးမော့ဆို၏ ၂၀၂၃-၂၀၂၄ပညာသင်နှစ် မောင်မယ်သစ်လွင်ကြိုဆိုပွဲကျင်းပ

ဟဲဟိုး ဇန်နဝါရီ ၁၄

စိုက်ပျိုးရေးနှင့်မွေးမြူရေးသိပ္ပံဟဲဟိုး၊ ဒီးမော့ဆို၏ ၂၀၂၃-၂၀၂၄ပညာသင်နှစ် မောင်မယ်သစ်လွင်ကြိုဆိုပွဲကို ဇန်နဝါရီ ၁၃ ရက် မွန်းလွဲ ၂ နာရီက ဟဲဟိုးစိုက်ပျိုးရေးနှင့်မွေးမြူရေး(ဟဲဟိုး၊ ဒီးမော့ဆို) သင်တန်းကျောင်းခန်းမ၌ ကျင်းပသည်။

မောင်မယ်သစ်လွင်ကြိုဆိုပွဲတွင် ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ဇော်အေးက အမှာစကားပြောကြားသည်။

ဆက်လက်၍ စိုက်ပျိုးရေးနှင့် မွေးမြူရေးသိပ္ပံ (ဟဲဟိုး) ကျောင်းအုပ်ဆရာမကြီး ဒေါက်တာစုစုထွေးက ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားပြီး စိုက်ပျိုးရေးနှင့် မွေးမြူရေးသင်တန်း တတိယနှစ်ကိုယ်စားကျောင်းသားတစ်ဦးက ကြိုဆိုနှုတ်ခွန်းဆက်စကားနှင့် ပထမနှစ် မောင်မယ်သစ်လွင်စိုက်ပျိုးရေးသင်တန်းမှကျောင်းသူတစ်ဦးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားကြသည်။ ထို့နောက် (၇၆)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် စာစီစာကုံး၊ ဆောင်းပါး၊ ကဗျာပြိုင်ပွဲမှ ဆုရရှိသောကျောင်းသားကျောင်းသူ များအား ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး၊ ပြည်နယ်အစိုးရအဖွဲ့ အတွင်းရေးမှူးတို့က ဆုများ ချီးမြှင့်ပေးအပ်ကြပြီး ကျောင်းသား ကျောင်းသူများက တောင်ရိုးတိုင်းရင်းသားအက၊ လားဟူတိုင်းရင်းသားအက၊ ပအိုဝ်းတိုင်းရင်းသားအကတို့ဖြင့် ကပြဖျော်ဖြေကြပြီး ပြည်နယ်ဝန်ကြီးချုပ်က ကျောင်းအတွက် ဂုဏ်ပြုချီးမြှင့်ငွေပေးအပ်ရာ ကျောင်းအုပ်ဆရာမကြီး ဒေါက်တာစုစုထွေးက လက်ခံရယူ၍ ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက ကျောင်းသားကျောင်းသူများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ကြကြောင်း သိရသည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် စိုက်ပျိုးရေးဦးစီးဌာန မျိုးစေ့ဌာနခွဲ ဟဲဟိုးမျိုးသန့်ခြံတွင် (ဆောင်း)စပ်မျိုးနေကြာ မျိုးစေ့ထုတ်ခင်း ၁၅ ဧက စိုက်ပျိုးအောင်မြင်ဖြစ်ထွန်းနေမှုနှင့် ကုလားပဲစိုက်ပျိုးထားရှိမှုကို လှည့်လည်ကြည့်ရှုရာ ခြံမန်နေဂျာ ဦးစီးအရာရှိ ဒေါ်သီတာစိန်က လိုက်လံရှင်းပြပြီး ပြည်နယ်ဝန်ကြီးချုပ်က ဂုဏ်ပြုချီးမြှင့်ငွေ ပေးအပ်ခဲ့ကြောင်း သိရသည်။



ပြည်နယ်(ပြန်/ဆက်)

# မန္တလေးတက္ကသိုလ် ဥပဒေပညာမိသားစု၏ ၂၀၂၃-၂၀၂၄ ပညာသင်နှစ် မောင်မယ်သစ်လွင်ကြိုဆိုပွဲကျင်းပ





မန္တလေး ဇန်နဝါရီ ၁၄

မန္တလေးတက္ကသိုလ် ဥပဒေပညာမိသားစု၏ ၂၀၂၃-၂၀၂၄ ပညာသင်နှစ် မောင်မယ်သစ်လွင်ကြိုဆိုပွဲအခမ်းအနားကို ယနေ့နံနက် ၉ နာရီက မန္တလေးတက္ကသိုလ်၏ အင်း၀ ၂၇ ခန်းမဆောင်၌ ကျင်းပသည်။

ရှေးဦးစွာ မန္တလေးတိုင်းဒေသကြီး ဥပဒေချုပ် ဦးမြင့်အောင် က ပထမနှစ် ဥပဒေပညာ အထူးပြု ကျောင်းသား ကျောင်းသူ မောင်မယ်သစ်လွင်များကို နွေးထွေးစွာကြိုဆိုကြောင်း နှုတ်ခွန်းဆက်စကား ပြောကြားသည်။

အဆိုပါ အခမ်းအနားတွင် ပထမနှစ် ဥပဒေပညာအထူးပြု ကျောင်းသား ကျောင်းသူများကို ကြိုဆိုသည့်အနေဖြင့် မြန်မာသံစဉ်နှင့် ခေတ်ပေါ်တေးသီချင်းများသီဆိုခြင်း၊ အုပ်စုလိုက်ကပြဖျော်ဖြေခြင်း၊ ပျော်ရွှင်စွာ Game များ ဆော့ကစားခြင်းတို့ကို ဆောင်ရွက်ခဲ့ကြသည်။

**ကျောင်းသား ကျောင်းသူလေးများက သရုပ်ဖော်ပြသခဲ့**

ဆက်လက်၍ စာတွေ့လက်တွေ့ ပေါင်းစပ်သင်ကြားမှုနည်းစနစ်ဖြင့် ပြည်သူ့အကျိုးပြုခြင်းဆိုင်ရာ အစီအစဉ်တစ်ခုဖြစ်သော ဥပဒေဆိုင်ရာ အထောက်အကူပေးရေးအစီအစဉ် (University Legal Clinic) ကိုလည်း မိတ်ဆက်သည့်အနေဖြင့် တတိယနှစ်နှင့် စတုတ္ထနှစ် ဥပဒေပညာအထူးပြု ကျောင်းသား ကျောင်းသူလေးများက သရုပ်ဖော်ပြသခဲ့သည်။

အဆိုပါအခမ်းအနားသို့ မန္တလေးတိုင်းဒေသကြီး ဥပဒေချုပ် ဦးမြင့်အောင်၊ ဆရာ ဆရာမများနှင့်ဥပဒေပညာအထူးပြု ကျောင်းသားကျောင်းသူ စုစုပေါင်းအင်အား ၂၀၀ ခန့် တက်ရောက်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ကလေးမြို့ အမှတ်(၄) အထက၌ လူငယ်စကားဝိုင်းကျင်းပ

ကလေး ဇန်နဝါရီ ၁၄

စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့၌ ကလေးခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ပူးပေါင်းကျင်းပသည့် ကျောင်းသား ကျောင်းသူများ၏ လူငယ်စကားဝိုင်းဆွေးနွေးပွဲကို ဇန်နဝါရီ ၁၂ ရက် နံနက်ပိုင်းက အမှတ်(၄) အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပခဲ့သည်။

ရှေးဦးစွာ ကလေးမြို့ အမှတ်(၄)အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းအုပ်ဆရာမကြီးက အဖွင့်အမှာစကားပြောကြားပြီး ကလေးခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးတွာလ်ဆွင်းဗန်က လူငယ်များ စဉ်းစားတွေးခေါ်မှုစွမ်းရည်မြင့်မားပြီး ဗလငါးတန်ဖွံ့ဖြိုးလာစေရန်နှင့် လူငယ်စကားဝိုင်းကျင်းပရခြင်း၏ရည်ရွယ်ချက်များကို ဆွေးနွေးပြောကြားခဲ့သည်။

ထို့နောက် ကလေးခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဦးထွန်းမင်းအောင်က ဦးဆောင်၍ လူငယ်စကားဝိုင်းကိုစတင်ရာ ကျောင်းသား ကျောင်းသူများက လူငယ်နှင့်Facebook၊ လူငယ်နှင့်စာပေ၊ လူငယ်နှင့်ယဉ်ကျေးမှု၊ လူငယ်နှင့်အားကစား၊ လူငယ်နှင့်သဘာဝပတ်ဝန်းကျင်စသည့်အကြောင်းအရာများကို ဆွေးနွေးခဲ့ကြပြီး တက်ရောက်လာကြသည့် ကျောင်းသားကျောင်းသူများက ခေါင်းစဉ်များအလိုက် အားနည်းချက်၊ အားသာချက်များကို ဆွေးနွေးခဲ့ကြသည်။

ထို့နောက် ဆွေးနွေးခဲ့ကြသည့် ကျောင်းသား ကျောင်းသူများကို ကလေးခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူးက ဂုဏ်ပြုလက်ဆောင်ပစ္စည်းများ ပေးအပ်ခဲ့ပြီး ကျောင်းသား ကျောင်းသူများက ခင်းကျင်းပြသထားသည့် စာအုပ်စာစောင်များကို စိတ်ပါဝင်စားစွာကြည့်ရှုလေ့လာခဲ့ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**




# ၂၀၂၃-၂၀၂၄ ပညာသင်နှစ် ပညာရေးစုံညီပွဲတော်အခမ်းအနားကျင်းပ



နေပြည်တော် ဇန်နဝါရီ ၁၄

ပြည်ထောင်စုနယ်မြေ နေပြည်တော် ပျဉ်းမနားခရိုင် ပညာရေးမှူးရုံး၏ ၂၀၂၃-၂၀၂၄ ပညာသင်နှစ် ပညာရေးစုံညီပွဲတော် အခမ်းအနားကို ယနေ့နံနက်ပိုင်းက အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပသည်။

ရှေးဦးစွာ ပျဉ်းမနားခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအောင်ကိုဦးက အဖွင့်အမှာစကားပြောကြားပြီး ပျဉ်းမနားခရိုင်ပညာရေးမှူး ဆရာမကြီး ဒေါ်ဝင်းဝင်းအေးက ခရိုင်အဆင့် ပညာရေးစုံညီပွဲတော် ကျင်းပရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားခဲ့သည်။

ယင်းနောက် ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက ၂၀၂၃ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ အောင်ချက်အကောင်းဆုံးမြို့နယ်များ၊ ၂၀၂၂-၂၀၂၃ ပညာသင်နှစ်တွင် ဘက်စုံထူးချွန်ရရှိခဲ့ကြသူများ၊ (၇၆)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် စာစီစာကုံးပြိုင်ပွဲတွင် ခရိုင်အဆင့် ဆုရရှိသူများ၊ Sakura Science High School Program(SSHP) in JFY 2023 ခရိုင်အဆင့် ဆုရရှိသူနှင့် National ICT Awards–2023 ပြိုင်ပွဲတွင် ခရိုင်အဆင့် ဆုရရှိသူများကို ဆုများပေးအပ်ခြင်းနှင့် (၇၆)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် အားကစားပြိုင်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြသော နေပြည်တော် ပညာရေးမှူးရုံးမှ လက်ထောက်ညွှန်ကြားရေးမှူးများ၊ ပျဉ်းမနားခရိုင်ပညာရေးမှူးရုံးမှ အမှုထမ်း၊ အရာထမ်းများ၊ မြို့နယ်ပညာရေးမှူးများ၊ အထက်တန်းကျောင်းအုပ် ဆရာမကြီးများကို ဂုဏ်ပြုလက်ဆောင်များ ပေးအပ်ချီးမြှင့်ခဲ့ကြသည်။

ထို့နောက် ထူးချွန်ကျောင်းသား ကျောင်းသူများ ဂုဏ်ပြုဆုချီးမြှင့်ခြင်းအနေဖြင့် ၂၀၂၂-၂၀၂၃ ပညာသင်နှစ် လူရည်ချွန်ရရှိခဲ့ကြသူ ခြောက်ဦး၊ Sakura Science High School Program (SSHP) in JFY 2023 ခရိုင်အဆင့် ဆုရရှိသူ တစ်ဦး၊ (၇၆)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် အထက်တန်းအဆင့်၊ အလယ်တန်းအဆင့်နှင့် မူလတန်းအဆင့် စာစီစာကုံး ဆုရရှိခဲ့သူ ကိုးဦး၊ National ICT Awards ဆုရရှိခဲ့သူ ခြောက်ဦးနှင့်(၇၆)နှစ်မြောက်လွတ်လပ်ရေးနေ့အထိမ်းအမှတ် အားကစားပြိုင်ပွဲဆုရရှိသူ ၂၅ ဦး၊ ၂၀၂၃ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ အောင်ချက်အကောင်းဆုံးမြို့နယ်ဆု နှစ်ဆု စုစုပေါင်း ဂုဏ်ပြုဆု ၄၉ ဆုချီးမြှင့်ခဲ့ကြောင်း သိရသည်။

**မျိုးသီဟ(ပြန်/ဆက်)**

**သက်ရှည်ကျန်းမာဖို့ စားသုံးဆီကို တတ်နိုင်သမျှ လျှော့စားစို့**

# ပညာရေးဝန်ကြီးဌာန အခြေခံပညာဦးစီးဌာန အလယ်တန်းဆင့် (Grade 9) ပြီးမြောက်အောင်မြင်သော ကျောင်းသား ကျောင်းသူများ ပညာသင်ယူနိုင်မည့်အခွင့်အလမ်းများ

**ပညာရေးဝန်ကြီးဌာန**
**အခြေခံပညာဦးစီးဌာန**
**အလယ်တန်းဆင့် (Grade 9) ပြီးမြောက်အောင်မြင်သော ကျောင်းသား၊ ကျောင်းသူများ ပညာသင်ယူနိုင်မည့်အခွင့်အလမ်းများ**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၏ လမ်းညွှန်ချက်နှင့်အညီ ကျောင်းသား၊ ကျောင်းသူများ အားလုံး အလယ်တန်းဆင့်(Grade 9) ပြီးမြောက်အောင်မြင်ပါက စက်မှု၊ စိုက်ပျိုးရေး၊ မွေးမြူရေးပညာရပ်များကို သင်ယူလေ့ကျင့်ခွင့်ရရှိနိုင်ရေးအတွက် ၂၀၂၃-၂၀၂၄ ပညာသင်နှစ်တွင် ခရိုင်(၅၀) ခရိုင်ရှိ အခြေခံပညာအထက်တန်းကျောင်း(၅၁)ကျောင်းတွင် ဖွင့်လှစ်ပေးခဲ့ပြီး ဖြစ်ပါသည်။ ၂၀၂၄ - ၂၀၂၅ ပညာသင်နှစ်တွင် ခရိုင်(၃၄) ခရိုင်၌ စက်မှု၊ စိုက်ပျိုးရေးနှင့် မွေးမြူရေးအတတ်ပညာများ တွဲဖက်သင်ကြားပေးမည့် အခြေခံပညာအထက်တန်းကျောင်း(၃၄)ကျောင်း ထပ်မံဖွင့်လှစ်သွားမည် ဖြစ်ပါသည်။

၂၀၂၄-၂၀၂၅ ပညာသင်နှစ်တွင် ဖွင့်လှစ်မည့် အဆိုပါအခြေခံပညာအထက်တန်းကျောင်းများတွင် တက်ရောက်ကြမည့် ကျောင်းသား၊ ကျောင်းသူများသည် အထက်တန်းဆင့် သင်ယူနေစဉ်ကာလ၌ စက်မှုနည်းပညာ၊ စိုက်ပျိုးရေး၊ မွေးမြူရေး စသည့် အသက်မွေးဝမ်းကျောင်းအတတ်ပညာများကို သင်ယူတတ်မြောက်နိုင်မည့် အခွင့်အလမ်းများနှင့် အလုပ်အကိုင်အခွင့်အလမ်းများလည်း ရရှိလာမည်ဖြစ်ပါသည်။

**(အလယ်တန်းဆင့် (Grade 9) ပြီးမြောက်အောင်မြင်ပါက စိတ်ပါဝင်စားသည့် မည်သူမဆို တက်ရောက်သင်ယူနိုင်ရေးအတွက် လျှောက်ထားနိုင်မည်ဖြစ်ပါသည်။)**

သို့ဖြစ်ပါ၍ အခြေခံပညာအလယ်တန်းဆင့်(Grade 9) ပြီးမြောက်အောင်မြင်ပြီး ပညာဆက်လက်သင်ယူမည့် ကျောင်းသား၊ ကျောင်းသူများနှင့် မိဘပြည်သူများ သိရှိနိုင်စေရန် (၁) အခြေခံပညာအထက်တန်းဆင့် (၂) စက်မှုနည်းပညာ (၃) စိုက်ပျိုးရေးအတတ်ပညာ (၄) မွေးမြူရေးအတတ်ပညာစသည့် ပညာရေးလမ်းသွယ်(၄)မျိုး ရွေးချယ်သင်ယူနိုင်မည့်အခွင့်အလမ်းများကို သတင်းကောင်းပါးအပ်ပါသည်။




**(၁) အခြေခံပညာအထက်တန်းဆင့်**

ပုံမှန်ဖွင့်လှစ်လျက်ရှိသော အခြေခံပညာအထက်တန်းကျောင်းများတွင် အခြေခံပညာအထက်တန်းဆင့် (Grade 10, Grade 11, Grade 12) ပညာသင်ကာလ (၃)နှစ် တက်ရောက်ကြမည့် ကျောင်းသား၊ ကျောင်းသူများသည် ၎င်းတို့သင်ယူသောဘာသာတွဲများအလိုက် တက္ကသိုလ်ဝင်တန်းအောင်မြင်ပြီး သတ်မှတ်အရည်အချင်းပြည့်မီပါက အသက်မွေးဝမ်းကျောင်းတက္ကသိုလ်များဖြစ်သည့် ဆေးတက္ကသိုလ်၊ ဆေးဘက်ဆိုင်ရာတက္ကသိုလ်များ၊ နည်းပညာတက္ကသိုလ်များ၊ ကွန်ပျူတာတက္ကသိုလ်၊ အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်၊ စိုက်ပျိုးရေးတက္ကသိုလ်၊ မွေးမြူရေးဆိုင်ရာဆေးတက္ကသိုလ်၊ သစ်တောနှင့် ပတ်ဝန်းကျင်ဆိုင်ရာတက္ကသိုလ်၊ မြန်မာနိုင်ငံရေကြောင်းပညာတက္ကသိုလ်၊ သမဝါယမနှင့် စီမံခန့်ခွဲမှုပညာတက္ကသိုလ်၊ စီးပွားရေးတက္ကသိုလ်၊ ပညာရေးတက္ကသိုလ် အစရှိသည့် တက္ကသိုလ်များ၊ ဝိဇ္ဇာ/သိပ္ပံတက္ကသိုလ်များ၊ ဒီဂရီကောလိပ်များ၊ ကောလိပ်များနှင့် သိပ္ပံများသို့ တက်ရောက်နိုင်မည်ဖြစ်ပါသည်။

**(၂) စက်မှုနည်းပညာ**

စက်မှုနည်းပညာလမ်းကြောင်းတွင် အခြေခံပညာအထက်တန်းဆင့်ဘာသာရပ်များအပြင် အထူးပြုဘာသာရပ်(၃)မျိုးဖြစ်သည့် အဆောက်အဦနည်းပညာ (Building Technology)၊ လျှပ်စစ်နည်းပညာ (Electrical Technology) နှင့် စက်ပစ္စည်းအစိတ်အပိုင်းများ ထုတ်လုပ်ခြင်းနည်းပညာ (Machining Technology) ဘာသာရပ်များကို ပညာသင်ကာလ(၃)နှစ်တွင် စာတွေ့/ လက်တွေ့ ဖြင့် လုပ်ငန်းခွင်အသင့်ဖြစ်စေမည့် သင်ရိုးညွှန်းတမ်းများအသုံးပြု၍ သင်ကြားလေ့ကျင့်ပေးမည် ဖြစ်ပါသည်။

စက်မှုနည်းပညာလမ်းကြောင်းတွင် တက်ရောက်သည့် ကျောင်းသားများအတွက် ဆက်လက်သင်ယူနိုင်မည့်အခွင့်အလမ်းများမှာ အထူးအောင် (Credit) ဖြင့် အောင်မြင်သူများသည် ပညာသင်နှစ် (၆)နှစ် တက်ရောက်ပြီး အင်ဂျင်နီယာဘွဲ့ (BE) ပေးအပ်သော နည်းပညာတက္ကသိုလ်များနှင့် ပညာသင်နှစ် (၄)နှစ် တက်ရောက်ပြီး နည်းပညာဘွဲ့ (B.Tech) ပေးအပ်သော အစိုးရနည်းပညာကောလိပ်များသို့လည်းကောင်း၊ အဆင့်မီ (Qualified) ဖြင့် အောင်မြင်သူများသည် ပညာသင်နှစ်(၃)နှစ် တက်ရောက်ပြီး အင်ဂျင်နီယာနည်းပညာဒီပလိုမာ (AGTI Diploma) ပေးအပ်သော အစိုးရစက်မှုလက်မှုသိပ္ပံများသို့လည်းကောင်း ဆက်လက်တက်ရောက်နိုင်မည် ဖြစ်ပါသည်။

အင်ဂျင်နီယာနည်းပညာဒီပလိုမာသင်တန်းကို ထူးချွန်စွာအောင်မြင်သူများသည် အစိုးရနည်းပညာကောလိပ်၏ တတိယနှစ်(ပထမနှစ်ဝက်)သို့လည်းကောင်း၊ နည်းပညာတက္ကသိုလ်၏ တတိယနှစ် (ပထမနှစ်ဝက်)သို့လည်းကောင်း စတင်တက်ရောက်နိုင်မည်ဖြစ်ပါသည်။

ရိုးရိုးအောင်မြင်သူများအနေဖြင့် ပြီးမြောက်ကြောင်း အောင်လက်မှတ်ရရှိမည်ဖြစ်ပြီး လုပ်ငန်းခွင်အသင့်ဖြစ်စေမည့် သင်ရိုးညွှန်းတမ်းများအသုံးပြု၍ လေ့ကျင့်သင်ကြားပေးထားသဖြင့် ပြင်ပလုပ်ငန်းခွင်များသို့ ဝင်ရောက်ရာတွင်လည်းကောင်း၊ ကိုယ်ပိုင်လုပ်ငန်းများ ဆောင်ရွက်ရာတွင်လည်းကောင်း များစွာ အထောက်အကူရရှိစေမည် ဖြစ်ပါသည်။

**(၃) စိုက်ပျိုးရေးအတတ်ပညာ**

စိုက်ပျိုးရေးအတတ်ပညာတွင် အခြေခံပညာအထက်တန်းဆင့်ဘာသာရပ်များအပြင် စိုက်ပျိုးရေးအတတ်ပညာဆိုင်ရာဘာသာရပ်များကို ပညာသင်ကာလ(၃)နှစ်တွင် စာတွေ့/ လက်တွေ့ဖြင့် လုပ်ငန်းခွင်အသင့်ဖြစ်စေမည့် သင်ရိုးညွှန်းတမ်းများ အသုံးပြု၍ သင်ကြားလေ့ကျင့်ပေးမည် ဖြစ်ပါသည်။

အထူးအောင်(Credit)ဖြင့် အောင်မြင်သူများသည် ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်မှ ဖွင့်လှစ်သည့် စိုက်ပျိုးရေးသိပ္ပံဘွဲ့ (Bachelor of Agricultural Science)(၅) နှစ်သင်တန်းကို တက်ရောက်နိုင်ကြမည် ဖြစ်ပါသည်။ အဆင့်မီ(Qualified)ဖြင့် အောင်မြင်သူများသည် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတွင် ဖွင့်လှစ်ထားသော စိုက်ပျိုးရေးသိပ္ပံကျောင်းများ၏ စိုက်ပျိုးရေးဒီပလိုမာလက်မှတ် (Diploma in Agriculture) (၃) နှစ်သင်တန်းနှင့် အစိုးရစက်မှုလက်မှုသိပ္ပံများ၏ အင်ဂျင်နီယာနည်းပညာဒီပလိုမာ (AGTI Diploma – Farm Machinery) (၃)နှစ်သင်တန်းသို့ တက်ရောက်နိုင်ကြမည်ဖြစ်ပါသည်။ စိုက်ပျိုးရေးဒီပလိုမာသင်တန်းတွင် ထူးချွန်စွာအောင်မြင်ပါက ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ် စိုက်ပျိုးရေးသိပ္ပံဘွဲ့ (၅)နှစ်သင်တန်း၏ တတိယနှစ်(ပထမနှစ်ဝက်) သင်တန်းမှ စတင်တက်ရောက်နိုင်မည်ဖြစ်ပါသည်။

အင်ဂျင်နီယာနည်းပညာဒီပလိုမာသင်တန်းကို ထူးချွန်စွာအောင်မြင်သူများသည် အစိုးရနည်းပညာကောလိပ်၏ တတိယနှစ်(ပထမနှစ်ဝက်)သို့လည်းကောင်း၊ နည်းပညာတက္ကသိုလ်၏ တတိယနှစ် (ပထမနှစ်ဝက်)သို့လည်းကောင်း စတင်တက်ရောက်နိုင်မည် ဖြစ်ပါသည်။

ရိုးရိုးအောင်မြင်ပါက စိုက်ပျိုးရေးအတတ်ပညာ အောင်လက်မှတ်ရရှိမည်ဖြစ်ပြီး စိုက်ပျိုးရေးနှင့် သက်ဆိုင်သောအခန်းကဏ္ဍများတွင် လုပ်ကိုင်နိုင်ရန် အခွင့်အလမ်းကောင်းများရရှိမည် ဖြစ်ပါသည်။

**(၄) မွေးမြူရေးအတတ်ပညာ**

မွေးမြူရေးအတတ်ပညာတွင် အခြေခံပညာအထက်တန်းဆင့်ဘာသာရပ်များအပြင် မွေးမြူရေးအတတ်ပညာဆိုင်ရာဘာသာရပ်များကို ပညာသင်ကာလ(၃)နှစ်တွင် စာတွေ့/လက်တွေ့ဖြင့် လုပ်ငန်းခွင်အသင့်ဖြစ်စေမည့် သင်ရိုးညွှန်းတမ်းများအသုံးပြု၍ သင်ကြားလေ့ကျင့်ပေးမည် ဖြစ်ပါသည်။

အထူးအောင် (Credit) ဖြင့် အောင်မြင်သူများသည် မွေးမြူရေးဆိုင်ရာဆေးတက္ကသိုလ်မှ ဖွင့်လှစ်သည့် တိရစ္ဆာန်ဆေးပညာဘွဲ့ (Doctor of Veterinary Medicine) (၆) နှစ်သင်တန်းနှင့် မွေးမြူရေးပညာဘွဲ့ (Bachelor of Animal Science) (၄) နှစ်သင်တန်းများကို တက်ရောက်နိုင်ကြမည် ဖြစ်ပါသည်။

အဆင့်မီ (Qualified)ဖြင့် အောင်မြင်သူများသည် စိုက်ပျိုးရေးသိပ္ပံများ၏ မွေးမြူရေးဒီပလိုမာ (Diploma in Animal Husbandry) (၃) နှစ်သင်တန်းနှင့် ငါးလုပ်ငန်းသိပ္ပံ၏ ငါးလုပ်ငန်းသိပ္ပံဒီပလိုမာ (Diploma in Fisheries and Aquaculture) (၃)နှစ်သင်တန်းသို့ တက်ရောက်နိုင်ကြမည် ဖြစ်ပါသည်။

မွေးမြူရေးဒီပလိုမာသင်တန်းတွင် ထူးချွန်စွာအောင်မြင်သူသည် မွေးမြူရေးဆိုင်ရာဆေးတက္ကသိုလ် (၄)နှစ်သင်တန်း၏ တတိယနှစ် (ပထမနှစ်ဝက်) သင်တန်းမှ စတင်တက်ရောက်နိုင်မည် ဖြစ်ပါသည်။ ငါးလုပ်ငန်းသိပ္ပံဒီပလိုမာသင်တန်းတွင် ထူးချွန်စွာအောင်မြင်သူများသည် ရန်ကုန်တက္ကသိုလ် ငါးလုပ်ငန်းဆိုင်ရာဘာသာရပ် တတိယနှစ်(ပထမနှစ်ဝက်) သင်တန်းမှ စတင်တက်ရောက်နိုင်မည် ဖြစ်ပါသည်။

ရိုးရိုးအောင်မြင်ပါက မွေးမြူရေးအတတ်ပညာ အောင်လက်မှတ်ရရှိမည်ဖြစ်ပြီး မွေးမြူရေးနှင့်သက်ဆိုင်သောအခန်းကဏ္ဍများတွင် လုပ်ကိုင်နိုင်ရန် အခွင့်အလမ်းကောင်းများရရှိမည် ဖြစ်ပါသည်။

အလယ်တန်းဆင့်(Grade 9) ပြီးမြောက်အောင်မြင်ပါက စက်မှု၊ စိုက်ပျိုးရေး၊ မွေးမြူရေးပညာရပ်များကို တွဲဖက်သင်ကြားမည့် အောက်ဖော်ပြပါ အခြေခံပညာအထက်တန်းကျောင်းများတွင် တက်ရောက်သင်ယူနိုင်ရေးအတွက် လျှောက်ထားနိုင်မည် ဖြစ်ပါသည်။

**၂၀၂၄-၂၀၂၅ ပညာသင်နှစ်တွင် ထပ်တိုးဖွင့်လှစ်မည့်**
**စက်မှု၊ စိုက်ပျိုးရေး၊ မွေးမြူရေး တွဲဖက်သင်ကြားမည့် အခြေခံပညာအထက်တန်းကျောင်း (၃၄)ကျောင်း**

| စဉ် | တိုင်းဒေသကြီး/ ပြည်နယ်/ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ | စဉ် | ခရိုင်အမည် | ခရိုင်ရုံးစိုက်ရာမြို့ | ကျောင်းတည်ရှိရာမြို့နယ် | ကျောင်းအမည် |
|---|---|---|---|---|---|---|
| ၁ | ကချင် | ၁ | ပူတာအို | ပူတာအို | ပူတာအို | အထက-ဒုတ္တန် |
| ၂ | စစ်ကိုင်း | ၂ | ခန္တီး | ခန္တီး | ခန္တီး | အထက-ဆင်သေ |
| | | ၃ | ဟုမ္မလင်း | ဟုမ္မလင်း | ဟုမ္မလင်း | အထက(၁)၊ဟုမ္မလင်း |

စာမျက်နှာ ၁၉ သို့ ✧

✧ စာမျက်နှာ ၁၈ မှ

| စဉ် | တိုင်းဒေသကြီး/ ပြည်နယ်/ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ | စဉ် | ခရိုင်အမည် | ခရိုင်ရုံးစိုက်ရာမြို့ | ကျောင်းတည်ရှိရာမြို့နယ် | ကျောင်းအမည် |
|---|---|---|---|---|---|---|
| ၃ | တနင်္သာရီ | ၄ | ကော့သောင်း | ကော့သောင်း | ကော့သောင်း | အထက(၂)၊ ကော့သောင်း |
| ၄ | ပဲခူး(အရှေ့) | ၅ | ညောင်လေးပင် | ညောင်လေးပင် | ကျောက်တံခါး | အထက- ပဲနွယ်ကုန်း |
| ၅ | ပဲခူး (အနောက်) | ၆ | နတ်တလင်း | နတ်တလင်း | သဲကုန်း | အထက- သဲကုန်း |
| ၆ | မကွေး | ၇ | ချောက် | ချောက် | ချောက် | အထက- ဝွေးချို |
| ၇ | မန္တလေး | ၈ | မဟာအောင်မြေ | ချမ်းမြသာစည် | ပြည်ကြီးတံခွန် | အထက(၂၇) |
| | | ၉ | အမရပူရ | အမရပူရ | အမရပူရ | အထက- ပလစ(၂) |
| | | ၁၀ | တံတားဦး | တံတားဦး | တံတားဦး | အထက- တံတားဦး |
| | | ၁၁ | မြင်းခြံ | မြင်းခြံ | မြင်းခြံ | အထက(၃) |
| ၈ | မွန် | ၁၂ | မော်လမြိုင် | မော်လမြိုင် | ချောင်းဆုံ | အထက- ရွာလွတ်၊ ချောင်းဆုံ |
| ၉ | ရခိုင် | ၁၃ | မြောက်ဦး | မြောက်ဦး | မြောက်ဦး | အထက(၁)၊ မြောက်ဦး |
| | | ၁၄ | ကျောက်ဖြူ | ကျောက်ဖြူ | ကျောက်ဖြူ | အထက(၃) |
| | | ၁၅ | တောင်ကုတ် | တောင်ကုတ် | တောင်ကုတ် | အထက(၁)၊ တောင်ကုတ် |
| ၁၀ | ရန်ကုန် | ၁၆ | အင်းစိန် | အင်းစိန် | အင်းစိန် | အထက(၇) |
| | | ၁၇ | တိုက်ကြီး | တိုက်ကြီး | တိုက်ကြီး | အထက - တိုက်ကြီး |
| | | ၁၈ | မင်္ဂလာဒုံ | မင်္ဂလာဒုံ | မင်္ဂလာဒုံ | အထက(၄) |
| | | ၁၉ | သဃ်္ဃန်းကျွန်း | သဃ်္ဃန်းကျွန်း | သဃ်္ဃန်းကျွန်း | အထက-သုဝဏ္ဏ |
| | | ၂၀ | ဗိုလ်တထောင် | ဗိုလ်တထောင် | သာကေတ | အထက(၂) |
| | | ၂၁ | သန်လျင် | သန်လျင် | သန်လျင် | အထက - ဖားကူး |
| | | ၂၂ | မရမ်းကုန်း | မရမ်းကုန်း | မြောက်ဥက္ကလာ | အထက(၆) |
| ၁၁ | ရှမ်း(တောင်) | ၂၃ | ကလော | ကလော | ကလော | အထက(၇)၊ အင်းခေါင်း |
| | | ၂၄ | လွိုင်လင် | လွိုင်လင် | လွိုင်လင် | အထက(၁)ပင်လုံ |
| | | ၂၅ | နမ့်စန် | နမ့်စန် | နမ့်စန်(တ) | အထက(ခွဲ) လေတပ် |
| ၁၂ | ရှမ်း (မြောက်) | ၂၆ | ကွတ်ခိုင် | ကွတ်ခိုင် | ကွတ်ခိုင် | အထက(၁)၊ ကွတ်ခိုင် |
| ၁၃ | ရှမ်း(ရှေ့) | ၂၇ | မိုင်းဆတ် | မိုင်းဆတ် | မိုင်းဆတ် | အထက(ခွဲ)၊ အလက(၂) |
| | | ၂၈ | မိုင်းတုံ | မိုင်းတုံ | မိုင်းတုံ | အထက- နားကောင်းမူး |
| ၁၄ | ဧရာဝတီ | ၂၉ | ကျုံပျော် | ကျုံပျော် | ကျုံပျော် | အထက(၂)၊ ကျုံပျော် |
| | | ၃၀ | ဟင်္သာတ | ဟင်္သာတ | ဟင်္သာတ | အထက- နတ်မော် |
| | | ၃၁ | မြောင်းမြ | မြောင်းမြ | မြောင်းမြ | အထက- ဂုန်နီ |
| | | ၃၂ | လပွတ္တာ | လပွတ္တာ | လပွတ္တာ | အထက(၃)မိုင် |
| ၁၅ | နေပြည်တော် | ၃၃ | လယ်ဝေး | လယ်ဝေး | လယ်ဝေး | အထက- ပျံချီ |
| | | ၃၄ | ဥတ္တရ | ဥတ္တရသီရိ | တပ်ကုန်း | အထက-MRTV |

## ကွန်ဟိန်းမြို့နယ်၌ ကျေးလက်ကုန်ထုတ် လမ်း/တံတားများ ဖောက်လုပ်ပြီးစီးမှု စစ်ဆေး

**ကွန်ဟိန်း ဇန်နဝါရီ ၁၄**

ရှမ်းပြည်နယ်(တောင်ပိုင်း) ကွန်ဟိန်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ဟိုပန်ကျေးရွာအုပ်စု နားကန်ကျေးရွာ၌ ကျေးလက်ကုန်ထုတ်လမ်း/တံတားများ ဖောက်လုပ်ပြီးစီးမှု အခြေအနေများကို ယနေ့နံနက်ပိုင်းက ခရိုင်ဦးစီးမှူးနှင့် တာဝန်ရှိသူများက ကွင်းဆင်းစစ်ဆေးသည်။

ထိုသို့ကွင်းဆင်းစစ်ဆေးရာတွင် နမ့်စန်ခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးခွန်မြင့်သောင်း၊ ကွန်ဟိန်းမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအောင်ကျော်ဟိန်းနှင့် ဝန်ထမ်းများက နားကန်ကျေးရွာတွင် အရှည် နှစ်မိုင်၊ အကျယ် မြေသား ၁၆ ပေ၊ သဲဖြူန်း ၁၂ ပေ၊ ဒု မြေသား တစ်ပေ၊ သဲဖြူန်းကိုးလက်မရှိ ကျေးလက်ကုန်ထုတ်လမ်းဖောက်လုပ်ခြင်းနှင့် အဆိုပါလမ်းပေါ်၌ အလျား ငါးပေ၊ အနံ ၂၂ ပေ၊ အမြင့် ငါးပေရှိ Slab Culvert ကုန်ထုတ်တံတား သုံးစင်း တည်ဆောက်ပြီးစီးမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးခဲ့ပြီး ခရိုင်ဦးစီးမှူးက ကျေးရွာရှိ ရပ်မိရပ်ဖများ၊ ကျေးရွာသူ ကျေးရွာသားများနှင့် တွေ့ဆုံကာ ဆောင်ရွက်ပြီးသော ကျေးလက်ကုန်ထုတ်လမ်းအား ရေရှည်တည်တံ့အောင် ဝိုင်းဝန်းထိန်းသိမ်းကြရန် ဆွေးနွေးမှာကြားသည်။

အဆိုပါ ကျေးလက်ကုန်ထုတ်လမ်းနှင့် တံတားများကို ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ် ပြည်ထောင်စုခွင့်ပြုရန်ပုံငွေကျပ် ၁၀၂ ဒသမ ၃၈၅ သန်းဖြင့် တင်ဒါအောင်မြင်သည့် နောင်ရဲရင့်ကုမ္ပဏီ၊ ပြည့်ဖူးဇွန်ကုမ္ပဏီနှင့် ခမ်းလားကုမ္ပဏီတို့က စက်တင်ဘာလ ပထမအပတ်မှ စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများအားလုံး ရာနှုန်းပြည့် ပြီးစီးပြီဖြစ်၍ အဆိုပါကျေးရွာအတွက် များစွာအကျိုးပြုနိုင်ကြောင်း သိရသည်။

၂၂၂

## ကြိမ်/ဝါး အခြေခံလက်မှုလုပ်ငန်းများတိုးတက်ရေး တွေ့ဆုံဆွေးနွေး

**ရေကြည် ဇန်နဝါရီ ၁၄**

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန သစ်တောဦးစီးဌာန ဒုတိယ ညွှန်ကြားရေးမှူးချုပ် (မူဝါဒနှင့် စီမံကိန်း) ဦးဖေချစ်သည် ဧရာဝတီတိုင်းဒေသကြီး အတွင်းရှိ MSME လုပ်ငန်းများ ဖြစ်သည့် ကြိမ်/ ဝါး အခြေခံလက်မှုလုပ်ငန်းများ ပိုမိုတိုးတက်ကောင်းမွန်လာစေရေးအတွက် ကြိမ်/ဝါး လက်မှုလုပ်ငန်းရှင်များ၊ ပုဂ္ဂလိက (သစ်မာ) စိုက်ခင်းလုပ်ကိုင်ဆောင်ရွက်သူများ၊ ဒေသခံလုပ်ငန်းရှင်များနှင့် တွေ့ဆုံဆွေးနွေးပွဲကို ရေကြည်မြို့နယ် သစ်တောဦးစီးဌာန ဦးစီးအရာရှိ



ရုံး၌ ယမန်နေ့ နံနက် ၉ နာရီခွဲက ပြုလုပ်သည်။

ထိုသို့ပြုလုပ်ရာတွင် ကြိမ်စိုက်ပျိုးခြင်း နည်းစနစ်၊ ဈေးကွက်အတိုင်းအတာ၊ စိုက်ခင်းတည်ထောင်သည့် ကုန်ကျစရိတ်၊ ပုဂ္ဂလိကစိုက်ခင်း တည်ထောင်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းများအား သစ်တောဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ်နှင့် သစ်တောသုတေသန ဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးအောင်ဇော်မိုးတို့က ရှင်းလင်းပြောကြားသည်။

**ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်**

ထို့နောက် တက်ရောက်လာကြသည့်လုပ်ငန်းရှင်များက သိရှိလိုသည်များအား မေးမြန်းရာ ဒုတိယ ညွှန်ကြားရေးမှူးချုပ်နှင့် လက်ထောက် ညွှန်ကြားရေးမှူးတို့က ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

## အမက(ကြည်တော်စု) ပညာရေးစုံညီပွဲတော် ကျင်းပ

**လေးမျက်နှာ ဇန်နဝါရီ ၁၄**

လေးမျက်နှာမြို့နယ် အမှတ်(၁)ရပ်ကွက် အမက (ကြည်တော်စု) တွင် ယနေ့နံနက် ၈ နာရီက ၂၀၂၃-၂၀၂၄ ပညာသင်နှစ် ပညာရေးစုံညီပွဲတော် ကျင်းပသည်။

ဦးစွာ ဟင်္သာတခရိုင် လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ချိုချိုခိုင်က အဖွင့်အမှာစကားပြောကြားသည်။ ဆက်လက်၍ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးသိန်းဆိုင်က အမှာစကားပြောကြားပြီး မြို့နယ်ပညာရေးမှူး ဒေါ်ငွေငွေးက ပညာရေးစုံညီပွဲတော်ကျင်းပရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် အမက(ကြည်တော်စု) ကျောင်းအုပ်ဆရာကြီး ဦးမင်းမင်းထွန်းက ကျေးဇူးတင်စကားပြောကြားသည်။ ဆက်လက်ပြီး ဆုပေးပွဲကို ကျင်းပရာ ဆုရရှိခဲ့သော ကျောင်းသား ကျောင်းသူများအား ခရိုင်လက်ထောက်ညွှန်ကြားရေးမှူး၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာအကြီးအကဲများက ဆုများချီးမြှင့်ခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

## မြန်မာ့ပင်လယ်ပြင် အခြေအနေ

**နေပြည်တော် ဇန်နဝါရီ ၁၄**

လှိုင်းအနည်းငယ်မှ လှိုင်းအသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် သုံးပေမှ ခြောက်ပေခန့် ရှိနိုင်သည်။

မိုး/ဇလ

မြန်မာနိုင်ငံတစ်ဝန်းရှိ ကျောင်းသား ကျောင်းသူများ အင်္ဂလိပ်စာအရည်အသွေး တိုးတက်ကောင်းမွန်စေရန် ရည်ရွယ်ပြီး ၂၀၂၃-၂၀၂၄ ပညာသင်နှစ်အတွက် ပညာရေးဝန်ကြီးဌာန၏ ပြဋ္ဌာန်းထားသော အခြေခံပညာသင်ရိုးညွှန်းတမ်းအပေါ် အခြေခံရေးသားထားသည့် အင်္ဂလိပ်ဘာသာရပ်ဆိုင်ရာ သင်ခန်းစာအထောက်အကူပြုလေ့ကျင့်ခန်းများကို ကျောင်းသား ကျောင်းသူများ လေ့လာမှတ်သား လေ့ကျင့်နိုင်ရန် အပတ်စဉ် တနင်္လာနေ့တိုင်း ဖော်ပြပေးလျက်ရှိပါသည်။

ကြေးမုံစာတည်းအဖွဲ့

## Grade 5

Sample Questions
(ယခင်တစ်ပတ်မှ အဆက်)
Section (D) Speaking

I.(A)Look at the pictures and answer the questions. (10 marks)



(1) What is she doing?



(2) What season is it?



(3) What time is it?



(4) What is wrong with her?



(5) What is the meaning of picture?

(B) Answer the questions correctly asked by the teacher. (10 marks)

(1) What time do you go to bed?
(2) What was the deer proud of?
(3) What should you do before crossing the road?
(4) What can you do in the sport centre?
(5) Where will you go after the exam?

*****************************

Ans:

Section (D) Speaking

I. (A) (1) She is making the bed. (2) It is the winter. (3) It is half past 2. (4) She has got toothache. (5) The meaning of the sign is no footwear.

(B) (1) I go to bed at 9 o'clock. (2) The deer was proud of his antlers. (3) We should look to the left and to the right before crossing the road. (4) We can exercise in the sport centre. (5) I will go to Mandalay after the exam.

***********************

## Grade 6

### Unit 8
### Lesson 2 : Look at this leaflet!

(A) Complete the sentences with the words given below.

| | |
|---|---|
| beautiful | famous rainy |
| interesting | expensive |

1. He is one of the most ___singers in our country.
2. It is a __________ day. Let's go for a walk.
3. People use umbrellas to travel in the _____ season.
4. I can't afford to buy such an _______ car.
5. It is an _______ story. You should read it.

Grammar

(A) Change the following sentences into questions.

e.g. She can play the guitar.
Can she play the guitar?

1. They went to Mandalay last week.
(________________________________)
2. He bought a new car.
(________________________________)
3. We play football every evening.
(________________________________)
4. They are winning the match.
(________________________________)
5. My aunt will give a present to me next week. (__________________________)
6. Your brother did homework.
(________________________________)
7. He is reading the newspaper.
(________________________________)
8. She looks beautiful.
(________________________________)
9. He became rich and famous.
(________________________________)
10. She listens to music every day.
(________________________________)

(B) Rearrange the following sentences.

1. is / Who / she / ? /
2. is / What / it / ? /
3. leg / hurts / Which / ? /
4. is / birthday / When / your / ? /
5. are / What / T-shirts / colour / the / ? /
6. much / a / hat / is / How / ? /
7. much / does / a / How / sweater / ? / cost /
8. does / How / it / much / cost / ? /
9. you / know / my name / Do / ? /
10. for / Are / pens / looking / you / ? /

(C) Choose the correct answer.

1. _____________ (How / Whom / What) did you see? I saw Ko Lay.
2. _____________ (Whose / Who's / Whom) book did you borrow? That is Kyaw Kyaw's.
3. _____________ (Do / Does / Are) your brother go to school too?
4. _____________ (When do you / Where do you / Do you) live? In an apartment.
5. _____________ (When does Zin Zin / Where does Zin Zin / What does Zin Zin) eat lunch every day? At the canteen.

******************

## Grade 7

### Unit 8
### Lesson 2: Friends always help each other

I. Supply the correct word for the blank in each sentence. The first letter is given to help you.

1. How's the w_______ in your town? It is sunny today here.
2. Food p________ occurs when food or water with harmful germs, poisons or chemicals is eaten or drunk.
3. The field is full of w_________ flowers.
4. There were several deaths from d_____ in the river.
5. Mt Everest is the world's highest p________.

II. Complete the following sentences with the given words.

| | |
|---|---|
| descent | conquest accident |
| companion | peak |

1. Fortunately, no one was injured in a car ________ yesterday.
2. We should try to make the ____________ of peace.
3. The mountain ___________ was covered with snow.
4. The plane began its ______towards Yangon airport.
5. His dog is his good ______________.

III. Supply the correct form of the words given in brackets.

1. (conquer) Alexander the Great was a ____ who dominated Greece, Egypt and Persia.
2. (safe) The money is ________locked in a drawer.
3. (safe) A driver must have the responsibilities for his passengers' _____________.
4. (sudden) She ___________ began to cry.
5. (sincere) I ________ hope that you will be successful.

IV. Answer the questions.

1. Who were the two mountain climbers?
2. Where was Edmund Hillary from?
3. Where was Tensing Norgay from?
4. What is the world's highest mountain?
5. When did the two climbers reach at the very top of the world?

*******************

Ans:

Unit 8

Lesson 2: Friends always help each other

I. 1. weather; 2. poisoning; 3. wild; 4. drowning; 5. peak;

II. 1. accident; 2. conquest; 3. peak; 4. descent; 5. companion;

III. 1. conqueror; 2. safely; 3. safety; 4. suddenly; 5. sincerely;

IV. 1. Edmund Hillary and Tensing Norgay were the two mountain climbers. 2. Edmund Hillary was from New Zealand. 3. Tensing Norgay was from Nepal. 4. The world's highest mountain is Mt Everest. 5. The two climbers reached at the very top of the world on 29th May 1953.

********************

## Grade 8

### Unit 8
### Lesson 2: Heaven or Paradise?

I. Supply the correct word for the blank in each sentence. The first letter is given to help you.

1. Can you give me a brief d____of the thief?
2. Ngwesaung is a famous beach r______.
3. An i______ is a piece of land surrounded by water.
4. She came home with w________news.
5. She is a n____ lover. She loves plants and animals.

II. Supply the correct form of the words given in brackets.

1. (coast) The _____ area is hot and humid.
2. (wonder) It is _______ to see them play together.
3. (nature) Climate change causes ______ disasters.
4. (space) The rooms of the hotel are comfortable and _____________.
5. (seek) This place is suitable for a fun ______.

III. Complete the sentences with the words given below. There are two extra words.

| | |
|---|---|
| organic | performance |
| nature | wonderful |
| coastal | self-catering |
| experience | |

1. These ________________ fruits and vegetables are hygienic.
2. They gave an excellent______________ on the stage.
3. Seagulls are mainly _______________ birds.
4. The hilly resort has many _______ chalets.
5. She gained a lot of _____ at that job.

IV.Choose the correct answer (can or can't).

1. I __________ (can, can't) speak English. I picked it up while I was in the US.
2. I __________ (can, can't) come to the party. I am really busy.
3. We __________ (can, can't) hear you. The music is so loud.
4. Where are my keys? I __________ (can, can't) find them.
5. I __________ (can, can't) believe it. We won two million dollars.

*****************

Ans:

Unit 8

Lesson 2: Heaven or Paradise?

I. 1. description; 2. resort; 3. island; 4. wonderful; 5. nature;

II. 1. coastal; 2. wonderful; 3. natural; 4. spacious; 5. seeker;

III. 1. organic; 2. performance; 3. coastal; 4. self-catering; 5. experience;

IV. 1. can; 2. can't; 3. can't; 4. can't; 5. can't;

*************************

## Grade 9

Unit 8

Lesson 3: Beware of…!

Grammar

Imperatives

- V1 (ခိုင်းစေ)
- Don't V1 (တားမြစ်)

**(A) Match the imperative sentence to the corresponding action or object.**

| | | |
|---|---|---|
| Open | Close | Write |
| Turn | Eat | |

1. ________ the book.
2. ________ your vegetables.
3. ________ the door.
4. ________ your name.
5. ________ off the lights.

**(B) Complete the following sentences with an appropriate imperative verb.**

1. __________ the window.
2. __________ your shoes.
3. __________ your homework.
4. __________ to the park.
5. __________ some water.
6. __________ down.
7. __________ up.
8. __________ the door.
9. __________ the window.
10. __________ carefully.
11. __________ your name.
12. __________ your hand.
13. __________ here.
14. __________ off the lights.
15. __________ your teeth.

**(C) Create imperative sentences based on the given situations.**

1. **Situation:** You want someone to stop talking loudly in the library.
   **Ans:** ___________________.
2. **Situation:** You want your friend to come to your birthday party.
   **Ans:** ___________________.
3. **Situation:** You see a friend about to step into a puddle of water.
   **Ans:** ___________________.
4. **Situation:** You want someone to pass you the salt at the dinner table.
   **Ans:** ___________________.
5. **Situation:** You want your little brother to clean his room.
   **Ans:** ___________________.

**(D) Translate the following into English.**

1. ဒီနားမှာ ထိုင်ပါ။
   ______________________
2. စာကြည့်တိုက်ထဲမှာ စကားကျယ်ကျယ်မပြောနဲ့။
3. စာမေးပွဲမှာ ခိုးမချပါနဲ့။
4. စာအုပ်ဖွင့်ပါ။
5. သင့်နာမည်ကိုရေးပါ။
6. လက်မြှောက်ပါ။
7. ထမင်းမစားမီ လက်ဆေးပါ။
8. အစာစားနေရင်း စကားမပြောပါနဲ့။
9. ဘယ်၊ ညာ မကြည့်ဘဲ ကားလမ်းမကူးပါနဲ့။
10. ဟင်းသီးဟင်းရွက်များများစားပါ။
11. စကားပြောနေသူကို မနှောင့်ယှက်ပါနဲ့။
12. ပြတင်းပေါက် ပိတ်လိုက်ပါ။
13. တီဗွီဖွင့်လိုက်ပါ။
14. ဒီကိုလာပါ။
15. သေချာ နားထောင်ပါ။
16. ငါပြောတာ သေချာနားထောင်ပါ။
17. တံခါးပေါက် ဖွင့်ပေးပါ။
18. မီးဖွင့်လိုက်ပါ။
19. တီဗွီပိတ်လိုက်ပါ။
20. မတ်တပ်ရပ်ပါ။

*********************

Ans:

Lesson 3: Beware of…!

Grammar

(A) 1. Open 2. Eat 3. Close 4. Write 5. Turn

(B) 1. Open/ Close 2. Take off 3. D 4. Go 5. Bring 6. Sit 7. Stand 8. Open 9. Close 10. Listen 11. Write 12. Raise 13. Come 14. Turn 15. Brush

(C) 1. Don't talk loudly. 2. Come to my birthday party. 3. Don't step into a puddle of water. 4. Pass me the salt, please. 5. Clean the room.

(D) 1. Sit here 2. Don't talk loudly in the library. 3. Don't cheat in the exam. 4. Open the book. 5. Write your name. 6. Raise your hands. 7. Wash your hands before eating. 8. Don't talk with your mouth full. 9. Don't cross the road without looking. 10. Eat your vegetables. 11. Don't disrupt while others are talking. 12. Close the window. 13. Switch on the TV. 14. Come here. 15. Listen carefully. 16. Listen to me carefully. 17. Open the door. 18. Switch on the light. 19. Switch off the TV. 20. Stand up.

*****************

## Grade 12

Unit 7 POLLUTION: A HAZARD TO OUR ENVIRONMENT

(ယခင်တစ်ပတ်ကဖော်ပြပါရှိသော မေးခွန်းများ၏အဖြေများ)

V.(3) (A)

(1) used
(2) being disposed
(3) soil erosion
(4) construction sites / any of four given
(5) emotional problems

(B)

(6) Hazardous substances that can cause soil pollution are fertilisers, pesticides and wastes.
(7) Unhealthy soil intensifies the existing thread of food and nutritional insecurity because of soil erosion.
(8) Noise pollution occurs because of urbanisation, industrialisation, and technological advances.
(9) Noise causes physical and psychological harm.
(10) Heartbeat and respiration can accelerate in response to loud noise.

******************

(ယခင်တစ်ပတ်မှအဆက်)

**V.(4)Read the passage.**

Light pollution is the overuse or under-use of artificial outdoor light, and it causes problems to all living things. To understand this better, we need to be familiar with three terms: diurnal, nocturnal, and crepuscular. Diurnal means active during daytime; nocturnal means active during nighttime; and crepuscular means active during the twilight hours of dawn and dusk.

For example, some people find that they can work better during the day than during the night. Such people are diurnal. Animals such as lions, tigers, cows, deer and birds such as crows sparrows, kites and eagles also are diurnal because they hunt for food during the day. On the other hand, there are some people who find that they work better during the night than during the day. Such people are nocturnal. So are leopards, cats, snakes, bats, and owls, because they are active during nighttime. Moths, some species of honey bees, and a few species of bats and owls are active only during the hours of dawn or dusk. They are crepuscular.

The ill effects of light pollution are many. For instance, light that is too bright can damage our vision; so does insufficient light. A bright light has been found to cause sleep disorders such as sleep deprivation, which in turn causes stress, headaches and increasing anxiety. Bright artificial night light has been found to upset the food-hunting pattern of many nocturnal and crepuscular creatures.

**(A) Write the correct word or words to complete each sentence. (5 marks)**

(1) The overuse or underuse of artificial outdoor light is defined as --------.
(2) People who can work better during the day than during the night are --------.
(3) Nocturnal animals are --------.
(4) Our vision can be damaged by too bright light and ----.
(5) -------- causes stress, headaches and increasing anxiety.

**(B) Answer each question in one sentence. (5 marks)**

(6) What do diurnal, nocturnal and crepuscular mean?
(7) Why can we say that tigers, lions, and birds are diurnal?
(8) What kind of people are nocturnal?
(9) When can animals that are crepuscular be found?
(10) What disturbs the food – hunting pattern of nocturnal and crepuscular creatures?

**VI.Read the passage. (Unseen)**

Many thousands of years ago, much of the world's land area was covered in forests. Then, people have needed to clear the forests by cutting down the trees in order to make rooms for their **farms** and cities. Today, forests are still being **cleared**. There are many reasons to preserve forests. One reason is that the trees inside the forests help to remove carbon dioxide from the air and put oxygen into the air. Too much carbon dioxide in the air might be causing the world's temperature to increase quickly. Another reason is to maintain many different **species** of plants and animals. The forests are the home of a huge variety of plants and animals, which will become **extinct** if the forests are destroyed. For example, doctors believe that many **diseases** might be treated by chemicals that are obtained from forest plants.

**(A) Find the bold – faced words in the passage that are similar in meaning in the following. ( 5 marks )**

(1) no longer in existence a. --------------------
(2) abnormal conditions of living things that cause ill health b. --------------------
(3) places where agriculture and poultry take place c. ----
(4) a group of plants or animals having similar appearance d. -----
(5) removed something from e. ----------

**(B) Answer the following questions. Give completely answers. ( 10 marks )**

(6) How and why have people cleared the forests many thousands of years ago?
(7) What do the trees inside the forests do to carbon dioxide and oxygen?
(8) What can make the world's temperature increase fast and what is another reason to preserve forests?
(9) What are the forests like and how can doctors treat many diseases?
(10) What is the main idea of the passage? If you agree with this idea, give a reason?

**************************

အင်္ဂလိပ်ဘာသာရပ်ဆိုင်ရာ ရှင်းလင်းချက်များနှင့် လေ့ကျင့်ခန်းများအပေါ် နားလည်မှုတစ်စုံတစ်ရာမရှိပါက သို့မဟုတ် ယခုထက်ပိုမိုကောင်းမွန်စေရန် အကြံပြုလိုပါက ဆရာဦးအောင်ကျော်ကျော် (၀၉-၄၃၁၅၇၀၇၁)ထံ ဆက်သွယ်မေးမြန်းအကြံပြုနိုင်ပါသည်။

# ဝိုင်းမော်နှင့် မြစ်ကြီးနားမြို့နယ်အတွင်း လယ်သီးထပ်ဆောင်းသီးနှံ စိုက်ပျိုးထားရှိမှုများကို ကချင်ပြည်နယ်ဝန်ကြီးချုပ် လှည့်လည်ကြည့်ရှုစစ်ဆေး

မြစ်ကြီးနား ဇန်နဝါရီ ၁၄

ကချင်ပြည်နယ်ဝန်ကြီးချုပ် ဦးခက်ထိန်နန်သည် ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်၊ ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့်အတူ ဇန်နဝါရီ ၁၃ ရက် မွန်းလွဲ ၂ နာရီခွဲက ဝိုင်းမော်မြို့နယ်နှင့် မြစ်ကြီးနားမြို့ရှိ စံပြ စိုက်ကွင်းများအတွင်း လယ်သီးထပ် ဆောင်းသီးနှံ စိုက်ပျိုးအောင်မြင် ဖြစ်ထွန်းစေရေးအတွက် လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ကြသည်။

ဦးစွာ ပြည်နယ်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ဝိုင်းမော်မြို့နယ် မဒိန်ကျေးရွာအတွင်း စနစ်ကျ စက်မှုလယ်ယာ ဧက ၁၀၀ ၌ မိုးစပါးရိတ်သိမ်းအပြီး လယ်သီးထပ် ဆောင်းသီးနှံစိုက်ပျိုးနိုင်ရေး ပြည်နယ်ရန်ပုံငွေဖြင့် နေရောင်ခြည်စွမ်းအင်သုံး ဆိုလာစက်ရေတွင်းများ တူးဖော်ဆောင်ရွက်ပေးခဲ့ပြီး စိုက်ပျိုးရေးဦးစီးဌာနမှ အဆိုပါ ဧက ၁၀၀ အတွင်း နေကြာ၊ ပဲပုပ်၊ ဖူးစားပြောင်း၊ မြေထောက်ပဲ စသည့် သီးနှံစုံ အကန့်လိုက်စိုက်ပျိုးခြင်း(Strip Cropping) စံပြ စိုက်ကွက်အား လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ကြသည်။



ဆက်လက်၍ တောင်သူများ ဆောင်းသီးထပ် ပဲပုပ်နှင့် နေကြာ သီးညှပ်စိုက်လယ်များအတွင်း စိုက်ပျိုးရေလုံလောက်မှုရှိစေရေး စက်ရေတွင်းလေးတွင်းအား အဝီစိတွင်းများ တိုးချဲ့တူးဖော်နိုင်ရေးနှင့် ဝါရှောင်ရေလွှဲဆည်ရှိ ပင်မမြောင်းမကြီးမှတစ်ဆင့် လက်တံမြောင်းမှ ရေလွှတ်နိုင်ရေးအတွက် ပြုပြင်ခြင်းလုပ်ငန်းများ အမြန်ဆုံးဆောင်ရွက်နိုင်ရေးနှင့် စိုက်ကွင်းများအတွင်း အမြန်ဆုံးရေလွှတ်တင်နိုင်ရေး ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ပေးခဲ့သည်။

ထို့နောက် ဝိုင်းမော်မြို့နယ် မုတ်လွှဲကွင်းသို့ သွားရောက်ပြီး မုတ်လွှဲကွင်းအတွင်း ဆောင်းသီးထပ်စိုက်ပျိုးနိုင်ရေး ခြံဝန်းကာရံထားရှိမှု အခြေအနေနှင့် စိုက်ပျိုးရေးဦးစီးဌာနက သီးနှံစုံအကန့်လိုက် စိုက်ပျိုးခြင်း တောင်သူအသိပညာပေး စိုက်ပျိုးဆောင်ရွက်ထားရှိမှုအခြေအနေများနှင့် မုတ်လွှဲကွင်း ဧက ၂၀ ကျော်တွင် ပဲပုပ်နှင့် နေကြာသီးညှပ်စိုက်ပျိုးဆောင်ရွက်ထားရှိမှု၊ နေရောင်ခြည်စွမ်းအင်သုံး ဆိုလာစက်ရေတွင်း သုံးတွင်းမှ စိုက်ပျိုးရေ ဖြန့်ဝေပေးနိုင်မှု အခြေအနေများကို ကြည့်ရှုစစ်ဆေးခဲ့သည်။

ထိုမှတစ်ဆင့် ပြည်နယ်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် မြစ်ကြီးနားမြို့ ဗလမင်းထင် စံပြစိုက်ကွင်းအတွင်း ဆောင်းသီးထပ်စိုက်ပျိုးနိုင်ရေး ပြည်နယ်ရန်ပုံငွေဖြင့် ဆိုလာစက်ရေတွင်း ၁၃ တွင်း တူးဖော်ထားပြီး ပင်မမြောင်းကြီးအား ပြန်လည်တူးဖော်ပြုပြင်ဆောင်ရွက်ထားရှိမှု အခြေအနေများ၊ တပ်ကုန်းကွင်းအတွင်း လယ် ၂၅ ဧကတွင် သီးထပ်စိုက်ပျိုးထားရှိမှုအပေါ် တိုးချဲ့စိုက်ပျိုးနိုင်ရေးနှင့် မန်ခိန်ကွင်းအတွင်း လယ် ၇၅ ဧကအနက် လယ် ၆၅ ဧက သီးထပ်စိုက်ပျိုးထားရှိမှု အခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ကာ လိုအပ်သည်များကို ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ပေါင်းစပ်၍ ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့သည်။ **ပြည်နယ်(ပြန်/ဆက်)**

# ကျန်းမာရေးဝန်ကြီးဌာန အထူးကုဆေးကုသရေးအဖွဲ့ ရခိုင်ပြည်နယ် သံတွဲမြို့သို့ ကွင်းဆင်းဆေးကုသမှုများဆောင်ရွက်

နေပြည်တော် ဇန်နဝါရီ ၁၄

မန္တလေးပြည်သူ့ဆေးရုံကြီး၊ နေပြည်တော်ပြည်သူ့ဆေးရုံကြီး(ခုတင်-၁၀၀၀)၊ မြောက်ဥက္ကလာပ ပြည်သူ့ဆေးရုံကြီးနှင့် မျက်စိ၊ နား၊ နှာခေါင်း၊ လည်ချောင်း၊ ဦးခေါင်းနှင့်လည်ပင်း ခွဲစိတ်အထူးကုဆေးရုံကြီး-မန္တလေးတို့မှ ပါမောက္ခ/ အထူးကုဆရာဝန်ကြီးများ ပါဝင်သည့် အထူးကုဆေးကုသရေးအဖွဲ့သည် ကျန်းမာရေးဝန်ကြီးဌာန အစီအစဉ်ဖြင့် ဇန်နဝါရီ ၁၃ ရက်နှင့် ၁၄ ရက်တို့တွင် ရခိုင်ပြည်နယ် သံတွဲမြို့သို့သွားရောက်၍ ခရိုင်ပြည်သူ့ဆေးရုံ၊ သံတွဲမြို့မှ အထူးကုဆရာဝန်များနှင့်အတူ ဒေသခံပြည်သူများကို ဆေးကုသမှုများ ဆောင်ရွက်ပေးသည်။

အဆိုပါခရီးစဉ်အတွင်း နှလုံးဆေးကုသမှုဆိုင်ရာလူနာ ၁၃၀၊ အစာအိမ်အူလမ်းကြောင်းဆိုင်ရာလူနာ ၁၂၀၊ ရင်ခေါင်းဆေးကုသမှုဆိုင်ရာ လူနာ ၁၀၆ ဦး၊ ဦးနှောက်နှင့် အာရုံကြောဆေးကုသမှုဆိုင်ရာ လူနာ ၃၁၈ ဦး၊ ဦးနှောက်နှင့် အာရုံကြောခွဲစိတ်ကုသမှုဆိုင်ရာ လူနာ ၂၁ ဦး၊ အသည်းရောဂါဆိုင်ရာလူနာ ၇၇ ဦး၊ အထွေထွေရောဂါဆေးပညာဆိုင်ရာလူနာ ၁၈၉ ဦး၊ ဆီးချိုနှင့်ဟော်မုန်းရောဂါဆိုင်ရာလူနာ ၁၁၉ ဦး၊ မျက်စိရောဂါဆိုင်ရာ လူနာ ၃၈၁ ဦး၊ နား၊ နှာခေါင်း၊ လည်ချောင်းရောဂါ ဆိုင်ရာလူနာ ၃၂၂ ဦး၊ အရိုးရောဂါလူနာ ၄၀၆ ဦး၊ အရိုးအကြောအဆစ်ရောဂါလူနာ ၉၈ ဦး စုစုပေါင်း ဒေသခံပြည်သူ ၂၂၈၇ ဦးကို ကြည့်ရှုကုသမှုပေးနိုင်ခဲ့သည်။

လာရောက်ပြသသော လူနာများတွင် သံတွဲမြို့၊ တောင်ကုတ်မြို့နှင့် ဂွမြို့နယ်တို့မှ မြို့ပေါ်နှင့် ကျေးလက်နေပြည်သူများ ပါဝင်ပြီး ရောဂါရှာဖွေစမ်းသပ်မှုများအနေဖြင့် နှလုံးပုံရိပ်ဖော်စက်ဖြင့် ကြည့်ရှုခြင်း (Echocardiography) ၅၅ ဦး၊ ဓာတ်မှန်ဖြင့်ရောဂါရှာဖွေခြင်း ၈၆ ဦး၊ ဓာတ်ခွဲစမ်းသပ်စစ်ဆေးခြင်း ၃၅၄ ဦး၊ Ultrasound ရိုက်ကူးခြင်း ၆၃ ဦးနှင့် နှလုံးစက်ဖြင့် စစ်ဆေးခြင်း (ECG) ၂၅၀ တို့ကို စမ်းသပ်စစ်ဆေးပေးနိုင်ခဲ့သည်။ ထို့ပြင် မျက်စိအတွင်းတိမ် လူနာ ရှစ်ဦးတို့ကို ခွဲစိတ်ကုသပေးနိုင်ခဲ့ပြီး ဦးနှောက်နှင့်အာရုံကြောရောဂါဆိုင်ရာ လူနာ တစ်ဦး၊ နား၊ နှာခေါင်း၊ လည်ချောင်းရောဂါဆိုင်ရာ လူနာ နှစ်ဦး၊ အရိုးရောဂါဆိုင်ရာလူနာ တစ်ဦးတို့ကို ရန်ကုန်ရှိ သက်ဆိုင်ရာဆေးရုံကြီးများသို့ လွှဲပြောင်းကုသမှုများ ဆောင်ရွက်ပေးနိုင်ခဲ့သည်။



သံတွဲခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးမျိုးချစ်သည် ခရိုင်နှင့်မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့များနှင့်အတူ ဇန်နဝါရီ ၁၃ ရက်နှင့် ၁၄ ရက်တို့တွင် အထူးကုဆေးကုသရေးအစီအစဉ်သို့ လာရောက်ပြသကုသမှုခံယူကြသော လူနာများကို ကြည့်ရှုအားပေးပြီး ပါမောက္ခ/အထူးကုဆရာဝန်ကြီးများအား တွေ့ဆုံ နှုတ်ဆက်၍ ဒေသထွက်လက်ဆောင်များ ပေးအပ်ခြင်း၊ ညစာအတူသုံးဆောင်ခြင်းတို့ကို ဆောင်ရွက်ခဲ့သည်။ လာရောက်ပြသသော လူနာများကို သံတွဲမြို့မှ သိမ်ကုန်းကျောင်းဆရာတော် ဘဒ္ဒန္တတေဇိန္ဒနှင့် အလှူရှင်များက နေ့လယ်စာ အာဟာရဒါနထမင်း လှူဒါန်းခဲ့သည်။

ရန်ကုန်/မန္တလေး/နေပြည်တော်မှ အထူးကုသမှုဆိုင်ရာ (Super specialty) ပါမောက္ခ/ အထူးကုဆရာဝန်ကြီးများ၏ အထူးကုကွင်းဆင်းကုသရေးခရီးစဉ်များကို ၂၀၂၃ ခုနှစ်အတွင်း (၁၅)ကြိမ်၊ ၂၀၂၄ ခုနှစ်အတွင်း တောင်ကြီးမြို့၊ ပြည်မြို့နှင့် ယခု သံတွဲမြို့တို့၌ ဆောင်ရွက်ထားရှိပြီး ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

# အပြည်ပြည်ဆိုင်ရာ အမျိုးသမီးများနေ့ကို ဂုဏ်ပြုသောအားဖြင့် အလွတ်တန်းဆောင်းပါးပြိုင်ပွဲ ဖိတ်ခေါ်ခြင်း

နေပြည်တော် ဇန်နဝါရီ ၁၄

၁။ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန လူမှုဝန်ထမ်းဦးစီးဌာနသည် ၂၀၂၄ ခုနှစ် မတ်လ ၈ ရက်နေ့တွင် ကျရောက်မည့် **အပြည်ပြည်ဆိုင်ရာအမျိုးသမီးများနေ့**ကို ဂုဏ်ပြုသောအားဖြင့် အလွတ်တန်းဆောင်းပါးပြိုင်ပွဲကို **“အရှိန်အဟုန်ဖြင့်တိုးတက်ရေး အမျိုးသမီးများတွင် မြှုပ်နှံပေး”** ခေါင်းစဉ်ဖြင့် ကျင်းပသွားမည်ဖြစ်ပါသည်။

၂။ ပြိုင်ပွဲဝင်ဆောင်းပါးကို အမျိုးသမီးများ၏အခွင့်အရေးကို ကာကွယ်ခြင်း၊ ကျား၊ မ တန်းတူညီမျှမှုကို မြှင့်တင်ခြင်းနှင့် အမျိုးသမီးများဖွံ့ဖြိုးတိုးတက်ရေးနှင့် ကာကွယ်စောင့်ရှောက်ရေးဆိုင်ရာကိစ္စရပ်များကို ရင်းနှီးမြှုပ်နှံမှုများနှင့်စပ်လျဉ်းသည့် အကြောင်းအရာများဖြင့် အောက်ဖော်ပြပါ **စည်းကမ်းချက်များ**နှင့်အညီ ရေးသားပေးပို့ယှဉ်ပြိုင်နိုင်ရန် ဖိတ်ခေါ်အပ်ပါသည်-

(က) ပြိုင်ပွဲသို့ မည်သူမဆို ဝင်ရောက်ယှဉ်ပြိုင်နိုင်သည်။

(ခ) ပြိုင်ပွဲဝင်များသည် သတ်မှတ်ထားသောခေါင်းစဉ်အောက်မှ မိမိကြိုက်နှစ်သက်ရာပုံစံဖြင့် ယှဉ်ပြိုင်ရမည်ဖြစ်သည်။

(ဂ) ပြိုင်ပွဲဝင်ဆောင်းပါးများကို A4 ဆိုဒ် စာမျက်နှာအနည်းဆုံး ၁၀ မျက်နှာမှ အများဆုံး ၁၅ မျက်နှာအထိ ရေးသားယှဉ်ပြိုင်ရမည်ဖြစ်သည်။

(ဃ) ကွန်ပျူတာစာလုံး Myanmar Unicode (Pyidaungsu Font) စာလုံးအရွယ်အစား-၁၄ (Font Size 14 ) စာကြောင်းအကွာအဝေး ၁.၅ (Line Spacing 1.5)၊ စာရွက်ဘောင်ဆိုဒ် ၁ လက်မပတ်လည် (Margins 1"ပတ်လည်) Microsoft Word ဖြင့် ကွန်ပျူတာစာစီ၍ ရေးသားပေးပို့ရမည်ဖြစ်ပါသည်။

(င) ပြိုင်ပွဲဝင်များပေးပို့သည့်စာမူများသည် မိမိကိုယ်တိုင်ဖန်တီးရေးသားထားသည့် စာမူဖြစ်ပြီး ပေးပို့လာသည့်စာမူသည် ဂျာနယ်၊ မဂ္ဂဇင်းများနှင့် မီဒီယာများတွင် ဖော်ပြထားပြီးသည့် စာမူများမဖြစ်စေရပါ။

(စ) ဆုရွေးချယ်ခံရခြင်းမရှိသောဆောင်းပါးများအား ပြန်လည်ပေးပို့မည်မဟုတ်ပါ။

(ဆ) ပြိုင်ပွဲဝင်ဆောင်းပါးကို ပြိုင်ပွဲကျင်းပသည့်ဌာနအနေဖြင့် အများပြည်သူ့အကျိုးငှာ ပြပွဲများ၊ စာအုပ်စာစောင်များ၊ website များ၊ လက်ကမ်းစာစောင်များ၊ သင်ခန်းစာပို့ချမှုများနှင့် ဗီဒီယိုမှတ်တမ်းများ၌ အသုံးပြုခြင်းကို ပြိုင်ပွဲဝင်သူမှ သဘောတူခွင့်ပြုရပါမည်။

၃။ ပြိုင်ပွဲဝင်ဆောင်းပါးများကို ပညာရှင်များပါဝင်သော ဆောင်းပါးစိစစ် ဆုရွေးချယ်ရေးဘုတ်အဖွဲ့ဖြင့် ပွင့်လင်းမြင်သာမှုရှိစွာ စိစစ်ရွေးချယ်သွားမည်ဖြစ်ပါသည်။ ဆုများကို ပထမဆု၊ ဒုတိယဆု၊ တတိယဆုနှင့် အထူးဆုနှစ်ဆု စုစုပေါင်း ငါးဆုကို ချီးမြှင့်မည်ဖြစ်ပြီး ထိုက်တန်သည့် ဆုငွေနှင့် ဆုတံဆိပ်များ ချီးမြှင့်သွားမည်ဖြစ်ပါသည်။

၄။ ပြိုင်ပွဲဝင်စာမူနှင့်အတူ ကိုယ်တိုင်ဖန်တီးရေးသားထားကြောင်း ဝန်ခံကတိပြုလွှာ၊ ပြိုင်ပွဲဝင်သူ၏ အမည်၊ မှတ်ပုံတင်/နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်နှင့် ကိုယ်ရေးရာဇဝင်အကျဉ်း၊ ရောင်စုံဓာတ်ပုံ သုံးပုံ၊ ဆက်သွယ်ရန်လိပ်စာအပြည့်အစုံ၊ ဖုန်းနံပါတ်တို့နှင့်အတူ လူကိုယ်တိုင်ဖြစ်စေ၊ စာတိုက်မှဖြစ်စေ၊ အီးမေးလ်ဖြင့်ဖြစ်စေ ညွှန်ကြားရေးမှူးချုပ်၊ လူမှုဝန်ထမ်းဦးစီးဌာန၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ ရုံးအမှတ်-၂၃၊ နေပြည်တော်၊ (တယ်လီဖုန်းအမှတ်၊ ၀၆၇-၄၀၄၂၅၁၊ ၀၉-၂၀၁၉၃၅၇၊ အီးမေးလ် dswwdd2022@gmail.com သို့ ၂၀၂၄ ခုနှစ်၊ ဇန်နဝါရီလ ၂၆ ရက်နေ့ ညနေ ၅ နာရီ နောက်ဆုံးထား၍ ဆက်သွယ်ပေးပို့နိုင်ပါသည်။ (အီးမေးလ်ဖြင့် ပေးပို့ပါက Word Document အပြင် PDF ဖတ်၍ ပေးပို့ပါရန်။)

၅။ သတ်မှတ်ရက်ကျော်လွန်ခြင်း သို့မဟုတ် သတ်မှတ်စည်းကမ်းချက်များနှင့် မပြည့်စုံခြင်း စသည့် စာမူများကို ဆုရွေးချယ်ရေးတွင် ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။ ဆုရရှိသူများကို ၂၀၂၄ ခုနှစ် မတ်လ ၈ ရက်နေ့တွင် ကျင်းပသည့် အပြည်ပြည်ဆိုင်ရာ အမျိုးသမီးများနေ့အခမ်းအနားတွင် ဆုချီးမြှင့်မည်ဖြစ်ပါသည်။

**လူမှုဝန်ထမ်းဦးစီးဌာန**

# အာဖရိကနိုင်ငံများဖလားပြိုင်ပွဲ အုပ်စု(A)အဖွင့်ပွဲစဉ်မှာ ဂီနီယာဘစ်ဆောကို အနိုင်ရပြီး အဖွင့်လှခဲ့တဲ့ အိမ်ရှင်အိုင်ဗရီကို့စ်



၂၀၂၃ ခုနှစ်အတွက် ကျင်းပခဲ့တဲ့ အာဖရိကနိုင်ငံများဖလားပြိုင်ပွဲကို အိမ်ရှင်အဖြစ် လက်ခံကျင်းပခွင့်ရရှိခဲ့တဲ့ အိုင်ဗရီကို့စ်အသင်းဟာ ဇန်နဝါရီ ၁၃ ရက်ညပိုင်းက ယှဉ်ပြိုင်ကစားခဲ့တဲ့ အဖွင့်ပွဲစဉ်မှာ ဂီနီယာဘစ်ဆောအသင်းကို နှစ်ဂိုးပြတ်နဲ့ အနိုင်ရရှိခဲ့တာကြောင့် အဖွင့်ပွဲစဉ်မှာပဲ နိုင်ပွဲနဲ့ စတင်နိုင်ခဲ့ပြီဖြစ်ပါတယ်။

**နှစ်ဂိုးပြတ် အနိုင်ရရှိ**

အိုင်ဗရီကို့စ်အသင်းနဲ့ ဂီနီယာဘစ်ဆောအသင်းတို့ပွဲစဉ်မှာ အိုင်ဗရီကို့စ်အသင်းက ပထမပိုင်းပွဲကစားချိန် လေးမိနစ်မှာရရှိခဲ့တဲ့ ကွင်းလယ်ကစားသမား ဖိုဖာနာရဲ့သွင်းဂိုး၊ ဒုတိယပိုင်းပွဲကစားချိန် ၅၈ မိနစ်မှာ ကရက်ဆိုရဲ့ သွင်းဂိုးတွေရရှိခဲ့လို့ ဂီနီယာဘစ်ဆောအသင်းကို နှစ်ဂိုးပြတ်နဲ့ အနိုင်ရရှိခဲ့တာဖြစ်ပါတယ်။

အိုင်ဗရီကို့စ်အသင်းဟာ အာဖရိကနိုင်ငံများဖလားကို ၁၉၉၂ ခုနှစ်နဲ့ ၂၀၁၅ ခုနှစ်တို့မှာ ချန်ပီယံအသင်းအဖြစ် အောင်ပွဲခံနိုင်ခဲ့တဲ့အသင်းဖြစ်ပြီး လက်ရှိအချိန်မှာ အာဖရိကနိုင်ငံများဖလားကို တတိယအကြိမ်မြောက် ရယူဆွတ်ခူးနိုင်ဖို့ မျှော်လင့်ထားတဲ့အသင်းလည်း ဖြစ်ပါတယ်။

အိုင်ဗရီကို့စ်အသင်းအနေနဲ့ အသင်းရဲ့ ပထမဦးစားပေးတိုက်စစ်မှူးဖြစ်တဲ့ ဟယ်လာ ဒဏ်ရာပြဿနာကြောင့် မပါဝင်နိုင်ခဲ့ပေမယ့် အိမ်ရှင်အဖြစ်ကျင်းပခွင့်ရခဲ့တဲ့ အာဖရိကနိုင်ငံများဖလား အုပ်စုအဆင့်ပထမပွဲစဉ်မှာ နိုင်ပွဲနဲ့ စတင်နိုင်ခဲ့တာဖြစ်ပါတယ်။

ငွေကြယ် - ရေးသားသည်

# စိန့်ဂျိမ်းစ်ပက်မှာ နယူးကာဆယ်အသင်းကို အနိုင်ရရှိခဲ့တာကြောင့် ဇယားထိပ်က လီဗာပူးအသင်းကို ဖိအားပေးနိုင်ခဲ့ပြီဖြစ်တဲ့ မန်စီးတီးအသင်း



ပရီမီယာလိဂ်ပွဲစဉ်(၂၁)ရဲ့ ပြိုင်ဆိုင်မှု အပြင်းထန်ဆုံး ပွဲစဉ်တွေထဲက တစ်ပွဲဖြစ်တဲ့ နယူးကာဆယ်အသင်းနဲ့ လက်ရှိချန်ပီယံ မန်စီးတီးအသင်းတို့ပွဲစဉ်မှာ မန်စီးတီးအသင်းက နယူးကာဆယ်အသင်းကို သုံးဂိုး-နှစ်ဂိုးနဲ့ အနိုင်ရရှိခဲ့တာကြောင့် မန်စီးတီးအသင်းဟာ ပရီမီယာလိဂ် အမှတ်ပေးဇယားထိပ်ဆုံးမှာ ရပ်တည်နေတဲ့ လီဗာပူးအသင်းကို ဖိအားပေးနိုင်ခဲ့ပြီ ဖြစ်ပါတယ်။

**ဦးဆောင်ဂိုးစတင်ရရှိ**

နယူးကာဆယ်အသင်းနဲ့ မန်စီးတီးအသင်းတို့ပွဲစဉ်မှာ မန်စီးတီးအသင်းဟာ ပွဲကစားချိန် ၂၆ မိနစ်မှာ ရရှိခဲ့တဲ့ ဘာနာဒိုဆေးလ်ဗားရဲ့ သွင်းဂိုးနဲ့ ဦးဆောင်ဂိုးစတင်ရရှိခဲ့ပေမယ့် အိမ်ရှင်နယူးကာဆယ်အသင်းက ပွဲကစားချိန် ၃၅ မိနစ်မှာ အီဆက်ရဲ့သွင်းဂိုး၊ ၃၇ မိနစ်မှာ ဂျော်ဒန်ရဲ့ သွင်းဂိုးတွေ ဆက်တိုက်ရရှိခဲ့လို့ နယူးကာဆယ်အသင်းဟာ မန်စီးတီးအသင်းကို နှစ်ဂိုး-တစ်ဂိုးနဲ့ ဦးဆောင်ခွင့်ရရှိခဲ့ပါတယ်။

ဒါပေမဲ့ မန်စီးတီးအသင်းအတွက် အနိုင်သုံးမှတ်ရရှိစေမယ့်အခွင့်အရေးတစ်ရပ်ကို ဖန်တီးပေးနိုင်ခဲ့သူကတော့ ဒီဘရိုင်းလို့ပဲဆိုရမှာ ဖြစ်ပါတယ်။ ဒီဘရိုင်းဟာ ပွဲကစားချိန် ၆၉ မိနစ်မှာ ဘာနာဒိုဆေးလ်ဗားရဲ့ နေရာကို လူစားဝင်ကစားသမားအဖြစ် ဝင်ရောက်ခဲ့ပြီးနောက် ၇၄ မိနစ်မှာ သွင်းဂိုး တစ်ဂိုးနဲ့ သာမန်ပွဲကစားချိန်အပြီး နာကျင်အချိန်ပို တစ်မိနစ်မှာ ဘော့ဘ်သွင်းယူခဲ့တဲ့ သွင်းဂိုးကိုလည်း ဖန်တီးပေးနိုင်ခဲ့သူလည်းဖြစ်ပါတယ်။

**မှတ်တမ်းဝင်**

ဒီဘရိုင်းဟာ အခုပွဲစဉ်မှာ သွင်းဂိုး တစ်ဂိုးနဲ့ ဂိုးဖန်တီးမှုတစ်ကြိမ် ပြုလုပ်နိုင်ခဲ့တာကြောင့် ၂၀၁၄ ခုနှစ် ဇန်နဝါရီလက ကာဒစ်အသင်းနဲ့ မန်စီးတီးအသင်းတို့ပွဲစဉ်မှာ သွင်းဂိုး တစ်ဂိုးနဲ့ ဂိုးဖန်တီးမှုတစ်ကြိမ်ပြုလုပ်ထားနိုင်ခဲ့တဲ့ လူစားဝင်ကစားသမားအဖြစ် ပါဝင်ကစားခဲ့ရတဲ့ တိုက်စစ်မှူး အဂူရိုနောက်ပိုင်း ပရီမီယာလိဂ်ပြိုင်ပွဲမှာ သွင်းဂိုး တစ်ဂိုးနဲ့ ဂိုးဖန်တီးမှုတစ်ကြိမ် ပြုလုပ်နိုင်ခဲ့တဲ့ ပထမဆုံး မန်စီးတီးကစားသမားအဖြစ်လည်း မှတ်တမ်းဝင်ခဲ့တာဖြစ်ပါတယ်။

အသက် ၃၂ နှစ်အရွယ်ရှိ ဒီဘရိုင်းဟာ တံကောက်ကြောဒဏ်ရာကြောင့် ၂၀၂၃ ခုနှစ် ဩဂုတ်လအတွင်းက ဘန်လေအသင်းနဲ့ပွဲစဉ်ကတည်းက မန်စီးတီးအသင်းနဲ့အတူ ပွဲထွက်ခွင့်ဆုံးရှုံးခဲ့ရသူဖြစ်ပါတယ်။

လက်ရှိအချိန်မှာ ဒီဘရိုင်းပါဝင်လာမှုနဲ့အတူ မန်စီးတီးအသင်းဟာ နယူးကာဆယ်အသင်းကို အနိုင်ရရှိခဲ့တာကြောင့် ပရီမီယာလိဂ် အမှတ်ပေးဇယားထိပ်ဆုံးက ရပ်တည်နေတဲ့ လီဗာပူးအသင်းနဲ့ နှစ်မှတ်အကွာ အမှတ်ပေးဇယားအဆင့်(၂)နေရာကို တက်လှမ်းခွင့်ရရှိခဲ့ပြီဖြစ်ပါတယ်။

# ဘန်လေအသင်းက ချယ်လ်ဆီးတိုက်စစ်မှူး ဖိုဖာနာအား အငှားစာချုပ်ဖြင့်ခေါ်ယူ



ဘန်လေအသင်းဟာ ချယ်လ်ဆီးအသင်းမှ အိုင်ဗရီကို့စ်တိုက်စစ်မှူး ဖိုဖာနာကို ယခုဘောလုံးရာသီကုန်ချိန်အထိ အငှားစာချုပ်ဖြင့် ခေါ်ယူလိုက်ပြီဖြစ်ပါတယ်။

တိုက်စစ်မှူး ဖိုဖာနာဟာ ၂၀၂၃ ခုနှစ် ဇန်နဝါရီအပြောင်းအရွှေ့ကာလအတွင်းက နော်ဝေကလပ် မိုလ်ဒီအသင်းကနေ ခြောက်နှစ်သက်တမ်းရှိ စာချုပ်တစ်ရပ်ချုပ်ဆိုကာ စတမ်းဖို့ဒ်ဘရစ်ချ်ကို ပြောင်းရွှေ့လာခဲ့သူလည်း ဖြစ်ပါတယ်။

**အငှားစာချုပ်နဲ့ သွားရောက်ကစား**

ဖိုဖာနာဟာ ယခုဘောလုံးရာသီရဲ့ ပထမရာသီဝက်မှာ ဂျာမန်ဘွန်ဒက်လီဂါကလပ် ယူနီယံဘာလင်အသင်းမှာ အငှားစာချုပ်နဲ့ သွားရောက်ကစားခဲ့သူဖြစ်ပြီး ဘာနေဗျူးမှာ ရီးယဲလ်မက်ဒရစ်အသင်းနဲ့ ယှဉ်ပြိုင်ကစားခဲ့တဲ့ ချန်ပီယံလိဂ်ပွဲစဉ်အပါအဝင် ယူနီယံဘာလင်အသင်းအတွက် ပွဲစဉ်စုစုပေါင်း ၁၇ ပွဲအထိ ပါဝင်ကစားပေးထားသူဖြစ်ပါတယ်။

လက်ရှိအချိန်မှာ ဘန်လေအသင်းက အငှားစာချုပ်နဲ့ ခေါ်ယူလိုက်ပြီဖြစ်တာကြောင့် ဘန်လေအသင်းနည်းပြ ကွန်ပနီနဲ့အတူ ဘန်လေအသင်းမှာ ပါဝင်ကစားခွင့်ရရှိတော့မှာဖြစ်တဲ့အတွက် ပျော်ရွှင်မိကြောင်းနဲ့ ဘန်လေအသင်းဟာ သူ့အတွက် အကောင်းဆုံးအသင်းဖြစ်လာမယ်လို့လည်း ယုံကြည်ထားတယ်လို့ ဖိုဖာနာက ပြောကြားခဲ့ပါတယ်။

## ဘောလုံးလောက သတင်းတိုများ

- ❂ အေဂျက်အသင်းဟာ ဆော်ဒီပရိုလိဂ်ကလပ် အယ်လ်အက်တီဖက်အသင်းမှ အင်္ဂလန်ကွင်းလယ်ကစားသမား ဂျော်ဒန်ဟန်ဒါဆန်အား အငှားစာချုပ်ဖြင့် ခေါ်ယူရန် နီးစပ်နေပြီဖြစ်တယ်လို့ သိရပါတယ်။
- ❂ ချယ်လ်ဆီးအသင်းနဲ့ လီဗာပူးအသင်းတို့ဟာ နယူးကာဆယ်အသင်းမှ အသက် ၂၆ နှစ်အရွယ်ရှိ ဘရာဇီးကွင်းလယ်ကစားသမား ဂွီမာရေ့စ်အား စာချုပ်ချုပ်ဆိုခေါ်ယူရန် ပစ်မှတ်ထားလျက်ရှိတယ်လို့ သိရပါတယ်။
- ❂ ခရစ္စတယ်ပဲလေ့စ်အသင်းဟာ ဂျန့်စ်အသင်းမှ အသက် ၂၇ နှစ်အရွယ်ရှိ ကိုလံဘီယာနောက်တန်းကစားသမား ဒန်နီယယ်မူနော့ဇ်ကို ပြောင်းရွှေ့ကြေးပေါင် ၁၀ သန်းဖြင့် ခေါ်ယူရန် မျှော်လင့်လျက်ရှိတယ်လို့ သိရပါတယ်။
- ❂ ဘရန်းဖို့ဒ်အသင်းဟာ စပါးအသင်းမှ အသက် ၂၇ နှစ်အရွယ်ရှိ စပိန်နောက်တန်းကစားသမား ရီဂူလင်ရဲ့ အပြောင်းအရွှေ့ကိစ္စနဲ့ စပ်လျဉ်း၍ ဆွေးနွေးမှုတွေ ပြုလုပ်လျက်ရှိတယ်လို့ သိရပါတယ်။
- ❂ လက်စတာစီးတီးအသင်းဟာ အင်တာမီလန်အသင်းမှ အီတလီကွင်းလယ်ကစားသမား စတီဖာနိုဆန်စီအား စာချုပ်ချုပ်ဆိုခေါ်ယူရန် ပြင်ဆင်လျက်ရှိတယ်လို့ သိရပါတယ်။

ကြေးမုံသတင်းစာ စာဖတ်ပရိသတ်များ စာပေရသစုံ ခံစားဖတ်ရှုနိုင်ရန်အတွက် အခန်းဆက်ဝတ္ထုရှည်ကဏ္ဍကို ဖော်ပြပေးလျက်ရှိရာ စာရေးဆရာ မောင်မောင်ဖြူ၏ "နွေဦးကာလ မြူထသောခါ" အခန်းဆက်ဝတ္ထုရှည်ကို အပတ်စဉ် တနင်္လာနေ့၊ ဗုဒ္ဓဟူးနေ့နှင့် သောကြာနေ့တို့တွင် ဖော်ပြပေးသွားမည် ဖြစ်ပါသည်။




၁၂-၁-၂၀၂၄ ရက်မှအဆက်

ထိုစဉ်ကအဖြစ်အပျက်မှာ သူ၏အချစ်ဆုံး တူမတစ်ယောက်သည် မန်ကျည်းပင်ပေါ်မှ မန်ကျည်းရွက်နုခူးရင်း လိမ့်ကျကာ ပွဲချင်းပြီးသေဆုံးသွားရာ ယူကျုံးမရဖြစ်သွားပြီး စိတ်ထိခိုက်သွားတော့ကာ ချောင်းဆိုးရင်ကျပ်ရောဂါလည်း ချက်ချင်းဝင်လာတော့လျက် လူမမာကြီးလုံးလုံးဖြစ်သွားတော့သည်။ ဆေးပင် မနည်းကုယူလိုက်ရသည့်အခြေအနေသို့ ရောက်ခဲ့သည်။

နောက်တစ်ကြိမ်မှာကား ဦးဖိုးခတို့ အဖမ်းခံရစဉ်ကဖြစ်သည်။ သို့သော် ဦးဖိုးခမှာ ခဏနှင့် ပြန်လွတ်လာ၍ ခဏနှင့်ပင် သူ့ရောဂါမှာ ပြန်လည်ငြိမ်သက်ခဲ့၏။

ယခုတစ်ကြိမ်တော့မူ ခဏနှင့်မှ သက်သာပါမည်လား၊ အခြေအနေဆိုး၍ ဆေးများကုနေရဦးမည်လား။ ဆေးကုနေရရုံနှင့်ဆိုလျှင် တော်ပါသေး၏။

အကယ်၍များ ...။

ကိုအေးဆွေမှာ ရှေ့ဆက်၍ မစဉ်းစားဝံ့တော့။

[ ၄၇ ]

"ကိုရင်ရယ်၊ ဟုတ်ရင်လည်း ဟုတ်တယ်လို့ ပြောလိုက်စမ်းပါလားဟင်"

ပြည်သူ့ရဲတပ်ဖွဲ့စခန်းသို့လာရောက်တွေ့ဆုံသော ထွေးရီက ကိုအေးဆွေအား တွေ့လျှင်တွေ့ချင်း အစ်ထုတ်လိုက်၏။

"အို၊ ဒီကောင်မလေးကလည်း ဘာတွေများ လျှောက်ပြောနေရတာလဲ"

ထွေးရီ၏ စွပ်စွဲပြောဆိုလိုက်ခြင်းကို ကိုအေးဆွေက ခပ်ဆတ်ဆတ်ကလေး အော်ငေါက်၍ ဟန့်တားလိုက်သည်။

"မဟုတ်ပါဘူးကိုရင်ရဲ့။ ကိုရင်ဟာ မမဌေးကို တကယ်ပဲချစ်လို့ ခိုးပြီးဖွက်ထားတယ်ဆိုရင်လည်း ကျွန်မတို့တော့ သဘောတူပါတယ်ကိုရင်ရယ်"

"ရော၊ ခက်ချေပြီ"

ဤသို့ပင် ကိုအေးဆွေက သူ့စိတ်တွင်းမှနေ၍ ရေရွတ်လိုက်မိ၏။ ထွေးရီ၏ နောက်ဆုံးပြောလိုက်သော "ကျွန်မတို့တော့ သဘောတူပါတယ် ကိုရင်ရယ်" ဟူသော တုန်တုန်ယင်ယင် အသံကလေးကြောင့်လည်း သူ့မျက်နှာကလေးကို ဆတ်ခနဲ ကြည့်လိုက်မိသည်။

ထွေးရီ၏ မျက်နှာကလေးသည် ကြေကွဲဝမ်းနည်း၍ စိတ်ထိခိုက်နေသော အသွင်ဆောင်နေသည်။ မျက်လုံးကလေးများမှာလည်း မျက်ရည်စကလေးများ ဝေ့နေရှာသည်။ ကိုအေးဆွေ၏ ကြည့်လိုက်မှုကြောင့်လည်း ထွေးရီသည် သူ့မျက်နှာကလေးကို ချက်ချင်းဆိုသလို ငုံ့ပစ်လိုက်ကာ မျက်လွှာချ၍ ရှိုက်နေသည်။ ထို့ကြောင့်လည်း သူ၏ဖွံ့ဖြိုးမို့မောက်သော ရွှေရင်သည် မသိမသာ လှိုင်းထ၍နေသည်။

ဤအပြုအမူကလေးများကြောင့် ကိုအေးဆွေ၏ စိတ်ထဲတွင် တွေခနဲဖြစ်သွားသည်။ သို့သော် ကြာရှည်စွာ မစဉ်းစားအား။ ထွေးရီနှင့်အတူ အဖော်ပါလာသည့် မအုံးတင်ဘက်သို့ပါ လှည့်ကြည့်လိုက်၏။ မအုံးတင်ကလည်း သူတို့၏စွပ်စွဲချက် ဟုတ်သည်၊ မဟုတ်သည်ကို အကဲခတ်သည့်မျက်လုံးများဖြင့် မိမိအားကြည့်နေသည်ကို တွေ့ရ၏။ ပါးစပ်ကမူ ဘာမျှမပြော။ သို့သော် သူ့အကြည့်အရှုမှာ "ဟုတ်မှာပါပဲကွာ" ဟူသော အနေမျိုးဖြင့် ရဲတင်းစူးရှစွာ ကြည့်လျက်ရှိ၏။ ပြီးမှ သူသည် တစ်ဖက်သို့ အသာလှည့်သွား၏။

"အင်း၊ ခက်ရချည့်"

ကိုအေးဆွေသည် ထပ်ဆင့်၍ပင် သူ့စိတ်ထဲမှ ညည်းလိုက်မိပြန်၏။ ရင်လည်း မောသွားမိ၏။

အဘယ်ကြောင့်ဆိုသော် သည်ကဲ့သို့ တစ်ရေတည်းသောက်ပြီး တစ်အိမ်တည်းလို အတူနေခဲ့ကြသော ထွေးရီနှင့် မအုန်းတင်တို့ကပင် မိမိအား မယုံမကြည်ဖြစ်နေသော အပြုအမူများကို တွေ့နေရပါလျှင် ပြောမနာဆိုမနာ သူငယ်ချင်းပင် ဖြစ်လင့်ကစား အလှမ်းကွာ၍ တစ်နေရာစီနေကြသော လှကြည်လိုကောင်တစ်ယောက်က မိမိအား ယိုးစွပ်နေသည်ကိုတော့ အပြစ်မဆိုသာတော့ချေ။ ထိုထက် ရဲဘက်က အရေးကြီးသော ပြစ်မှုကျူးလွန်သူတစ်ယောက်အနေဖြင့် မိမိကို အရေးယူဖမ်းဆီးချုပ်နှောင်ထားပါသည်ဆိုသော အကြောင်းပြချက်ကိုလည်း ယခုတိုင်းဆိုလျှင်တော့မူ တရားရာရောက်နေပေပြီဟု ဆိုရချိမ့်မည်။

ဘာကြောင့်နည်း။

ကိုအေးဆွေ ဖမ်းဆီးခံရပြီး နောက်တစ်နေ့နံနက်မိုးလင်းသည်ဆိုလျှင်ပင် အဖေဦးဖိုးခနှင့် ဦးစံကျော်၊ ဦးထွန်းဖေတို့အပြင် ဆရာကြီးဦးလှဒင်ပါ ရောက်လာကြကာ ကိုအေးဆွေအတွက် အာမခံဖြင့် ထုတ်ယူရန် ကြိုးပမ်းကြ၏။ သို့သော်လည်း မရချေ။ ကိုအေးဆွေ၏အမှုသည် ရာဇဝတ်ကြောင်းဖြင့် တိုင်ကြားအရေးယူထားခြင်း ခံရသောအမှု ဖြစ်နေသောကြောင့်ဟု ဆိုလေသည်။

၎င်းတို့၏ အကြောင်းပြချက်မှာကား ခင်သန်းဌေးကို ခြိမ်းခြောက်၍ ကားပေါ်သို့ အတင်းဆွဲခေါ်သွားသည်ကို တွေ့မြင်လိုက်ပါလျက် ကိုအေးဆွေလက်ထဲတွင် မတွေ့ရသောအခါ ကိုအေးဆွေအပေါ်တွင် သံသယဖြစ်လာသည်။ ပြန်ပေးဆွဲခြင်းလော၊ လုပ်ကြံသတ်ဖြတ်လိုက်ခြင်းလောဟူသော လောပေါင်းများစွာဖြင့် စဉ်းစားအရေးယူလာသည်။ ထို့ကြောင့်လည်း ကိုအေးဆွေမှာ အရေးကြီးသော ရာဇဝတ်မှုတစ်ခုခုကို ကျူးလွန်ခဲ့သည်ဟူသော ယူဆချက်ဖြင့် အာမခံမပေးနိုင်ဟု ဆိုလာတော့သည်။

ယနေ့ဆိုလျှင် နှစ်ရက်မြောက် နံနက်ပိုင်းသို့ပင် ရောက်ခဲ့ပေပြီ။

ခင်သန်းဌေး၏ သတင်းကလည်း အစပျောက်လျက်ရှိ၏။ ရဲဘက်ကလည်း အပူတပြင်း စုံစမ်းလျက်ရှိ၏။ ထို့အတူ ကိုအေးဆွေ၏ ထိုနေ့က လှုပ်ရှားမှုများကိုလည်း လိုက်လံစုံစမ်းလျက်ရှိ၏။ ဘုံထန်းတောနယ်မြေမှ လူများကိုလည်း သွားရောက်စစ်ဆေးစုံစမ်းကြသည်။ နောက်ဆုံးသတင်းအရ ချောက်မြို့သို့ ရဲဘက်ကလိုက်သွားသည်ဟုပင် ကိုအေးဆွေမှာ လှကြည်ထံမှတစ်ဆင့် ကြားသိလာရသည်။

ဘယ်ကဲ့သို့သတင်းရပြီး မည်ကဲ့သို့ အရေးကြီးသော အချုပ်တရားခံတစ်ယောက်ပင် ဖြစ်လင့်ကစား ထွေးရီတို့နှင့်မူ လွတ်လပ်စွာ တွေ့ဆုံပြောဆိုနိုင်ခွင့် ရခဲ့သည်။ စင်စစ်မှာမူ လှကြည်၏ အကူအညီပေးမှုကြောင့်သာ ပြည်သူ့ရဲတပ်ဖွဲ့စခန်းရုံးအဆောက်အအုံ၏ တစ်နေရာတွင် တွေ့ဆုံနိုင်ခြင်းဖြစ်ပေသည်။ သို့သော် မနီးမဝေးတွင်ကား သေနတ်ကိုင်ရဲတပ်သားတစ်ဦးက မျက်ခြည်မပြတ် စောင့်ကြပ်အကဲခတ်လျက် ရှိလေသည်။

ကိုအေးဆွေအနေဖြင့်ကား မိမိအား မည်ကဲ့သို့ အရေးကြီးသော တရားခံတစ်ယောက်အနေဖြင့် သတ်မှတ်သည်၊ မသတ်မှတ်သည်ကို ဂရုမထားပေ။ တကယ်တမ်း မိမိအရေးထားသည်ကား မိခင်ကြီးအတွက် စိုးရိမ်ပူပန်ရခြင်းပင် ဖြစ်သတည်း။

မနေ့က လိုက်လာကြသော အဖေနှင့် ဦးစံကျော်တို့ကမူ နေကောင်းသွားပါပြီ၊ သက်သာသွားပါပြီဟု ဆိုကြ၏။ သို့တစေ သူတို့၏ပြောဟန်က ဟက်ဟက်ပက်ပက် မရှိလှ။ ထို့ကြောင့်လည်း မိခင်ကြီးအတွက် ပူပင်ရသော သောကစိတ်တို့မှာ ယခုထိ ဘဝင်မကျနိုင်သေးဘဲ တအုံနွေးနွေးနှင့် ဖြစ်နေရသည်။

"အမေ နေကောင်းတယ် မဟုတ်လားဟင်၊ ထွေးရီ"

အတန်ကြာ ငိုင်၍စဉ်းစားနေမိသော ကိုအေးဆွေမှာ မိခင်ကြီးအတွက် ပူပင်စိတ်တို့က ရုတ်တရက် ပြေးဝင်လာသဖြင့် စကားလမ်းကြောင်းပြောင်းပြီး ထွေးရီအား မေးလိုက်သည်။

ထွေးရီကမူ ကိုအေးဆွေ၏အမေးကို မည်သို့မျှ ရုတ်တရက် ပြန်မဖြေပေ။ ခေါင်းငုံ့၍ မျက်လွှာချမြဲသာ ချ၍နေသည်။ ထို့အတူ မအုန်းတင်ကလည်း ဘာမျှမပြောသည့်ပြင် လှည့်၍ကြည့်ဖော်ပင် မရပေ။ တစ်ဖက်သို့ လှည့်မြဲသာ လှည့်နေသည်။ သူတို့မျက်နှာများကလည်း ရွှင်လန်းခြင်းမရှိလှ။ အမူအရာပျက်နေကြသည်။

မလှုပ်မယှက်သော ဤအပြုအမူတို့ကြောင့် ကိုအေးဆွေမှာ ထိတ်ခနဲ ဖြစ်သွား၏။ သံသယစိတ်နှင့်အတူ စိုးရိမ်ပူပန်သောစိတ်တို့ကလည်း အရှိန်ပြင်းစွာ ဖြစ်ပေါ်လာ၏။

"ပြောစမ်းပါဟယ် နင်ကလဲ၊ ငါ ရင်ထိတ်လွန်းလို့ပါ"

မေးမည့်သာ မေးနေရသည်။ အမေသာ နေကောင်းမည်ဆိုပါလျှင် သူတို့နှင့် တစ်ပါတည်း ပါလာမည်မှာ အမှန်ဖြစ်သည်။ ယခုလို အမေကိုယ်တိုင် ပါမလာပုံထောက်လျှင်ကေန္တအမေတော့ တော်တော်များ အခြေအနေဆိုးနေလေသလား။ ဒါမှမဟုတ် ထွေးရီကပဲ မိမိအပေါ် စောစောကအော်ငေါက်လိုက်၍ စိတ်ကောက်ပြီး စကားပြန်မပြောဘဲနေလေရော့သလား။ ထွေးရီက စိတ်ကောက်နေ၍ မပြောဘဲနေချင်ဦးတော့၊ မအုန်းတင်ကတော့ အကျိုးအကြောင်း ပြောဖို့ကောင်းသည်။ ယခုတော့ သူတို့နှစ်ယောက်လုံးသည် ဘယ်သူကမှ စကားပြန်မပြောသည့်ပြင် သူတို့မျက်နှာများကလည်း ဘယ်သူမှ မကောင်းကြ၊ မျက်နှာပျက်နေကြသည်။ သိပ်များဆိုးနေလေသလား။

"အမေ တော်တော်ဆိုးနေပြီပေါ့ဟင်။ ဟုတ်သလားထွေးရီ၊ ပြောစမ်းပါဟယ်"

အလောသုံးဆယ်ဝင်လာသော ပူပင်စိတ်သောကဖြင့် ကိုအေးဆွေက အတန်တန်မေးနေပါသော်လည်း ထွေးရီကမူ ယခုထိ မည်သို့မျှ ပြန်မဖြေပေ။ သို့သော် ငုံ့နေသည့် မျက်လုံးများမှ မျက်ရည်များသည် တပေါက်ပေါက် ကျလာသည်။ ထို့နောက် တစ်ကိုယ်လုံး သိမ့်သိမ့်ခါအောင် ရှိုက်လိုက်သည်။ သုံးလေးချက်ရှိုက်လိုက်ပြီးလျှင် ထွေးရီသည် အနည်းငယ်မော့လာပြီး မျက်လွှာပင့်၍ ကိုအေးဆွေကို ကြည့်လိုက်၏။ အလို၊ ငိုလို့ပါလား။

"ဟင်၊ အမေ၊ အမေ၊ အမေ..."

ရုတ်တရက် လွန်မင်းစွာ စိုးရိမ်စိတ်ဝင်လာသော ကိုအေးဆွေမှာ ရှေ့ဆက်၍ စကားမဆိုဝံ့တော့။ အလွန် တုန်လှုပ်ချောက်ချားသွား၏။ အသည်းထိတ်၍ ရင်လည်းခုန်သွားတော့၏။ ထိုသိလိုသော စကားကိုပင် မကြားဝံ့တော့ပြီ။

"ကို၊ ကိုရင်တို့သာ"

ထွေးရီ၏အသံက တစ်ဆို့စွာဖြင့် ဆို့ဆို့နစ်နစ် ထွက်လာသည်။ သို့သော် သူ့အသံက ဤတွင် ချက်ချင်းမြုပ်ဝင်သွားကာ သူ့မျက်နှာလေးကို လက်ဝါးနှစ်ဖက်ဖြင့်အုပ်ကာ ရှိုက်ငိုချလိုက်သည်။ ငိုကြွေးသံက တအစ်အစ်ထွက်လာသည်။

ကိုအေးဆွေမှာ ထွေးရီ၏ ထူးခြားလှသော ဤအပြုအမူလေးကြောင့် နားမလည်နိုင်လောက်အောင် ခေါင်းရှုပ်သွား၏။ သူ၏တုံ့ပြန်သံကလည်း "ကိုရင်တို့သာ" တဲ့။ ဘာကိုဆိုလိုသနည်း။ ဤသည်ကို ကိုအေးဆွေက အပြေးအလွှား စဉ်းစားနေမိ၏။ နောက်ပြီး သူ၏တုံ့ပြန်သံမှာလည်း မအီမချင့်သံပါနေ၏။

"ပျော် ပျော် ပျော်နေ။ ဟို ဟိုမှာတော့ ..."

ထွေးရီ၏ ဒုတိယအကြိမ် ဆက်လက်တုံ့ပြန်သံက ရှိုက်သံဖြင့်ရောထွေး၍ အထစ်ထစ် အငေါ့ငေါ့ ဖြစ်လာပြန်သည်။ ဒါတွင်မက ထွေ့သံ ငေါ့သံနှော၍ မကျေနပ်သံလည်းပါ၏။

**ဆက်လက်ဖော်ပြပါမည်။**

ဆရာမောင်မောင်ဖြူ၏ "နွေဦးကာလ မြူထသောခါ" စာအုပ်အား စာရေးသူ၏ မိသားစု ခွင့်ပြုချက်ဖြင့် ကူးယူဖော်ပြခြင်းဖြစ်ပါသည်။

**စာတည်း**

**"ကိုအေးဆွေဖမ်းဆီးခံရပြီး နောက်တစ်နေ့နံနက် မိုးလင်းသည်ဆိုလျှင်ပင် အဖေဦးဖိုးခနှင့် ဦးစံကျော်၊ ဦးထွန်းဖေတို့အပြင် ဆရာကြီးဦးလှဒင်ပါ ရောက်လာကြကာ ကိုအေးဆွေအတွက် အာမခံဖြင့်ထုတ်ယူရန် ကြိုးပမ်းကြ၏။ သို့သော်လည်း မရချေ။ ကိုအေးဆွေ၏အမှုသည် ရာဇဝတ်ကြောင်းဖြင့် တိုင်ကြားအရေးယူထားခြင်းခံရသောအမှု ဖြစ်နေသောကြောင့်ဟု ဆိုလေသည်။ ၎င်းတို့၏ အကြောင်းပြချက်မှာကား ခင်သန်းဌေးကိုခြိမ်းခြောက်၍ ကားပေါ်သို့ အတင်းဆွဲခေါ်သွားသည်ကို တွေ့မြင်လိုက်ပါလျက် ကိုအေးဆွေလက်ထဲတွင် မတွေ့ရသောအခါ ကိုအေးဆွေအပေါ်တွင် သံသယဖြစ်လာသည်။ ပြန်ပေးဆွဲခြင်းလော၊ လုပ်ကြံသတ်ဖြတ်လိုက်ခြင်းလောဟူသော . . ."**

# အောင်လံမြို့၌ နံ့ဇူပင် လျှပ်စစ်မြစ်ရေတင်လုပ်ငန်းတွင် 122kW ဆိုလာဓာတ်အားပေးစနစ် တွဲဖက်တပ်ဆင်ခြင်းဖွင့်ပွဲ ကျင်းပ



**အောင်လံ ဇန်နဝါရီ ၁၄**

မကွေးတိုင်းဒေသကြီး အောင်လံမြို့၌ နံ့ဇူပင် လျှစ်စစ်မြစ်ရေတင်လုပ်ငန်းတွင် 122kW ဆိုလာဓာတ်အားပေးစနစ် တွဲဖက်တပ်ဆင်ခြင်းဖွင့်ပွဲ အခမ်းအနားကို ယမန်နေ့ မွန်းလွဲ ၂ နာရီက နံ့ဇူပင်လျှပ်စစ်မြစ်ရေတင်ကွင်းတွင် ကျင်းပသည်။

**တက်ရောက်**

အခမ်းအနားသို့ မကွေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင့်လွင်နှင့် တိုင်းဒေသကြီးဝန်ကြီးများ၊ တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ်အဆင့် တာဝန်ရှိသူများ၊ ဒေသခံတောင်သူများ တက်ရောက်ခဲ့ကြသည်။ ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင့်လွင်၊ တိုင်းဒေသကြီး စီးပွားရေးဝန်ကြီး ဦးအောင်ချိန်၊ တိုင်းဒေသကြီး သယံဇာတရေးရာ ဝန်ကြီး ဦးစိုင်းမြင့်အေး၊ တိုင်းဒေသကြီး စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးထင်အောင်၊ တိုင်းဒေသကြီး လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ရဲမှူးကြီး လင်းထွဋ်နှင့် အောင်လံခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ ဦးမြင့်သန်းတို့က နံ့ဇူပင် ဆိုလာလျှပ်စစ် မြစ်ရေတင်လုပ်ငန်းမှဲ့ဦးအား ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့သည်။

ဆက်လက်၍ ဆိုလာစနစ်တပ်ဆင်ခြင်း လုပ်ငန်းကို ကြည့်ရှုစစ်ဆေးပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်က တက်ရောက်လာသော တောင်သူများအား အဖွင့်အမှာစကားပြောကြားရာ တောင်သူများသို့ ဗီယက်နမ်နိုင်ငံထုတ် မျိုးစေ့ချကိရိယာများ လွှဲပြောင်းပေးအပ်ခဲ့ကာ ဒေသခံတောင်သူများကိုယ်စား တောင်သူတစ်ဦးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားခဲ့ကြောင်း သိရသည်။

ယင်းနောက် မြန်မာ့စီးပွားရေးကော်ပိုရေးရှင်း သကြားစက်ရုံ (ဒုရင်ဗိုလ်)သို့ သွားရောက်၍ သကြား ထုတ်လုပ်နေမှုကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားခဲ့ပြီး အမှတ်(၃) ဓာတ်မြေဩဇာစက်ရုံ (ကျော်စွာ)သို့ သွားရောက်ပြီး တိုင်းဒေသကြီး ဝန်ကြီးချုပ်က အမှာစကား ပြောကြားပြီး စက်ရုံဝန်ထမ်းများအတွက် ဂုဏ်ပြုပန်းခြင်းပေးအပ်ကာ စက်ရုံအတွင်းသို့ ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

# ၂၀၂၃-၂၀၂၄ ပညာသင်နှစ် တက္ကသိုလ်ပေါင်းစုံ အားကစားပြိုင်ပွဲ ဆဋ္ဌမနေ့ပွဲစဉ်များ ဆက်လက်ကျင်းပ

**နေပြည်တော် ဇန်နဝါရီ ၁၄**

ပညာရေးဝန်ကြီးဌာန အဆင့်မြင့်ပညာဦးစီးဌာန ၂၀၂၃-၂၀၂၄ ပညာသင်နှစ် တက္ကသိုလ်ပေါင်းစုံ အားကစားပြိုင်ပွဲကို ဇန်နဝါရီ ၉ ရက်မှ ၁၈ ရက်အထိ နေပြည်တော်ရှိဝဏ္ဏသိဒ္ဓိအားကစားကွင်း၊ အားကစားရုံတို့၌ ကျင်းပလျက်ရှိရာ ယနေ့နံနက်ပိုင်းမှစတင်ပြီး ဆဋ္ဌမနေ့ပွဲစဉ်များအဖြစ် သက်ဆိုင်ရာအားကစားနည်းများအလိုက် ယှဉ်ပြိုင်ကစားကြသည်။

**ကြည့်ရှုအားပေး**



အဆိုပါ အားကစားနည်းအလိုက် ယှဉ်ပြိုင်နေမှုများကို ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာဇော်မြင့်၊ ပညာရေးဝန်ကြီးဌာနရှိ ဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များ၊ တက္ကသိုလ်ပါမောက္ခချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများ၊ ပြိုင်ပွဲဝင်အသင်းများ၊ အုပ်ချုပ်သူ၊ နည်းပြများနှင့် တက္ကသိုလ်ကျောင်းသားကျောင်းသူများ လာရောက်ကြည့်ရှု အားပေးကြသည်။

ဝဏ္ဏသိဒ္ဓိအားကစားကွင်းရှိ လက်ဝှေ့ရုံတွင် နံနက်ပိုင်းမှစ၍ တက္ကသိုလ်ပေါင်းစုံ အမျိုးသား သုံးယောက်တွဲ ပိုက်ကျော်ခြင်း ပြိုင်ပွဲများကို ဆက်လက်ကျင်းပပြီး အမျိုးသား ဘောလုံးပြိုင်ပွဲကို ညနေပိုင်းတွင် ဝဏ္ဏသိဒ္ဓိအားကစားကွင်းရှိ လေ့ကျင့်ရေးကွင်းအမှတ်(၃)၌ ဒဂုံဇုန်အသင်းနှင့် တောင်ကြီးဇုန်အသင်း၊ လေ့ကျင့်ရေးကွင်း အမှတ်(၁)တွင် မော်လမြိုင်ဇုန်အသင်းနှင့် ရန်ကုန်ဇုန်အသင်းတို့ ယှဉ်ပြိုင်ကစားကြရာ ဒဂုံဇုန်အသင်းက တောင်ကြီးဇုန်အသင်းကို နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိပြီး မော်လမြိုင်ဇုန်အသင်းနှင့် ရန်ကုန်ဇုန်အသင်းတို့သည် တစ်ဖက်တစ်ဂိုးစီဖြင့် သရေကျခဲ့သည်။

တက္ကသိုလ်ပေါင်းစုံ အမျိုးသား၊ အမျိုးသမီး ဘော်လီဘောပြိုင်ပွဲများကို ယနေ့နံနက်ပိုင်းတွင် ဝဏ္ဏသိဒ္ဓိအားကစားကွင်း(C)ရုံတွင် လည်းကောင်း၊ အမျိုးသား၊ အမျိုးသမီး စားပွဲတင်တင်းနစ်ပြိုင်ပွဲများကို ဝဏ္ဏသိဒ္ဓိအားကစားကွင်း(B)ရုံတွင် လည်းကောင်း ယှဉ်ပြိုင်ကစားခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

# မြန်မာ-ထိုင်း မြန်မာ့ရိုးရာလက်ဝှေ့စိန်ခေါ်ပွဲတွင် မြန်မာလက်ဝှေ့သမားများက ထိုင်းကစားသမားများကို အလဲထိုးဖြင့်အနိုင်ရ

**ရန်ကုန် ဇန်နဝါရီ ၁၄**

အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန မြန်မာနိုင်ငံရိုးရာလက်ဝှေ့အဖွဲ့ချုပ်က ကြီးမှူးပြီး GREAT CAIRO CLUB စီစဉ်သော GCC FIGHT ONE မှ မြန်မာ-ထိုင်း မြန်မာ့ရိုးရာလက်ဝှေ့စိန်ခေါ်ပွဲကို ရန်ကုန်မြို့ မင်္ဂလာတောင်ညွန့်မြို့နယ်ရှိ သိမ်ဖြူလက်ဝှေ့ရုံ၌ ယနေ့မွန်းလွဲပိုင်းက ကျင်းပရာ မြန်မာကစားသမားများဖြစ်ကြသည့် ထွန်းမင်းအောင်နှင့် သန့်ဇင်တို့က ထိုင်းကစားသမားများကို အလဲထိုးဖြင့် အနိုင်ရရှိခဲ့သည်။




မြန်မာ- ထိုင်း ရိုးရာလက်ဝှေ့ ငါးချီစိန်ခေါ်ပွဲတွင် ထွန်းမင်းအောင် (မြန်မာ)နှင့် Rachvieha (ခ) ပီသက်(ထိုင်း)တို့ပွဲစဉ်၌ စတုတ္ထအချီတွင် ထွန်းမင်းအောင်၏ ခြေကန်ချက်၊ လက်သီးတွဲလုံးများကြောင့် ပီသက် အနားတောင်းခဲ့ရပြီး ဆက်လက်ယှဉ်ပြိုင်ထိုးသတ်ရာ ပဉ္စမအချီ ၁ မိနစ် ၁၆ စက္ကန့်တွင် ထွန်းမင်းအောင်၏ တရစပ်လက်သီးထိုးချက်များ၊ ခြေကန်ချက်များကြောင့် ပီသက် အမှတ်စဉ်ရေတွက်ခံရကာ ဆက်လက်ယှဉ်ပြိုင်နိုင်ခြင်းမရှိသဖြင့် ထွန်းမင်းအောင်က အနိုင်ရရှိခဲ့သည်။

နောက်တစ်ပွဲဖြစ်သည့် သန့်ဇင် (ခ)ရှောင်လေး(မြန်မာ) နှင့် Ritksew (ခ) အနွှန်(ထိုင်း)တို့ ပြိုင်ပွဲ ပထမအချီမှာပင် သန့်ဇင်က တရစပ်လက်သီး၊ ခေါင်းတိုက်ချက်များဖြင့် အလဲထိုးအနိုင်ရရှိခဲ့သည်။

ထို့အတူ ပြည်တွင်းလေးချီ စိန်ခေါ်ပွဲများကို ဆက်လက် ယှဉ်ပြိုင်ထိုးသတ်ရာ စောအာကာ (လုံးချော)နှင့် ညီရဲခန့်(YFC) သရေကျခဲ့ပြီး မောင်ဇော်(ဟံသာဝတီ)က အားမာန်(Top အကယ်ဒမီ)ကို ပထမအချီတွင် အလဲထိုးအနိုင်ရခဲ့သည်။

ထို့ပြင် သုံးချီစိန်ခေါ်ပွဲများတွင် ထက်လင်း(တော်ဝင်ရှော)က ရဲမင်းခန့်(ရန်ကြီးအောင်)ကို ပထမအချီတွင် အနိုင်ရရှိခဲ့ပြီး ထက်မြက် (တော်ဝင်ရှော) နှင့် မြင့်မြတ်ဟိန်း (လုံးချော)၊ ကောင်းထက်(လုံးချော) နှင့် အောင်ကိုလတ်(Ray)၊ သီဟ (ရာဇဓာရာဇ်)နှင့် လွင်ထက်(ရန်ကြီးအောင်)၊ ရှုမဝ(မွန်ပြည်နယ်)နှင့် ကျန်စစ်အောင် (လက်ဝှေ့ဝါရီယာ)တို့ပွဲစဉ်များမှာ ပရိသတ်အကြိုက်ပွဲကောင်းများ ဖြစ်ခဲ့သော်လည်း ပူးတွဲသရေရလဒ်သာ ထွက်ပေါ်ခဲ့ကြသည်။

လေးချီ စိန်ခေါ်ပွဲများတွင် စောအာကာ(လုံးချော)နှင့် ညီရဲခန့်(YFC)တို့ သရေကျခဲ့ပြီး မောင်ဇော်(ဟံသာဝတီ)က အားမာန်(Topအကယ်ဒမီ)ကို ပထမအချီတွင် အလဲထိုးဖြင့် အနိုင်ရရှိခဲ့ကြောင်း သိရသည်။ **လင်းရာမ**

❂ **ကျောဖုံးမှ**

စက်ဘီးပြိုင်ပွဲဝင်များသည် ၂၆ ကီလိုမီတာ ကန်တော်ကြီး ကန်ပတ်လမ်းကို ခြောက်ပတ်ယှဉ်ပြိုင်ကြပြီး ပထမ၊ ဒုတိယ၊ တတိယနှင့် ပန်းဝင်ကြသော စက်ဘီးအားကစားသမားများကို ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ်၊ တိုင်းဒေသကြီးဝန်ကြီးများနှင့် တာဝန်ရှိသူများက ဆုများချီးမြှင့်ခဲ့ကြသည်။ ယင်းပြိုင်ပွဲတွင် စက်ဘီးအားကစားသမား ၂၄၀ ကျော် ပါဝင်ယှဉ်ပြိုင်ခဲ့ကြကြောင်း သိရသည်။ **ကိုထက်**

■ **UFC မှ**

ဂျိုရှုအာဗန်သည် ဒုတိယအချီတွင် ပြိုင်ဘက်ကစားသမား သက်လုံကျသွားသည်ကို အခွင့်ကောင်းယူကာ ပွဲသိမ်းနိုင်ရန် ကြိုးပမ်းခဲ့ပြီး လက်သီးချက်များကြောင့် ဖိလစ်ပိဘူနက်စ် အထိနာကာ ဒုတိယအချီ ၄ မိနစ် ၃၀ စက္ကန့်တွင် ဒိုင်ပွဲရပ်ဖြင့် အနိုင်ရခဲ့သည်။ ၂၀၂၃ ခုနှစ်တွင် UFC နှင့်လက်တွဲခဲ့သည့် ဂျိုရှုအာဗန်သည် သုံးပွဲစလုံး အနိုင်ရထားသည်။ ထို့ပြင် ဂျိုရှုအာဗန်သည် ပရော်ဖက်ရှင်နယ် MMA ကစားသမားဘဝ ၁၀ ပွဲမြောက်နိုင်ပွဲလည်း ဖြစ်ခဲ့သည်။ **ကိုညီလေး**

❍ **MFF မှ**

ပွဲစဉ်(၉)တွင် VUC အသင်းက Generations အသင်းကို ခြောက်ဂိုး-ဂိုးမရှိ၊ Winner Soccer အသင်းက Dream Team အသင်းကို ကိုးဂိုး-လေးဂိုး၊ MIU အသင်းက ဖူဆယ်ချစ်သူအသင်းကို ငါးဂိုး-နှစ်ဂိုး၊ Futsal-19 အသင်းက လင်းလက်အသင်းကို ခြောက်ဂိုး-လေးဂိုးတို့ဖြင့် အနိုင်ရပြီး M2K အသင်းနှင့် လက်ဝဲသုန္ဒရအသင်းတို့ နှစ်ဂိုးစီသရေကျခဲ့သည်။ ပထမအကျော့အပြီးတွင် လက်ရှိချန်ပီယံ VUC အသင်းက ရမှတ် ၂၇ မှတ်ဖြင့် ထိပ်ဆုံးတွင်ဦးဆောင်နေပြီးGenerations အသင်းက ရမှတ် ၂၀၊ MIU အသင်းက ၁၉ မှတ်၊ Winner Soccer အသင်းက ၁၇ မှတ်၊ Futsal-19 အသင်းက ၁၃ မှတ်၊ ဖူဆယ်ချစ်သူအသင်းက ကိုးမှတ်၊ M2K အသင်းက ရှစ်မှတ်၊ လင်းလက်အသင်းက ခုနစ်မှတ်၊ Dream Team အသင်းက ခြောက်မှတ်၊ လက်ဝဲသုန္ဒရအသင်းက လေးမှတ်ရရှိထားသည်။ **သတင်း - ကိုညီလေး၊ ဓာတ်ပုံ - MFF**

အားကစားမြင့်တင် စိတ်လန်းရွှင် ဆန့်ကျင် မူးယစ်ဆေး



## ကျောက်တန်းမြို့နယ်၌ တောင်သူများအား တိုက်ရိုက်မျိုးစေ့ချ ကိရိယာအသုံးပြုခြင်း အကျိုးကျေးဇူး အသိပညာပေး

**ရန်ကုန် ဇန်နဝါရီ ၁၄**

ရန်ကုန်တိုင်းဒေသကြီး ကျောက်တန်းမြို့နယ် ညောင်ဝိုင်းကျေးရွာရှိ တောင်သူ ဦးစန်းလင်း၏ လယ်တွင် Seeder(တိုက်ရိုက်မျိုးစေ့ချကိရိယာ)အသုံးပြုခြင်း အကျိုးကျေးဇူး အသိပညာပေးအခမ်းအနားကို ဇန်နဝါရီ ၁၃ ရက် နံနက်ပိုင်းက ပြုလုပ်ခဲ့သည်။

အခမ်းအနားတွင် ကျောက်တန်းမြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးဘုန်းခန့်အောင်က (တိုက်ရိုက်မျိုးစေ့ချကိရိယာ)ဖြင့် လက်တွေ့အသုံးပြုခြင်းကြောင့် မျိုးစေ့ကုန်ကျမှုသက်သာခြင်း၊ ပင်ကြား၊ ပင်တန်းတို့ကိုအချိန်တိုအတွင်း ညီညာစွာစိုက်ပျိုးနိုင်ခြင်း၊ တမန်းနှိုးရန်လွယ်ကူခြင်း၊ ပင်ပွားကောင်းမွန်ခြင်း၊ အထွက်နှုန်းတိုးခြင်း၊ အချိန်မီ စိုက်ပျိုးရိတ်သိမ်းရန် လွယ်ကူပြီး ဝင်ငွေတိုးခြင်းစသည့်ကောင်းကျိုးများကို ရှင်းလင်းပြောကြားသည်။

ထို့နောက် တက်ရောက်လာကြသည့် စိုက်ပျိုးရေးဌာနမှ တာဝန်ရှိသူများ၊ ပြင်ပပညာရှင်များက ပြန်လည်ဆွေးနွေးကြပြီး ဦးစန်းလင်း၏ လယ်မြေ ၁၀ ဧကအတွင်း Seederအသုံးပြု၍ စိုက်ပျိုးထားသည့် ၁၉ ရက်သား နွေစပါးများကို ကြည့်ရှုလေ့လာခဲ့ကြသည်။

သျှင်ဝင်းသျှင်

## မိုးကောင်းမြို့နယ် ၂၀၂၃-၂၀၂၄ ပညာသင်နှစ် ပညာရေးစုံညီပွဲတော် ကျင်းပ

**မိုးကောင်း ဇန်နဝါရီ ၁၄**

ကချင်ပြည်နယ် မိုးကောင်းမြို့နယ် ၂၀၂၃-၂၀၂၄ ပညာသင်နှစ် ပညာရေးစုံညီပွဲနှင့် ဆုချီးမြှင့်ပွဲကို ဇန်နဝါရီ ၁၄ ရက် နံနက် ၉ နာရီတွင် အထက(၁) မဥ္ဇူသကခန်းမ၌ ကျင်းပသည်။

**ဂုဏ်ပြုဆုများပေးအပ်**

